ထစ်ချုန်း
မိုး



တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၀၃၉]

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် [8-11-2015]

MYANMA ALINN SUNDAY ISSUE


## တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိအောင် ပူးပေါင်းဆောင်ရွက်

မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒအတိုင်း လွတ်လပ်စွာမဲပေးနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်။

(နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုဝင်ဘာလ ၅ ရက်နေ့က မကွေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပြည်သူများနှင့် တွေ့ဆုံမှာကြားမှုမှ ကောက်နုတ်ချက်)




ချင်းပြည်နယ် ဖလမ်းမြို့ပေါ် (၄)ရပ်ကွက်တွင် ခရီးထွက်ခွာရန်ရှိသည့် ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ရမည့်ဝန်ထမ်းများနှင့် မဲဆန္ဒရှင်ပြည်သူများ နိုဝင်ဘာ ၅ရက်က ကြိုတင်မဲပေးနေမှုကို တွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)


**တနင်္ဂနွေ ပတ်စရာများ**

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
မြို့လယ်ကောင်ရဲ့သာသနာ့အလင်း သို့မဟုတ် သက်တမ်းအကြာဆုံး မဟာသိမ်တော်ကြီး
စာ-၁၅

ခရီးသွားဆောင်းပါး
စိမ်းညိုရင့်ရင့် တောင်အဆင့်ဆင့်ဆီသို့
စာ-၁၆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပယ်မဲမဖြစ်အောင် သတိပြုလုပ်ဆောင်

ယနေ့သည်ကား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လာမည့်အစိုးရသစ်တစ်ရပ်အတွက် ခေါင်းဆောင်ကောင်းများ ရွေးချယ်ပေးရန် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပသည့်နေ့ဖြစ်ပါသည်။ မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အနည်းဆုံး ဆန္ဒမဲသုံးမဲ ဆန္ဒပြုထည့်ပေးရမည်ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဟူ၍ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများရှိသည့်နေရာများတွင် တိုင်းရင်းသားလူမျိုးများအတွက်ပါ ဆန္ဒမဲပေးကြရမည်ဖြစ်ပါသည်။

ဤသို့ဆန္ဒမဲများထည့်ရာတွင် ပယ်မဲမဖြစ်အောင် အထူးသတိပြုရမည့်အချက်များရှိပါသည်။ မိမိ၏ ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူး၏ လက်မှတ်မပါရှိခြင်း၊ ဆန္ဒမဲလက်မှတ်တွင် အစွန်းအထင်းများရှိနေခြင်း၊ စုတ်ပြဲနေခြင်းများရှိလျှင် ပယ်မဲအဖြစ်သတ်မှတ်ခံရမည်ဖြစ်ပါသည်။ ထို့အပြင် မိမိဆန္ဒပြုလိုက်သော တံဆိပ်တုံးအမှန်ခြစ်သည် မည်သည့်ကိုယ်စားလှယ်လောင်းအား ရွေးချယ်သည်ကို ရှင်းလင်းပြတ်သားမှုမရှိခြင်း၊ အမှန်ခြစ်တံဆိပ်တုံးကို ကိုယ်စားလှယ်လောင်း၏ ဘေးအကွက်ထဲမရိုက်ဘဲ အပြင်ဘက်တွင် ရိုက်နှိပ်ထားခြင်း၊ တံဆိပ်တုံးကို နှစ်ကြိမ်ထပ်၍ ရိုက်နှိပ်ထားခြင်းများရှိသော မဲလက်မှတ်များကိုလည်း ပယ်မဲများအဖြစ် သတ်မှတ်ခံရမည်ဖြစ်ပါသည်။

အကောင်းဆုံးသောဆန္ဒမဲပေးမှုမှာ မဲရုံမှူးလက်မှတ်ပါရှိပြီး အစွန်းအထင်းမပါသည့် ဆန္ဒမဲလက်မှတ်တွင် မိမိဆန္ဒပြုရွေးချယ်ပေးလိုသော ကိုယ်စားလှယ်လောင်း၏ပါတီ Logo ဘေးမှ ကွက်လပ်အား လက်မနှင့်လက်ညှိုးကို လျှာထားပြီး တံဆိပ်တုံးကို တစ်ကြိမ်တည်း ရိုက်နှိပ်ပေးရန်သာ လိုအပ်ပါသည်။ ဤသို့ တံဆိပ်တုံးရိုက်နှိပ်ရာတွင် နှစ်ကြိမ်ထပ်မရိုက်မိစေရန် အရေးကြီးပါသည်။ နှစ်ကြိမ်နှိပ်ထားသော ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်ခံရမည်ဖြစ်ပါသည်။ အကောင်းဆုံးမှာ စာရွက်အလွတ်တစ်ရွက်ပေါ်တွင် တံဆိပ်တုံးကိုအစမ်းရိုက်ပြီး မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ပါတီ Logo ဘေးမှ တစ်ကြိမ်တည်းသာ ရိုက်နှိပ်ရမည်ဖြစ်ပါသည်။ အတည်ပြုပြီးသော ဆန္ဒမဲလက်မှတ်များကို မင်ခြောက်စေရန် စက္ကန့်အနည်းငယ်စောင့်ပြီးမှ မဲပုံးများအတွင်း ထည့်သင့်ပါသည်။ သို့မဟုတ်လျှင် မင်များစွန်းထင်းသွားနိုင်ပါသည်။

ယခုရွေးကောက်ပွဲကြီးသည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်အောင် စီစဉ်ထား၍ အလွန်တိကျအောင် ဆောင်ရွက်ထားမှုကို တွေ့ရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲမတိုင်မီကာလမှာပင် မဲစာရင်းတွင်ပါ မပါ ကြိုတင်ကြည့်ရှုရခြင်း၊ ပြင်ဆင်မှုများ ပြုလုပ်ရခြင်းတို့ဖြင့် အချိန်ပေးပြီး လုပ်ဆောင်ကြရပါသည်။ မဲပေးသည့်အခါတွင်လည်း မိမိဆန္ဒပြုရွေးချယ်ပေးလိုက်သော မဲတစ်ပြားသည် အချည်းအနှီးဖြစ်မသွားအောင် ဂရုတစိုက်လုပ်ဆောင်ကြရပါသည်။ ယခုရွေးကောက်ပွဲကြီးသည် အဘက်ဘက်မှ တိကျအောင် လုပ်ဆောင်ထား၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အတော်လေး ဂရုတစိုက်လုပ်ဆောင်နေရသည့် အနေအထားဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ မိမိဆန္ဒပြုရွေးချယ်ပေးသော ဆန္ဒမဲလက်မှတ်တစ်စောင်သည် ပယ်မဲအဖြစ် သတ်မှတ်ခြင်းမခံရအောင် အထူးသတိပြု လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# ကရင်ပြည်နယ်နေ့ နှစ်(၆၀)မြောက် ဖွင့်ပွဲအခမ်းအနားကျင်းပ




**ဘားအံ နိုဝင်ဘာ ၇**

နှစ်(၆၀)မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီက ဘားအံမြို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နှစ်(၆၀)မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာကို ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က ဖတ်ကြားသည်။

ဆက်လက်၍ နှစ်(၆၀)မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ရာ ပြည်နယ်ခေတ္တ ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် ပညာသင်နှစ် ပညာရေးထူးချွန်ဆုများကိုလည်းကောင်း၊ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ထူးချွန်ဆုများကို လည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ထူးချွန်ဆုများကို လည်းကောင်း၊ နိုင်ငံတော်အဆင့် (ဆို၊က၊ရေး၊တီး)ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်များကို လည်းကောင်း၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် အားကစား ထူးချွန်ဆုများကို လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်ထူးချွန်ဆုများကို လည်းကောင်း ချီးမြှင့်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## Set Top Box ပစ္စည်းစုံ ကျေးရွာများသို့ ပေးအပ်လှူဒါန်း

**ဘိုကလေး နိုဝင်ဘာ ၇**

နိုင်ငံတော်အစိုးရက ပေးအပ်လှူဒါန်းသော ရုပ်သံလိုင်းများမှ ဖမ်းယူကြည့်ရှုနိုင်သည့် Set Top Box ပစ္စည်းစုံ ဘူး ၂၀၀ ကို ဘိုကလေးမြို့နယ် ကျေးရွာအုပ်စု ခုနစ်စုရှိ ကျေးရွာပြည်သူများသို့ ပေးအပ်လှူဒါန်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့နယ်ခန်းမ၌ နိုဝင်ဘာလပထမပတ်က ကျင်းပသည်။

အခမ်းအနားတွင် ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်သည့် Set Top Box ပစ္စည်းစုံအသုံးပြုပုံကို ရှင်းလင်းသရုပ်ပြသပြီး တာဝန်ရှိသူများက ကျေးရွာအုပ်စု ခုနစ်စုရှိ ပြည်သူများအား ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မင်း**

## မကျီးကုန်း(မြောက်နှင့်တောင်) ကျေးရွာများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းဖွင့်ပွဲကျင်းပ

**ရမည်းသင်း နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မကျီးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီခွဲက မြောက်ရွာထိပ် ထရန်စဖော်မာအနီး၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူများ တက်ရောက်ပြီး ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဦးကိုကိုနိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက မီးလင်းရေးခလုတ်ကိုနှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မကျီးကုန်းတောင်ရွာ ကျေးလက်လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကိုကျင်းပရာ တာဝန်ရှိသူများက ရွာအဝင်ထရန်စဖော်မာရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၃၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၉၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၀၇.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၈၉၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂.၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၉ |

ခင်ရတနာ-စုစည်းသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အဖွဲ့ဝင် ဦးအောင်မြင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်းရှိ မဲရုံများ၊ ဘောဂသိဒ္ဓိရပ်ကွက် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ မဲရုံများနှင့် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ မဲရုံအမှတ်(၃)တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့သို့ ကြည့်ရှုစစ်ဆေးရာတွင် မသန်စွမ်းသူများရှိက အလွယ်တကူမဲပေးနိုင်ရေးအတွက် စီစဉ်ထားရန်၊ မဲအရောင်းအဝယ် မပြုနိုင်စေရေးအတွက် အမှတ်အသားပြုထားသည့် မဲလက်မှတ်များအား ပယ်မဲအဖြစ်သတ်မှတ်ရန်၊ မဲပုံးများအား လုံခြုံရေးကြိုးဖြင့် စနစ်တကျချည်နှောင်ထားရန်၊ ဆန္ဒပြုခန်း၏ နောက်ကျောအား အပြင်မှမကြည့်နိုင်စေရေး လုံခြုံစွာပိတ်ထားရန်၊ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာရာတွင် လျှို့ဝှက်မဲပေးမှုစနစ်ကို မထိခိုက်စေရေးအတွက် အလှည့်ကျ စောင့်ကြည့်လေ့လာစေရန်၊ ပင်တိုင်စောင့်ကြည့် လေ့လာလိုကြောင်း တင်ပြလာက တစ်ဖွဲ့သာ စောင့်ကြည့်ခွင့်ပြုပြီး ကျန်အဖွဲ့များအား အလှည့်ကျ စောင့်ကြည့်လေ့လာစေရန်၊ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသူစာရင်းကို ပုံစံ(၁၃)တွင် စနစ်တကျရေးသွင်းရန်နှင့် ကပ်ထားကြေညာရန်၊ အမှန်တံဆိပ်တုံးစမ်းသပ်ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ ဆန္ဒပြုခန်း၏ နောက်ဘက်တွင် မည်သူမျှမရှိစေရန်၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအတွက် ထိုင်ခုံနေရာများ စီစဉ်ထားရှိရန်၊ လက်သန်းတွင် တို့မည့်မင်အိုးအား စနစ်တကျ လှုပ်ခတ်ပြီးမှ မင်တို့ရန်၊ မဲရုံအတွင်း ဝင်ရောက် ဓာတ်ပုံရိုက်ကူးမှု မပြုရန်နှင့် လျှို့ဝှက်မဲပေးစနစ် မထိခိုက်နိုင်သော အကွာအဝေးမှ ဓာတ်ပုံရိုက်ခွင့်ပြုရန်၊ ဆန္ဒပြုခန်း၏ ရှေ့ပိုင်းအား လိုက်ကာများ ကာထားခြင်း မပြုရန်နှင့် မဲရုံမှူးများအနေဖြင့် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲများအား ပုံစံ(၁၃)ဖြင့် စနစ်တကျ လက်ခံရေးတို့ကို မှာကြားပြီး မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်မဲပေးသူများစာရင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကွန်ပျူတာတက္ကသိုလ်(မုံရွာ)နှင့် နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ပင်မကျောင်းဆောင်တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)သို့ ရောက်ရှိပြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ပင်မကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဆရာ၊ ဆရာမများနေအိမ် ခြောက်ခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**



အဆိုပါ ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ပင်မကျောင်းဆောင်သည် အလျားပေ ၃၀၀၊ အနံ ၃၆၅ ပေ၊ အမြင့် ၆၅ ပေဖြစ်၍ စုစုပေါင်း စတု ရန်းပေ ၁၈၈၀၀၀ ရှိပြီး မြေညီထပ်အပါအဝင် စုစုပေါင်း လေးထပ် အာစီ သံကူကွန်ကရစ် အဆောက်အအုံတစ်ခုဖြစ်ပြီး လာမည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ပင်မသုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ကျောင်းဆောင်သစ် တည်ဆောက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိ သူများအား ကျောင်းဆောင်သစ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လှိုင်သာယာတွင် မဲပေးမည့်ပြည်သူများ လွတ်လပ်မျှတစွာမဲပေးနိုင်ရန် စီမံဆောင်ရွက်ထား

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ၌သာမက အရှေ့တောင်အာရှတွင် မြို့နယ်တစ်မြို့နယ်၏ လူဦးရေအများဆုံးအဖြစ် သတ်မှတ်ထားသော လှိုင်သာယာမြို့နယ်၌ မဲရုံပေါင်း ၅၆၃ ရုံရှိသည့်အတွက် ဆန္ဒမဲပေးမည့်ပြည်သူများ လွတ်လပ်မျှတ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရန် ပြင်ဆင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"လှိုင်သာယာမှာ မဲပေးခွင့် လူဦးရေ လေးသိန်းခွဲကျော်ရှိတယ်။ မဲရုံပေါင်းက ၅၆၃ ရုံရှိတယ်၊ လွှတ်တော် ကိုယ်စားလှယ်လောင်း ၆၁ ဦးမှာ ပြည်သူ့လွှတ်တော် ၁၄ ယောက်၊ အမျိုးသားလွှတ်တော် ၁၄ ယောက်၊ တိုင်းဒေသကြီးလွှတ်တော်နှစ်ခုက လွှတ်တော်ကိုယ်စားလှယ် ၁၃ ယောက်စီနဲ့ တစ်သီးပုဂ္ဂလက နှစ်ယောက်ရှိတယ်၊ နေရာ ၉၁ နေရာမှာ မဲရုံ ၅၆၃ ရုံ စီမံဆောင်ရွက်ပေးထားပါတယ်၊ မြန်မာပြည်မှာ လူဦးရေအများဆုံးနဲ့ မဲရုံအများဆုံးဖြစ်တဲ့အတွက် မဲပေးတဲ့ပြည်သူတွေ အဆင်ပြေအောင် ပြင်ဆင်ဆောင်ရွက်ထားတယ်။ ဧည့်စာရင်းနဲ့နေထိုင်တဲ့ ပြည်သူတွေလည်း မဲပေးနိုင်အောင် ပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့် မဲပေးတဲ့နေ့မှာ လွတ်လပ်မျှတ ငြိမ်းအေးချမ်းစွာနဲ့ ပြီးစီးအောင်မြင်မယ်လို့ ယုံကြည်ပါတယ်" ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် လူဦးရေနှင့် မဲရုံအများဆုံးရပ်ကွက်မှာ အမှတ်(၇)ရပ်ကွက်ဖြစ်ပြီး ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက "လှိုင်သာယာမှာ မဲဆန္ဒရှင် အများဆုံးက အမှတ်(၇) ရပ်ကွက်ပါ။ မဲပေးနိုင်ခွင့်ရှိတဲ့ ပြည်သူ ၃၄၁၇၂ ဦးရှိတယ်။ နိုဝင်ဘာ ၇ ရက် နေ့ထိ ကြိုတင်မဲ ၃၀၀ ကျော်ရရှိထားတယ်။ မဲရုံက ၄၃ ရုံရှိတယ်။ ပြည်သူ့လွှတ်တော် ၁၃ ဦး၊ အမျိုးသားလွှတ်တော် ၁၄ ဦး၊ တိုင်းဒေသကြီးလွှတ်တော်နယ်မြေ(၂)အတွက် ၁၁ ဦး၊ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးနှင့် ရခိုင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မှာပါ၊ အခက်အခဲလေးတစ်ခုက မနက်အလုပ်သွား ညပြန်လာတဲ့ အလုပ်သမားတွေဖြစ်တဲ့အတွက် မဲရုံကို အချို့က လာမကြည့်ကြဘူး။ သတ်မှတ်ရက်ကျော်မှ သန်းခေါင် စာရင်း၊ ဧည့်စာရင်းစာရွက်လာပြကြတော့ အဲ့ဒီအခက်အခဲလေးတော့ရှိတယ်။ ဧည့်စာရင်းနဲ့နေတာဖြစ်ဖြစ် ကျူးကျော်နေတာပဲဖြစ်ဖြစ် ၃(က)နဲ့ တင်ထားရင် မဲစာရင်းမပါမရှိ ပါပါတယ်။ အချို့က စလစ်ပြားလာမယူတဲ့ အခက်အခဲလည်းရှိတယ်။ မဲစာရင်းမှာပါအောင် အဓိကထားပြီးဆောင်ရွက်ပေးထားပါတယ်။ ပြီးတော့ လုံခြုံရေးအတွက်လည်း စီမံဆောင်ရွက်ထားပါတယ်" ဟု ပြောကြားသည်။ **သန်းထိုက်(လှိုင်သာယာ)**

# မြန်မာ့အလင်း Facebook Account အတုအတွက် အသိပေးချက်

မြန်မာ့အလင်းသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် www.facebook.com/MYANMAALINNNEWS ဟူ၍ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် Myanma Alinn Established in 1914 တွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။

ထိုအမှတ်တံဆိပ်ဖြင့် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိလာသော သတင်းနှင့် ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ်တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၅၂၂၈ ဦးနှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ likes လုပ်သူ ၂၆၀၉၈ ဦးရှိခဲ့ပါသည်။ ထို့အပြင် မြန်မာ့အလင်းသတင်းစာ၏ အမှတ်တံဆိပ် Logo ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှစတင်၍ နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၏ ဓာတ်ပုံကို နောက်ခံထားကာ မြန်မာ့အလင်း Myanma Alinn Established in 1914 ဖြင့် အသစ်ပြောင်းလဲ အသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် မြန်မာ့အလင်း




မြန်မာ့အလင်း facebook Account အစစ်အမှန်

facebook နှင့် ဆင်တူယိုးမှား facebook Account အတု(၂)ခုကို ၎င်းတို့နှစ်သက်ရာ သတင်းများဖြင့် တရားမဝင်လွှင့်တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြန်မာ့အလင်းသတင်းစာတိုက်နောက်ခံပါရှိသော မြန်မာ့အလင်း facebook သာလျှင် တရားဝင်အစစ်အမှန် official facebook Account ဖြစ်ပြီး အကောင့်အသစ်ဖြင့် မြန်မာ့အလင်းသတင်းစာ facebook နှင့် ဆင်တူယိုးမှားပြုလုပ်နေသော facebook Account များမှာ အတုဖြစ်ပါကြောင်းနှင့် စာဖတ်ပရိသတ်များအနေဖြင့် အတုနှင့်အစစ်မှ သတင်းများတင်ပြနေမှုကို ခွဲခြားသိရှိနိုင်ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

# တရုတ်နှင့် တရုတ်တိုင်ပေခေါင်းဆောင်များ နှစ် ၆၀ ကျော်အတွင်း ပထမဆုံးအကြိမ်တွေ့ဆုံ

**စင်ကာပူ နိုဝင်ဘာ ၇**

တရုတ်(တိုင်ပေ)နှင့် တရုတ်နိုင်ငံမှ ခေါင်းဆောင်များသည် ရွေးကောက်ပွဲများ ကျင်းပရန် သီတင်းပတ်များအလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒီမိုကရက်တစ်ကျွန်းပေါ်တွင် ပေကျင်းဆန့်ကျင်ရေး မြင့်တက်လာချိန် စနေနေ့က နှစ် ၆၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တိုင်ပေသမ္မတ မာရင်ဂျိုးတို့သည် ၁၉၄၉ ခုနှစ် တရုတ်ပြည်တွင်းစစ်အပြီး ပထမဆုံးအကြိမ်အဖြစ် စင်ကာပူနိုင်ငံ၌ တွေ့ဆုံခဲ့ကြသည်။ တိုင်ပေသမ္မတနှင့် ပါလီမန်ရွေးကောက်ပွဲများမကျင်းပမီ ယင်းတို့တွေ့ဆုံဖြစ်ခဲ့ကြခြင်းဖြစ်သည်။



တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သည် ၂၀၀၈ ခုနှစ် ကူမင်တန်ပါတီ အာဏာရလာပြီးကတည်းက နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများ တိုးတက်လာခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒီမှာလူတိုင်းကို ကတိပြုပြောကြားလိုတာကတော့ ကျွန်တော်တို့ အရင်ကထက် ရည်မှန်းချက်တွေကို ပိုမိုပေါက်မြောက်အောင်မြင်ဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ တိုင်ပေရေလက်ကြားဟာ ပိုမိုငြိမ်းချမ်းအောင် လုပ်ဆောင်သွားရမှာပါ။ နှစ်နိုင်ငံလုံးက ပိုမိုပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်" ဟု စင်ကာပူသို့ မထွက်ခွာမီလေဆိပ်၌ မာရင်ဂျိုးက သတင်းထောက်များအား ပြောကြားသည်။

**(ရိုက်တာ)**

# အီဂျစ်သို့ ခရီးသည်လေယာဉ်ပျံသန်းမှု ရုရှားဆိုင်းငံ့

**မော်စကို နိုဝင်ဘာ ၇**

အီဂျစ်နိုင်ငံတွင်ပျက်ကျခဲ့သော ရုရှားခရီးသည်လေယာဉ်သည် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့်ဖြစ်ရသည်ဟု အနောက်နိုင်ငံတာဝန်ရှိသူများက ပြောကြားခဲ့ပြီးနောက် မော်စကိုက အီဂျစ်သို့ လေယာဉ်ပျံသန်းခြင်းကို ဆိုင်းငံ့ထားလိုက်သည်။

အမေရိကန်က အဆိုပါလေယာဉ်ပျက်ကျခဲ့ခြင်းအပေါ် လေကြောင်းခရီးသွား လုံခြုံရေးလိုအပ်ချက်များရှိနေကြောင်း ပြောဆိုလိုက်ပြီးနောက် ရုရှားကအီဂျစ်သို့ လေကြောင်းခရီးစဉ်ပြေးဆွဲခြင်းကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်အပန်းဖြေစခန်းမှ ပျံတက်လာသောခရီးသည် ၂၂၄ ဦးတင်ဆောင်လာသည့် လေယာဉ်ပျက်ကျခဲ့ခြင်းသည် ၄င်းတို့၏လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်တို့က ပြောကြားထားသည်။ လွန်ခဲ့သော တစ်လကျော်က ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား ရုရှားတို့က လေကြောင်းတိုက်ခိုက်ခဲ့မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အဆိုပါ ခရီးသည်လေယာဉ်အား ဗုံးထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု အိုင်အက်စ်တို့က ပြောသည်။ အိုင်အက်စ်တို့က ယင်းကဲ့သို့ ပြောဆိုလိုက်ပြီးနောက် နိုင်ငံအများအပြားက အီဂျစ်နိုင်ငံသို့သွားရောက်မည့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းလိုက်သည်။

ထောင်ပေါင်းများစွာသော ဥရောပနှင့် ရုရှားခရီးသည်များသည် ပင်လယ်နီအပန်းဖြေစခန်း၌ သောင်တင်လျက်ရှိသည်။ အဆိုပါဒေသတွင်း လေဆိပ်များမှ အမေရိကန်သို့ပျံသန်းမည့် ခရီးသည်လေယာဉ်များအား လေဆိပ်မှမထွက်ခွာမီ အသေးစိတ်စစ်ဆေးမှုအပါအဝင် လုံခြုံရေး အစီအမံသစ်များပြုလုပ်ရန် သောကြာနေ့တွင် အမေရိကန်ပြည်ထဲရေး ဝန်ကြီးဌာနက ကြေညာလိုက်သည်။

**(ရိုက်တာ)**

# ကန်နှင့် ဗြိတိသျှထောက်လှမ်းရေးအေဂျင်စီများက ရုရှားလေယာဉ်ပျက်ကျခြင်းနှင့် ပတ်သက်ပြီး အိုင်အက်စ်သတင်းအချက်အလက်များကို လေ့လာစောင့်ကြည့်

**လန်ဒန် နိုဝင်ဘာ ၇**

အမေရိကန်နှင့် ဗြိတိသျှစုံစမ်းထောက်လှမ်းရေးအေဂျင်စီများက လွန်ခဲ့သောအပတ်က အီဂျစ်တွင် ရုရှားလေယာဉ်တစ်စင်း ပစ်ချခံခဲ့ရခြင်းကို လျှို့ဝှက်စုံစမ်းထောက်လှမ်းခဲ့ရာ အကြမ်းဖက်လုပ်ရပ်တစ်ခုကြောင့်ဖြစ်မည်ဟု မှတ်ချက်ပြုခဲ့ကြောင်း ဗြိတိသျှသတင်းစာများ၌ ဖော်ပြသည်။

အမေရိကန်နှင့် ဗြိတိသျှစုံစမ်းထောက်လှမ်းရေးအေဂျင်စီများက လေယာဉ်ပျက်ကျမှုမဖြစ်ပေါ်မီအချိန်က ပြုလုပ်ခဲ့သော အီဂျစ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များ၏ ဆက်သွယ်မှုကို စောင့်ကြည့်လေ့လာနေကြောင်း သည်တိုင်းမ်သတင်းစာက နိုဝင်ဘာ ၆ ရက်က ပြောခဲ့သည်။

စုံစမ်းထောက်လှမ်းရေးအရာရှိများက ပေါက်ကွဲပစ္စည်းကို လေယာဉ်ပေါ်သို့ ခရီးသည် သို့မဟုတ် လေဆိပ်အလုပ်သမားက ယူဆောင်လာသည်ဟု ယူဆထားကြောင်း သတင်းရင်းမြစ်မဖော်ပြလိုသောသတင်းရပ်ဝန်းကို ကိုးကား၍ သည်တိုင်းမ်က ဖော်ပြသည်။

အမေရိကန်နှင့် ဗြိတိသျှစုံစမ်းထောက်လှမ်းရေး အေဂျင်စီများက ဆိုင်းနိုင်းကျွန်းဆွယ်ရှိ သတင်းအချက်အလက်များကို လေ့လာမှုပြုလုပ်ခဲ့ရာတွင်လည်း အဆိုပါလေယာဉ်ပျက်ကျခြင်းမှာ အကြမ်းဖက်လုပ်ရပ်ကြောင့်ဖြစ်ကြောင်း သည်ဒေလီတယ်လီဂရက်ဖ်သတင်းစာကလည်း နိုဝင်ဘာ ၆ ရက်က ဖော်ပြခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အင်ဒိုနီးရှားမီးတောင် ဘာရူဂျာရီ ပေါက်ကွဲ

**ဂျကာတာ နိုဝင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံအနောက် နူဆာတန်ဂါရာရှိ ဘာရူဂျာရီမီးတောင်သည် နိုဝင်ဘာ ၇ ရက်က ထပ်မံပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ချော်ရည်ပူများ စီးထွက်လာကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက နိုဝင်ဘာ ၇ ရက်က ပြောကြားသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် အထက်သို့ ၁ ဒသမ ၅ ကီလိုမီတာအမြင့်ထိ ပြာများလွင့်စဉ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိဒေသများသို့ ချော်ရည်များစီးဆင်းသွားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာ အနီးဝန်းကျင်ရှိ ဒေသခံများကို မျက်နှာဖုံး ၁၀၀၀၀၀ ကျော်ဖြန့်ဝေပေးထားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

အရေးပေါ် ရွှေ့ပြောင်းမှုများပြုလုပ်နိုင်ရန် ယာယီတဲများကိုလည်း ကြိုတင်ပြုလုပ်ထားပြီးဖြစ်ကြောင်း ၄င်းကထပ်မံပြောကြားသည်။

ယင်းမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ၏ ၁၂၉ ခုမြောက် မီးတောင်ရှင်ဖြစ်သည်။

**(ဆင်ဟွာ)**

# ဗြိတိသျှလေယာဉ်နှစ်စင်းသာ အီဂျစ်မှပျံသန်းထွက်ခွာနိုင်၊ သောင်တင်နေသည့် ခရီးသည်များဒေါသထွက်




**ကိုင်ရို နိုဝင်ဘာ ၇**

ခရီးသည် ၃၆၀ တင်ဆောင်လာသော ဗြိတိသျှလေယာဉ်နှစ်စင်းသည် နိုဝင်ဘာ ၆ ရက်က အီဂျစ်ပင်လယ်နီရှိ အပန်းဖြေမြို့တစ်ခုမှ ပျံသန်းထွက်ခွာလာကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

စုစုပေါင်း လေယာဉ် ၂၉ စင်းရှိသည့်အနက် ရှစ်စင်းကို နိုဝင်ဘာ ၆ ရက်တွင် အပန်းဖြေအနားယူရာ ရှန်အယ်လ်ရှိတ်မြို့မှ ပျံသန်းထွက်ခွာရန် အစောပိုင်းက စီစဉ်ခဲ့ကြောင်း သိရသည်။

ဆိုင်းနိုင်းကျွန်းဆွယ်တွင် လွန်ခဲ့သောသီတင်းပတ်က ရုရှားလေယာဉ်တစ်စင်း ပျက်ကျခဲ့ပြီးနောက် ဗြိတိသျှအစိုးရက ၄င်းနိုင်ငံသားများကို ရှန်အယ်လ်ရှိတ်မြို့မှ ပြောင်းရွှေ့ရန် စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ယင်းအပန်းဖြေမြို့၌ သောင်တင်နေသော ဗြိတိသျှနိုင်ငံသား ၂၀၀၀၀ မှာလည်း အိမ်ပြန်ရန်စိုးရိမ်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဗြိတိသျှ နိုင်ငံသားများ ယင်းအပန်းဖြေမြို့၌ ပြန်လည်ထွက်ခွာရန် လေကြောင်းစီစဉ်မှုများကို သက်ဆိုင်ရာ အာဏာပိုင်များက ဖျက်သိမ်းလိုက်ကြောင်း ဖော်ပြသည့် အစီရင်ခံစာများကို အီဂျစ်လေကြောင်း ထိန်းသိမ်းရေးဝန်ကြီးက ငြင်းဆိုလိုက်သည်။

ထို့အပြင် လုံခြုံရေးဆောင်ရွက်မှုများကြောင့် ဗြိတိသျှလေယာဉ် ၂၉ စင်းစလုံးကို တစ်နေ့တည်းတွင် လက်ခံနေရာချထားရန် မဖြစ်နိုင်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

"ဘာလို့ ဒီမှာစောင့်နေရတာလဲဆိုတာ ကျွန်တော်သိချင်တယ်ဗျာ။ အစိုးရက ကျွန်တော်တို့ကို အထုပ်အပိုးတွေပြင်ခိုင်းပြီး ထွက်ခွာဖို့ အဆင်သင့် လုပ်ခိုင်းထားတယ်။ ဒီနေ့ပဲ ပြန်ရတော့မယ်လို့ ထင်တယ်။ ဒါပေမယ့် လေဆိပ်မှာ ပိတ်မိနေတယ်။ ဘာတွေဖြစ်လာဦးမလဲဆိုတာ ကျွန်တော်မသိဘူးဗျာ" ဟု အမည်မဖော်ပြလိုသူ သက်လတ်ပိုင်းအရွယ် ဗြိတိသျှနိုင်ငံသားတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

ယင်းနေ့ နောက်တစ်နေ့၌ ဗြိတိသျှဝန်ကြီးချုပ်ရုံးက အီဂျစ်နှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီမှုများရပြီးနောက် ဗြိတိသျှလေယာဉ်များကို ယင်းအပန်းဖြေမြို့မှ ပြန်လည်ပျံသန်းရန် စီစဉ်မှုများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**





နိုဝင်ဘာ ၆ ရက်က ရန်ကုန်မြို့ မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲဆိုင်ရာ အရပ်ရပ်သတင်းများ ရယူကြမည့် မြန်မာ့အလင်းသတင်းစာတိုက်မှ မြို့နယ်သတင်းထောက်များအား မီဒီယာကျင့်ဝတ်နှင့် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ သတင်းရယူကြရန် မြန်မာ့အလင်းသတင်းစာ မြို့နယ် သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ရှင်းလင်းပြောကြားစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



နိုဝင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့၍ မသွားလာနိုင်သူများကို ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များက အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲကောက်ယူလျက်ရှိရာ စောရန်ပိုင် အရှေ့ရပ်ကွက်နေ အသက်(၉၂ နှစ်)ရှိ စိတ်ရောဂါအထူးကု စိတ်ကျန်းမာရေးဆေးရုံအုပ်ကြီး(ငြိမ်း) ဒေါက်တာ ဦးနေဝင်းထံမှ ကြိုတင်ဆန္ဒမဲရယူနေစဉ်။

မောင်မောင်(လှျပ်စစ်)

## လက်ပံတန်းတွင် မြေငှားဂရန် ပေးအပ်

**လက်ပံတန်း နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မိုးအိုင်အုပ်စု သဖန်ကုန်းကျေးရွာဘုန်းကြီးကျောင်း၌ နိုဝင်ဘာ ၃ ရက်က မြေငှားဂရန်ပေးအပ်ခြင်းအခမ်းအနားကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးကျော်သူနှင့်ဒေသခံလယ်သမားများတက်ရောက်ပြီး မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ တောင်သူ ၅၆ ဦးအား မြေငှားဂရန်များကို တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

## ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား တစ်ရွာတည်းသားက လက်သီးဖြင့်ထိုး

**မကွေး နိုဝင်ဘာ ၇**

မကွေးမြို့နယ် ချမ်းမြေ့သာယာကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးက တစ်ရွာတည်းသားကို ကြိုတင်မဲ မရောက်သေးကြောင်း ပြောခဲ့သောကြောင့် တစ်ရွာတည်းသားက ကျေးရွာကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်တစ်ဦးအား ဆဲဆိုပြီး လက်သီးဖြင့်ထိုးမှု နိုဝင်ဘာ ၆ ရက် ညပိုင်းကဖြစ်ပွားခဲ့ကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာနိုဝင်ဘာ ၆ ရက် ည ၈ နာရီ မိနစ် ၂၀ က ဦးဘသန်း(၆၁ နှစ်) ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ချမ်းမြေ့သာယာကျေးရွာနေသူသည် တစ်ရပ်ကွက်တည်းနေ ဦးမြင့်လွင်၏ နေအိမ်လက်ဖက်ရည်ဆိုင်တွင် ချမ်းမြေ့သာယာကျေးရွာကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်လွင်၊ ဦးသန်းကို၊ ဒေါ်စိုးသန္တာ၊ ဆယ်အိမ်မှူး ဦးအောင်နေလင်း၊ ရွာခွဲတာဝန်ခံ ဦးသန်းစိုးဦးတို့နှင့်အတူ မဲစာရင်းများ စိစစ်ပြုစုနေစဉ် တစ်ရွာတည်းနေ ဦးတင်အေး(စုံစမ်းဆဲ) ရောက်ရှိလာပြီး မဲဆန္ဒရှင် ၂၀၀၀ ကျော်စာရင်းနှင့် ကြိုတင်မဲများ သိရှိလိုကြောင်း မေးမြန်းရာ ဦးမြင့်လွင်က ကြိုတင်မဲနှင့်ပတ်သက်၍ မဲလက်မှတ်များမရောက်ရှိသေးကြောင်းပြောပြစဉ် ဦးတင်အေးက ဦးဘသန်းအားဆဲဆိုပြီး လက်သီးဖြင့် ထိုးခဲ့၍ဦးဘသန်းတွင် ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်းကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဦးတင်အေးအား အရေးယူပေးရန် ဦးဘသန်းက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် မကွေးမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကျော်ဇေယျ**

## တရားမဝင်ကျွန်းခွဲသားများဖြင့် ပြုလုပ်ထားသော ပျားပုံးခွံများဖမ်းဆီးရမိ

**ကောလင်း နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် နိုဝင် ဘာ ၄ ရက် နံနက် ၇ နာရီခွဲက ကျွန်းခွဲသားများဖြင့် ပြုလုပ်ထားသော ပျားပုံးခွံများ တရားမဝင်သယ်ဆောင်လာ သည် ကို ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက တရားမဝင်သစ်များ ဖမ်းဆီးရမိရေးစောင့်ဆိုင်းစစ်ဆေးနေစဉ် ထီးချိုင့်မြို့မှ မန္တလေးဘက်သို့ ယာဉ်မောင်း သက်နိုင်(၃၇နှစ်)မောင်းနှင်လာပြီး ယာဉ်နောက်လိုက် စိုးနိုင်(၄၅ နှစ်)တို့ စီးနင်းလိုက်ပါလာသော ယာဉ်ကို ရပ်တန့်ရှာဖွေ ရာ ယာဉ်ပေါ်တွင် တရားမဝင်ကျွန်းခွဲသားများဖြင့် ပြုလုပ်ထားသော ပျားပုံးခွံ ၂၀၀ ဖမ်းဆီးရမိသည်။

အဆိုပါအမှုတွင် တရားမဝင်ကျွန်းခွဲသားများ တင်ဆောင်လာသူတို့နှစ်ဦးကို ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

## မြဝတီမြို့ပေါ်တွင် စိတ်မနှံ့သူအားတားဆီးရာမှ လူသတ်မှုဖြစ်

မြဝတီ နိုဝင်ဘာ ၇

**မြဝတီမြို့ အမှတ် ၅ ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အလင်းရောင်မိုးကားဂိတ်ရှေ့တွင် နိုဝင်ဘာ ၇ ရက် နံနက် ၆ နာရီခွဲက အမည်မသိ(၃၀ နှစ်) ဝန်းကျင်ခန့်ရှိ အမျိုးသားတစ်ဦးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။**



ဖြစ်စဉ်မှာ အလင်းရောင်မိုး ကားဂိတ်ဘေးရှိ ရွှေပိုးတီ သံပန်းသံတံခါးလုပ်ငန်းလုပ်ကိုင်နေသော အလုပ်သမားများဖြစ်သည့် ပြည့်ဖြိုးအောင်နှင့်ငြိမ်းချမ်းတို့နှစ်ဦး၏ပြောပြချက်အရ နိုဝင်ဘာ ၆ ရက် ည ၁၁ နာရီ မိနစ် ၄၀တွင် အမည်မသိ သေဆုံးသူသည်ဆိုင်ထဲသို့ ဝင်ရောက်လာပြီး ဆိုင်အတွင်းထားရှိသော မှန်ဖြင့်ပြုလုပ်ထားသည့် ငါးမွေးကန်ငယ်ကို ရိုက်ခွဲဖျက်ဆီးနေသဖြင့် အတူနေအလုပ်သမားဖြစ်သူ ကျော်ကျော်အောင်က သံပန်းသံတံခါးများ ပြုလုပ်ရာတွင် အသုံးပြုသည့် လုံးပတ်တစ်လက်မခွဲခန့် အရှည် ၆ ပေခန့်လေးထောင့်စတီးပိုက်ဖြင့် ဦးခေါင်းကို ရိုက်နှက်တားဆီးမိခဲ့ကြောင်း၊ ထို့နောက် သံပန်းသံတံခါးဆိုင်ဘေးရှိ အလင်းရောင်မိုးကားဂိတ်ရှေ့သို့ ဆွဲထုတ်သွားကြောင်း ပြောပြသဖြင့် အမည်မသိသေဆုံးသူအား စတီးသံပိုက်ဖြင့် ရိုက်ခဲ့သူ ကျော်ကျော်အောင်ကို မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ရှားပါးပန်ဒါနီရောက်ရှိ

ကမ္ဘာပေါ်တွင် ရှားပါးတိရစ္ဆာန်မျိုးနွယ်စာရင်းဝင်ဖြစ်ပြီး ကောင်ရေ ၁၀၀၀၀ အောက်ခန့်သာကျန်ရှိသော ပန်ဒါနီများကို ဟိမဝန္တာအရှေ့ဘက်နှင့် အနောက်တောင်ပိုင်းသမပိုင်း သစ်တော၊ နီပေါ၊ အိန္ဒိယ၊ ဘူတန်၊ တရုတ်ပြည်အနောက်တောင်ပိုင်းနှင့် မြန်မာပြည်မြောက်ပိုင်းဒေသများရှိ အပင်ကြီးများ၊ ဝါးရုံပေါများသည့် နေရာများတွင်သာတွေ့မြင်နိုင်သော တိရစ္ဆာန်ဖြစ်သည်။ ပန်ဒါနီများ၏ အခြားတိရစ္ဆာန်များနှင့် မတူသောအချက်မှာ ရာသီဥတုအပူဒဏ်ခံနိုင်ခြင်းမရှိဘဲ အပူချိန်(၁၀ ဒီဂရီစင်တီဂရိတ် မှ ၂၅ ဒီဂရီစင်တီဂရိတ်) ဝန်းကျင်ရှိသော ရာသီဥတုတွင်သာ အသက်ရှင်နေထိုင်နိုင်သောတိရစ္ဆာန်ဖြစ်ပါသည်။ ပန်ဒါနီများသည် ဝါးရွက်များ၊ ဥများ၊ ငှက်ငယ်၊ ပိုးမွှား၊ ပန်းပွင့်နှင့် သစ်သီးများကို အဓိကစားသောက်ပြီး အစုံစားသတ္တဝါဖြစ်သည်။

ထိုကဲ့သို့ ရှားပါးသော ပန်ဒါနီများကို တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ မူလက ပန်ဒါနီအထီးတစ်ကောင်မွေးမြူပြသထားပြီး ၆-၂-၂၀၁၅ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ အသက်သုံးနှစ်ခန့် ပန်ဒါနီအထီးတစ်ကောင်နှင့် အသက်နှစ်နှစ်ခြောက်လခန့်ရှိ အမတစ်ကောင် ပေးပို့လှူဒါန်းသဖြင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် ဒုတိယအကြိမ် ပြသနိုင်ခဲ့ပါသည်။

ယခုရောက်ရှိလာသော ခန့်မှန်းအသက် လေးနှစ်ခန့်ရှိ ပန်ဒါနီအမတစ်ကောင်ကို မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ ရရှိခဲ့သဖြင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ရှားပါးတိရစ္ဆာန်မျိုးနွယ်ဝင်ဖြစ်သော ပန်ဒါနီကို တတိယအကြိမ် ပြသနိုင်ပြီဖြစ်ပါသည်။ အသစ်ရောက်ရှိလာသော ပန်ဒါနီအမတစ်ကောင်အပါအဝင် စုစုပေါင်း ပန်ဒါနီအထီးနှစ်ကောင်၊ အမနှစ်ကောင်ကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)



တွင် ၄င်းတို့၏ သဘာဝအတိုင်းနေထိုင်သည့် ပတ်ဝန်းကျင်၊ ရာသီဥတုပုံသဏ္ဌာန်အတိုင်း နေထိုင်နိုင်ရန်အတွက် လေအေးပေးစက်များ တပ်ဆင်ထားသောအခန်းတွင် ၄င်းတို့အတွက် လိုအပ်သော အပူချိန်များအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။

၄င်းတို့ ကြိုက်နှစ်သက်သော အစာများဖြစ်သည့် ဝါးရွက်များ၊ ပန်းသီး၊ စပျစ်သီးနှင့် ငှက်ပျောသီးများကို ကျွေးမွေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် သန်ချဆေးများတိုက်ကျွေး၍ သန်ချခြင်းများပြုလုပ်ခြင်း၊ သွားပိုးစားမှုများ မဖြစ်စေရေးအတွက် သွားကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ ခန္ဓာကိုယ် အလေးချိန်အတိုး၊ အလျော့သိရှိနိုင်ရန်အတွက် လစဉ်ပေါင်ချိန်ခြင်းများ ပြုလုပ်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများကို အခါအားလျော်စွာပြုလုပ်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

ဥယျာဉ်၌ ပန်ဒါနီတစ်ကောင်လျှင် ကြက်ဥတစ်လုံး၊ ငုံးဥလေးလုံး၊ ပန်းသီးသုံးလုံး၊ ငှက်ပျောသီးတစ်ဖီးခွဲ၊ စပျစ်သီး ၃၀ ကျပ်သားနှင့် ဝါးရွက်တစ်စည်း နေ့စဉ်ကျွေးမွေးလျက်ရှိသည်။ မျိုးသုဉ်းရန် အန္တရာယ်ရှိသော (Vunierable) တိရစ္ဆာန်များအဖြစ် သတ်မှတ်ထားခြင်းခံရသော ပန်ဒါနီတိရစ္ဆာန်များအနက်မှ မြန်မာနိုင်ငံမြစ်ကြီးနားမြို့မှ ခန့်မှန်းအသက် လေးနှစ်ခန့်၊ ခန္ဓာကိုယ်အလေးချိန် ၄ ကီလိုဂရမ် ကိုးပေါင်ခန့်ရှိသော ပန်ဒါနီအမတစ်ကောင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ အသစ်ရောက်ရှိလာပါသဖြင့် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မွေးမြူပြသထားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာလူထုအတွက် နိုင်ငံတကာအသိုက်အဝန်းက သတိပြုရှောင်ရှားသင့်သည့် ဘက်လိုက်မှုများ

*(နိုဝင်ဘာ ၇ ရက်ထုတ် The Global New Light of Myanmar တွင် ဖော်ပြထားသော ဦးစိုးသိန်း၏ The International Community should avoid fueling divisions by taking sides. People in Myanmar want reconciliation ဆောင်းပါးအား ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။)*

ကြယ်စင်သာ

## The International community should avoid fueling divisions by taking sides. People in Myanmar want reconciliation

U Soe Thane



5 November 2015 1:23pm ET

FIVE years ago, no one could have dreamed of what is happening today in Myanmar. Tens of thousands of people are attending rallies around the country, political process and ignoring the magnitude of change unfolding before us.

This is by no means intended to minimize the logistical issues and other problems bedeviling the daunting task of staging nationwide polls. But just as it was fashionable to characterise bold, new reforms in Myanmar three or four years ago as a "miracle" to be embraced, it is now equally fashionable to criticise, assuming cynical motives behind key polocies and initiatives.

People in Myanmar want reconciliation among opposing groups in society, and above all they want a good future for their children. In as to the wider world.

We have laid the foundations for future economic growth, provided macroeconomic stability, overhauled the old and dysfunctional exchange rate system, nearly doubled tax revenues mainly through better enforcement, and liberalized trade. We have managed two very important international tenders, on telecoms and oil and gas exploration, which together have brought in several billion dollars in investment.

Also, we have taken significant steps towards coming back to the international economic community. We are now working to-tion of the Myanmar economy, and begin to see real progress towards industrialization and the development of other modern sectors.

Over several weeks, international observers have been arriving in droves in Myanmar. While many are participating in observation missions in good faith, there are also groups that still need more historical and contextual understanding of the government's multifaceted approach to reform.

Many countries that regularly hold elections every four or five years have experienced problems. I still remember during the 2000 US electoral contest between George tutes, suggest that the opposition National League for Democracy will do better than the ruling Union Solidarity and Development Party in central Myanmar, but not by the margins some believe. The race may be close. The elections in ethnic minority states will likely be dominated by local parties representing their own communities.

Smart and pragmatic lawmakers are needed for our new parliament, above all those who can draft and pass new laws and get things done. They are the ones who can complete Myanmar's transitions into a democratic, federal, developed and peaceful country.

ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အနေအထားများကို လွန်ခဲ့သောငါးနှစ်က မည်သူမျှ စိတ်ကူးယဉ်အိပ်မက်ပင် မက်ဖူးကြလိမ့်မည် မဟုတ်ပေ။ ထောင်သောင်းချီသော ပြည်သူများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် လွတ်လပ်စွာပြုလုပ်နေကြသော နိုင်ငံရေးပါတီများ၏ မဲဆွယ်ပွဲများသို့ သွားရောက်လျက်ရှိသကဲ့သို့ သတင်းစာနှင့် ဂျာနယ်များစွာကလည်း နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆင်ဆာစိစစ်ဖြတ်တောက်ထားခြင်းမရှိသော သတင်းဆောင်းပါးများကို ပုံနှိပ်ဖော်ပြလျက်ရှိကြသည်။ သန်းနှင့်ချီသော ပြည်သူများမှာ မိုဘိုင်းဖုန်းများ၊ လက်တော့ (Laptop)များမှတစ်ဆင့် နောက်ဆုံးရ အွန်လိုင်းသတင်းများကိုလည်း ဆန်းစစ်ဖတ်ရှုနေကြသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၅၀ ကျော်ကာလကို ဖြတ်သန်းခဲ့ပြီးနောက် ဒီမိုကရေစီအပြောင်းအလဲကို စနစ်တကျဖြင့် စတင်လုပ်ဆောင်လာချိန်အတောအတွင်း ပထမဦးစွာကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ဝင်စားမှုမြင့်တက်နေခြင်းမှာ ထင်ရှားလျက်ရှိသည်။ လေ့လာစောင့်ကြည့်သူ အများစုအနေဖြင့်လည်း မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲ၏ အရေးပါပုံကို သိရှိနားလည်နေကြသည်။ သို့သော်လည်း မြောက်မြားလှစွာသော ဝေဖန်မှုများမှာ ယခုအချိန်အထိ ပေါ်ထွက်လာဆဲဖြစ်သည်။ အဆိုပါ ဝေဖန်မှုများသည် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းလာမှုများကို အဆိုးဘက်မှသာ ပြောဆိုလျက်ရှိကြပြီး ပြောင်းလဲတိုးတက်လာမှုအတိုင်းအတာများကိုမူ လျစ်လျူရှုထားကြသည်။ ထိုကဲ့သို့ ပြုမူခြင်းများသည် ရွေးကောက်ပွဲအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေမှုများကို သေးသိမ်သွားစေသကဲ့သို့ ပံ့ပိုးဆောင်ရွက်ရမှုအလုံးစုံကိုပါ သိမ်ငယ်သွားအောင် ရည်ရွယ်လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရဲရင့်ပြတ်သားစွာလုပ်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုအသစ်များကြောင့် လက်ခံယုံကြည်နိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များစွာ ဖြစ်ထွန်းလာမှုမှာ အံ့သြဖွယ်ရာတစ်ရပ်အဖြစ် ရှိနေသည့်တိုင် အဓိကမူဝါဒများနှင့် ကနဦးလုပ်ဆောင်မှုများ၏ နောက်ကွယ်တွင်မူ အဆိုးမြင်စိတ်ခံတတ်ဖြင့်ကဲ့ရဲ့ဝေဖန်မှုများကလည်း ရှိနေပါသေးသည်။

မြန်မာပြည်သူများမှာ လူ့အဖွဲ့အစည်းအတွင်း ဆန့်ကျင်ဘက်အုပ်စုများအကြား အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလိုရှိကြသကဲ့သို့ အနာဂတ်တစ်ရပ်ကောင်းမွန်သည့် နေ့သစ်များကိုလည်း မျှော်မှန်းအလိုရှိကြသည်။ ထို့ကြောင့်လည်း နိုင်ငံတကာ၏ထောက်ခံမှုကို နည်းမျိုးစုံစွာဖြင့် ရရှိခဲ့ကြခြင်းဖြစ်သည်။ ယခုအချိန်သည် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြဲမြံစွာရပ်တည်ပေးရမည့်အချိန်ဖြစ်ပြီး ဘက်လိုက်မှုကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲစေနိုင်သည့် လုပ်ရပ်များကို တွန်းအားပေးသည့် ဖြစ်စဉ်များအား ရှောင်ရှားကြရမည်ဖြစ်သည်။ ထိုအချက်သည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက်သာမဟုတ်ဘဲ ရွေးကောက်ပွဲအလွန်ကာလအထိ အဓိကလုပ်ဆောင်ကြရမည့်အချက်လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ဖြေလျှော့မှုများစွာနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို လေးနှစ်တာကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြင့် လုပ်ဆောင်လာနိုင်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိ အခြေအနေများမှာလည်း ယခင်ကနှင့် လုံးဝကွဲပြားခြားနားသွားခဲ့ပြီဖြစ်သည်။ ယခု ရွေးကောက်ပွဲကျင်းပမည့် အချိန်ကာလသည် အစိုးရအဖွဲ့နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ဖြင့် လုပ်ဆောင်နေချိန်၊ ပွင့်လင်းမြင်သာမှုရရှိလာချိန်နှင့် ပြည်သူများ၏ တက်ကြွနိုးကြားမှုများ ပိုမိုရရှိလာချိန်တွင် ပြုလုပ်ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများစွာချထားနိုင်ခြင်း၊ မိုက်ခရိုစီးပွားရေးတည်ငြိမ်မှုရရှိစေရန် ပံ့ပိုးဆောင်ရွက်ထားခြင်း၊ ရှေးကျပြီး အလုပ်မဖြစ်တော့သည့် ငွေကြေးလဲလှယ်မှုစနစ်များကို ပြုပြင်ပြောင်းလဲထားခြင်း၊ လွတ်လပ်သောကုန်သွယ်မှုနှင့် ပိုမိုကောင်းမွန်သည့် အခွန်ဥပဒေများမှတစ်ဆင့် ဝင်ငွေခွန်နှစ်ဆနီးပါးရရှိအောင်ဆောင်ရွက်ထားနိုင်ခြင်း စသည်ဖြင့် ပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်ထားပြီးဖြစ်သည်။ ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်လည်း လွန်စွာအရေးပါသည့် နိုင်ငံတကာတင်ဒါနှစ်ခုကိုဖိတ်ခေါ်၍ လုပ်ဆောင်နိုင်ခဲ့ရာ ယင်းကဏ္ဍနှစ်ခုတွင် ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုလည်း ရရှိခဲ့ပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်လည်း ထူးထူးခြားခြား စွမ်းဆောင်နိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အခြားသောကြီးမားသည့် အင်စတီကျူးရှင်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းလုပ်ဆောင်နိုင်ရန် ခွင့်ပြုခဲ့ခြင်း၊ အနည်းဆုံးလုပ်အားခဆိုင်ရာ ဥပဒေကြမ်းအသစ်တစ်ရပ်ကို အဆိုပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို တိုးမြှင့်လုပ်ဆောင်ခြင်းများ လုပ်ဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမှာလည်း တစ်နှစ်အတွင်း ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ရာ ယခင်အခြေအနေနှင့်နှိုင်းယှဉ်ပါက များစွာသာလွန်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။

အထက်ပါပြောင်းလဲမှုများက ပြီးပြည့်စုံပြီလားဟုဆိုလျှင် မပြည့်စုံနိုင်သေးပါ။ ကနဦးအစလုပ်ငန်းများသာဖြစ်ပြီး အခြေခံအုတ်မြစ်တစ်ခုအဖြစ် တည်ဆောက်နိုင်မှုသာ ဖြစ်ပါသေးသည်။ လက်ရှိအနေအထားအရ

**ယခုအချိန်သည် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြဲမြံစွာရပ်တည်ပေးရမည့်အချိန်ဖြစ်ပြီး ဘက်လိုက်မှုကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲစေနိုင်သည့် လုပ်ရပ်များကို တွန်းအားပေးသည့်ဖြစ်စဉ်များအား ရှောင်ရှားကြရမည်ဖြစ်သည်။ ထိုအချက်သည် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲအတွက်သာမဟုတ်ဘဲ ရွေးကောက်ပွဲအလွန်ကာလအထိ အဓိကလုပ်ဆောင်ကြရမည့် အချက်လည်းဖြစ်**

အလိုအပ်ဆုံးအခြေအနေမှာ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ရရှိနေစေရန်နှင့် ယင်းအခြေအနေများကို အောင်အောင်မြင်မြင်ဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်သည့် တည်ငြိမ်သောအစိုးရတစ်ရပ် တည်ရှိရေးပင်ဖြစ်သည်။ ထိုကဲ့သို့ တည်ငြိမ်သောအစိုးရတစ်ရပ်မှ ငါးနှစ်သက်တမ်းအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းရေးတစ်ရပ်ကို ထိန်းကျောင်းကြီးကြပ်ကွပ်ကဲနိုင်ခြင်းဖြင့် နိုင်ငံ၏ စက်မှုထွန်းကားလာမှုနှင့်အတူ အခြားကဏ္ဍများစွာတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှုများကို အမှန်တကယ် မြင်တွေ့နိုင်မည်ဖြစ်ပေသည်။

ပြီးခဲ့သော ရက်သတ္တပတ်များအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံပေါင်းစုံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အသီးသီးရောက်ရှိလာခဲ့ကြသည်။ အများစုမှာ စိတ်ကောင်းစေတနာကောင်းဖြင့် လေ့လာစောင့်ကြည့်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ကြမည်ဖြစ်သော်လည်း နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်များအပေါ် ဘက်ပေါင်းစုံမှ ချဉ်းကပ်၍ ပိုမိုသိရှိနားလည်သဘောပေါက်ရန် လိုအပ်နေသေးသည့် အုပ်စုများလည်း ရှိဦးမည်ဖြစ်သည်။

ရွေးကောက်ပွဲကို လေးနှစ် သို့မဟုတ် ငါးနှစ်တစ်ကြိမ် ကျင်းပရသော နိုင်ငံအများစုအနေဖြင့် အတွေ့အကြုံနှင့် ပြဿနာများစွာကို ရရှိခဲ့ကြပြီးဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အယ်လ်ဂိုးက ဂျော့ဘုရှ်အပေါ် ဆင်ခြေဆင်လက်ပြကာ သက်ဆိုင်ရာသို့ တိုင်တန်းမှုပြုလုပ်ခဲ့သည်။ ထို့အတူ ဂျိုကိုဝီဒိုဒိုနှင့် ပရာဘိုဝိုဆူ ဘီယန်တိုတို့ယှဉ်ပြိုင်ခဲ့သော အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင်လည်း အလားတူတိုင်တန်းမှုများ ရှိခဲ့ကြသည်။

အစိုးရအနေဖြင့် အောင်မြင်သောရွေးကောက်ပွဲတစ်ခုဖြစ်ရေးအတွက် အကောင်းဆုံးလုပ်ဆောင်ပေးရန် ရွေးကောက်ပွဲကော်မရှင်ကိုလည်းကောင်း၊ မည်သို့သော ရလဒ်ထွက်ပေါ်လာစေကာမူ ထွက်ပေါ်လာသည့်ရလဒ်ကို လေးစားအသိအမှတ်ပြုရန် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များကို လည်းကောင်း တိုက်တွန်းထားရှိပြီးဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် လိုအပ်ပါက ဘောလုံးဒိုင်လူကြီးတစ်ဦးကဲ့သို့ အနီကတ်ပြကာ ပြစ်မှုကျူးလွန်သူများကို အရေးယူအပြစ်ပေးရမည်သာ ဖြစ်ပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သုတေသနဌာနများက ပြုလုပ်သည့် လွတ်လပ်စွာကောက်ယူသော စစ်တမ်းအချို့အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီထက် ပို၍မဲအသာရရှိနိုင်ကြောင်း ဖော်ပြထားသော်လည်း အချို့ကမူ ပွတ်ကာသီကာဖြင့် အနိုင်ရရှိမည်ဟုလည်း ယူဆလျက်ရှိကြသည်။ အဆိုပါ ပါတီကြီးနှစ်ခုမှာ အကြိတ်အနယ်ရှိမည်ဟုလည်း ဆိုကြသည်။ တိုင်းရင်းသားလူနည်းစုပြည်နယ်များရှိ ရွေးကောက်ပွဲများတွင် ဒေသခံတိုင်းရင်းသားများအတွက် ကိုယ်စားပြုသောပါတီများကသာ အနိုင်ရဖွယ်ရှိကြောင်းလည်း ခန့်မှန်းနေကြသည်။

ပြည်သူလူထုအနေဖြင့် လွှတ်တော်အသစ်အတွက် အမှန်တကယ် အရည်အချင်းရှိပြီး လက်တွေ့ကျသည့် ဥပဒေများကို ပြုစုပေးနိုင်မည့် အမတ်များကို မျှော်လင့်ပါသည်။ ဥပဒေအသစ်များကို ရေးဆွဲအတည်ပြုနိုင်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဥပဒေပြုအမတ်များကို အလိုရှိခြင်းဖြစ်ပါသည်။ ထိုဥပဒေပြုအမတ်များသည် ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းပေးနိုင်မည့်သူများလည်း ဖြစ်ရပေလိမ့်မည်။

မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ ကြိုးပမ်းဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်ပြီး ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ မပြုလုပ်နိုင်ပါက လာမည့်ငါးနှစ်တာကာလသည် မြန်မာနိုင်ငံအတွက် တုံ့ဆိုင်းကြန့်ကြာမှုတစ်ရပ်သာ ကြုံတွေ့ရပေလိမ့်မည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက်ပွဲရလဒ်အပေါ် လေးစားအသိအမှတ်ပြုမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားရှိပြီးဖြစ်သည်။ မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် အောင်မြင်သောရွေးကောက်ပွဲမှသည် ရိုးသားကြိုးစားမှုကို အစွမ်းကုန်ပြသနိုင်သည့် အရည်အချင်းပြည့်ဝပြီး ကိုယ်ကျိုးစွန့်သော လွှတ်တော်အမတ်များ ရွေးချယ်နိုင်မည်ကို မျှော်လင့်စောင့်ကြည့်ကြပါစို့. . .။

**(ဦးစိုးသိန်းသည် နိုင်ငံတော်သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်ပြီး အဓိကစီးပွားရေးအကြံပေးတစ်ဦးလည်း ဖြစ်သည်။)**

## ဘင်္ဂလားပင်လယ်အော် တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ် လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/ဇလ)

# မော်ချီးဒေသတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဖွင့်လှစ်၊ မော်တော်ယာဉ်များထောက်ပံ့လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၇

**နိုင်ငံတော်အစိုးရနှင့်အတူ တပ်မတော်အနေဖြင့် ကယားပြည်နယ် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မော်ချီးဒေသအတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းက တာဝန်ယူဆောင်ရွက်ခဲ့သည့် MEC-Tel CDMA 800 MHz Mobile ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဖွင့်လှစ်ခြင်းနှင့် မော်တော်ယာဉ်များ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။** (ယာပုံ)



အဆိုပါအခမ်းအနားသို့ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးဝင်း၊ လွိုင်ကော်တပ်နယ်မှ ဗိုလ်မှူးချုပ် အေးလွင်၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးသန်းကျော်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင်၊ ကယားပြည်နယ် နယ်ခြားစောင့်တပ်မှ ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီး ထွန်းကျော်နှင့် ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ် အေးဝင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးဝင်း၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးသန်းကျော်စိုးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က MEC-Tel CDMA 800 MHz Mobile ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းကို တယ်လီဖုန်းခေါ်ဆို၍ စတင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာ သာသနာ့အလင်းရောင်ကျောင်းတိုက်သို့ SURF မော်တော်ယာဉ်တစ်စီးနှင့် လိုခါးလိုကျေးရွာ နှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ 20KVA မီးစက်နှင့် MEC-Tel CDMA 800 MHz တယ်လီဖုန်းတို့ကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူး ဗိုလ်ချုပ် အေးဝင်းက အောင်ချမ်းသာ လူမှုကူညီရေးအသင်းသို့ HIACE မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်ထောက်ချုပ်နှင့် တာဝန်ရှိသူများသည် မော်ချီးကျေးရွာ သာသနာ့အလင်းရောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသထံသို့ သွားရောက်၍ တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းပြီး မော်တော်ယာဉ်အပါအဝင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မော်ချီးဒေသသည် ကယားပြည်နယ်အတွင်းရှိ ဝေးလံခေါင်ဖျားသောဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ တပ်မတော်အနေဖြင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းကတာဝန်ယူပြီး တယ်လီဖုန်းဆက်သွယ်မှုရရှိအောင် I Direct ဂြိုဟ်တုဖြင့်ချိတ်ဆက်၍ CDMA 800 MHz လိုင်းဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် မော်ချီးဒေသ သဘာဝဘေး ကျရောက်ချိန်တွင်လည်း ဂြိုဟ်တုနှင့် MEC-Tel CDMA ဖုန်းချိတ်ဆက်၍ စမ်းသပ်ဆောင်ရွက်ချိန်နှင့် တိုက်ဆိုင်သဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများတွင် များစွာအထောက်အကူပြု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာနိုင်ငံသား ရေလုပ်သား ၇၁ ဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၁ ဦးတို့သည် ယနေ့နံနက် ၂နာရီမိနစ်၄၀ က စင်းလုံးငှားလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။ **(အောက်ပုံ)**

"အခုပြန်ရောက်လာတဲ့ သူတွေက အင်ဒိုနီးရှားရေပိုင်နက်ထဲက ငါးဖမ်းလှေတွေပေါ်မှာ အလုပ်လုပ်တဲ့သူတွေပါ။ အများစုကတော့ လုပ်ခလစာတွေရခဲ့တယ်။ သူတို့ကို နေရပ်လိပ်စာ မှန်ကန်မှု ရှိမရှိနဲ့ လူကုန်ကူးခံရခြင်း ရှိ၊မရှိ စစ်ဆေးမှုတွေပြုလုပ်သွားမယ်။ လူကုန်ကူးခံရတာတွေ ရှိခဲ့ရင် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမယ်"ဟု အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။



အဆိုပါ ရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ကာ ရန်ကုန်၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီ တိုင်းဒေသကြီးတို့နှင့် မွန်၊ ကရင်၊ ရခိုင်ပြည်နယ်တို့မှ ပါဝင်ကြောင်း သိရသည်။

"အင်ဒိုနီးရှားအစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တဲ့အတွက် အခက်အခဲတွေ ကြုံခဲ့ရတယ်။ အင်ဒိုနီးရှား ငါးဖမ်းလှေပေါ်မှာ တစ်နှစ်ကျော်ကြာခဲ့တယ်။ ကျန်ရှိနေတဲ့ လုပ်အားခတွေကိုလည်း သက်ဆိုင်ရာက ကူညီပေးလို့ အားလုံးရရှိခဲ့ပါတယ်။ နောက်ထပ်သွားဖို့ အစီအစဉ်မရှိတော့ပါဘူး"ဟု ပြန်လည်ရောက်ရှိလာသူ ထားဝယ်မြို့နယ်မှကိုစိုးအောင်ကပြောသည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူတို့ကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းဦးစီးဌာနရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ သက်ဆိုင်ရာက ခေတ္တနေရာချပေးထားသည်။ IOM အနေဖြင့် ပြန်လည် ရောက်ရှိလာသူများကို သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများပြုလုပ်၍ လိုအပ်ပါကထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ နိုဝင်ဘာ ၇ ရက်အထိ (၈)ကြိမ်မြောက် ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၃၀၇ ဦး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ ဇော်ကြီး(ပဏီတ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၇**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး(အောက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လေယာဉ်မောင်/မယ် သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာအမျိုးသားလေကြောင်းပျံသန်းရေးဌာန လေယာဉ်မောင်/မယ် (၂/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်ဦးသန်းထွန်းက အမှာစကားပြောကြားရာတွင် လေယာဉ်မောင်/မယ်များကို ပျံသန်းမှုဆိုင်ရာ လုပ်ငန်းသဘောသဘာဝအရ အချိန်နှင့်တစ်ပြေးညီ အမြဲမပြတ်လှုပ်ရှားနေရပြီး ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို အချိန်ကိုက်တိတိကျကျ လုပ်ဆောင်နိုင်အောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အရေးပေါ် အခြေအနေမျိုးတွင် နှောင့်နှေးမှုမရှိအောင် အချိန်မီလုပ်ဆောင်သွားနိုင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။



အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးအတွက် အိမ်ခြေ ၁၁၈ လုံး လှူဒါန်း

တင်စိုး(မြန်မာ့အလင်း)



**မြောက်ဦး နိုဝင်ဘာ ၇**

CB-KMA Foundation က မြောက်ဦးဒေသ ရေဘေးလွန်ကာလ ပြန်လည် ထူထောင်ရေးအတွက် ဆောင်ရွက်ရာတွင် မြေရှစ်ဧကကို ဝယ်ယူခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၁၁၈ လုံးကို ရေဘေးသင့်ပြည်သူများအတွက် တည်ဆောက်ပေးနိုင်ခဲ့ကြောင်းနှင့် စီမံကိန်းမှာ နိုဝင်ဘာလကုန်တွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်သည် ဆိုးရွားပြင်းထန်သည့် ရေဘေးဒဏ်ခံရသောဒေသထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ရေဘေးကြောင့် နေထိုင်ရေး အတိဒုက္ခရောက်ရှိခဲ့သည့် ပြည်သူလူထုမှာ ဖောင်းဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် မူလထက်သာလွန်ကောင်းမွန်သော နေထိုင်မှုကို ရရှိပိုင်ဆိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ရေဘေးကြောင့် အတိဒုက္ခရောက်ရတဲ့ပြည်သူတွေကို ကျွန်တော်တို့ ဖောင်းဒေးရှင်းအနေနဲ့ အချိန်နှင့်တစ်ပြေးညီ အကူအညီပေးခဲ့ပါတယ်။ သမ္မတကြီးရဲ့ လမ်းညွှန်မှု၊ အလိုတော်ပြည့် ဆရာတော်ကြီး၏ ဦးဆောင်မှုကြောင့် အလှူရှင်တွေရဲ့ ပူးပေါင်းပါဝင်မှုတွေကြောင့် ရခိုင်မြောက်ဦးဒေသအတွက် အကောင်းဆုံးစီစဉ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ CB-KMA Foundation အနေနဲ့ ဒေသခံပြည်သူများရဲ့ လူမှုရေး၊ ကျန်းမာရေး၊ အခြေတကျနေထိုင်ရေး၊ ပညာရေးအစရှိတဲ့ လိုအပ်ချက်တွေအတွက် ငွေကျပ်သိန်း နှစ်သောင်းကျော် အကုန်အကျခံကာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်"ဟု ဖောင်းဒေးရှင်း ဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

မြောက်ဦးမြို့နယ်ရှိ ရေဘေးဒဏ်ခံခဲ့ရသည့် ကျေးရွာများဖြစ်သော ထမ္မရာဇ်ကျေးရွာတွင် မြေငါးဧက၊ ရော်မနီကျေးရွာတွင် (၂ ဒသမ ၅) ဧကနှင့် ရွှေထွန်းဖြူကျေးရွာတွင် (၀ ဒသမ ၅) ဧက ဝယ်ယူပြီး နေအိမ်များ ဆောက်လုပ်ပေးခြင်းဖြစ်သည်။ ထမ္မရာဇ်ကျေးရွာတွင် အိမ်ရာ၆၄ လုံး၊ ရော်မနီကျေးရွာတွင် အိမ်ရာ ၃၈ လုံး၊ ရွှေထွန်းဖြူကျေးရွာတွင် အိမ်ရာ ၁၆ လုံး စုစုပေါင်း ၁၁၈ လုံး ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ ယင်းအိမ်တစ်လုံးအတွက် မြေအကျယ်အဝန်းမှာ ပေ (၃၀× ၄၀) နှင့် အိမ်အကျယ်အဝန်းမှာ ပေ (၁၅× ၂၀) ရှိသည်။ ယခုနိုဝင်ဘာလဆန်းတွင် အဆိုပါကျေးရွာသုံးရွာတွင် အိမ် ၉၈ လုံး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"နေအိမ်တွေကတော့ အားလုံးဆောက်လုပ်ပြီးစီးတော့မှာပါ။ ဖောင်ဒေးရှင်းအနေနဲ့ နှစ်လအတွင်း အားလုံး တည်ဆောက်ပြီးစီးနိုင်အောင် ကြိုးစားနေပါတယ်။ လက်ရှိမှာတော့ ၈၀ ရာခိုင်နှုန်းကျော်အထိ တည်ဆောက်ပြီးစီးသွားပါပြီ ဒေသခံပြည်သူတွေအနေနဲ့ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုပြီးမြင့်မားလာမှာဖြစ်ပြီး ရေ၊ မီး အပြည့်အစုံအားလုံးစုံလင်စွာ နေထိုင်နိုင်အောင် လုပ်ဆောင်ပေးနေပါတယ်၊ ရေကိုလည်း ပိုက်လိုင်းနဲ့သွယ်တန်းပေးထားပြီး မီးရရှိအောင် ဆိုလာစနစ်နဲ့ ဆောင်ရွက်ပေးထားပါတယ်" ဟု CB-KMA Foundation တွင် ပါဝင်သော ကောင်းမြန်မာအောင် ဆောက်လုပ်ရေးမှ အင်ဂျင်နီယာ ဦးဝင်းမင်းသန်းက ပြောကြားသည်။

နိုဝင်ဘာလကုန်တွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ အစီအစဉ်ဖြင့် ဒေသခံပြည်သူများကို မဲနှိုက်နေရာချထား ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါတာဝန်ရှိသူက ပြောကြားသည်။ ယင်းအပြင် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ဆောင်သစ်ဆောက်လုပ်ခြင်း၊ အလက(၁)ကျောင်း ပြုပြင်တည်ဆောက်ခြင်း၊ ဆင့်အိုး အမက(၂)၊ကျောင်းတောင်အမကများကိုလည်း ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလကုန်တွင် အပြီးသတ် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

## လားရှိုးမြို့နယ် နမ္မဘောဒကျေးရွာ (၈)အုပ်စု လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**လားရှိုး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နမ္မဘောဒကျေးရွာရှစ်အုပ်စု၏ လျှပ်စစ်မီးဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက နမ္မဘောဒကျေးရွာရှစ်အုပ်စု ထရန်စဖော်မာ ရှေ့ကွင်းပြင်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပရာ မာမိုကျယ်၊ နောလ၊ မာကုလုံ၊ ကာနုံ၊ ဈေးကုန်း၊ ပိန်းနား၊ ပန်ယန်း၊ ရောင်ရှန်းရှစ်ရွာအုပ်စုတို့၏ လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။



ဝ၊ လားဟူလူမျိုးများ အများဆုံးနေထိုင်သော နမ္မဘောဒရှစ်ရွာအုပ်စု လျှပ်စစ်မီးရရှိရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ငွေကျပ် ၁၂၄၂ သိန်း၊ ကျေးရွာပြည်သူလူထုက ငွေကျပ်သိန်း ၁၂၀၀ ခန့်ဖြင့် ကျေးရွာရှစ်အုပ်စု မီးလင်းရေးကော်မတီတို့၏ ဝိုင်းဝန်းဆောင်ရွက်မှုဖြင့် ကျေးရွာမီးလင်းရေးအတွက် မြသင်းကြူ(လျှပ်စစ်)ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ဟန်ဌေး(လားရှိုး)**

## ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့

**ရေဦး နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်မှုကြောင့် နေအိမ်ပြောင်းရွှေ့ခဲ့ကြရသည့် အိမ်ထောင်စု ၃၅ စုတို့အတွက် နိုဝင်ဘာ ၅ ရက်က နေအိမ်ပြောင်းရွှေ့စရိတ်အဖြစ် တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်းနှင့်အဖွဲ့ဝင်များက ကျေးရွာအရောက် ကွင်းဆင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**



## ရေဘေးသင့်ခဲ့သည့် ပြည်သူများအတွက် ကျန်းမာရေးထောက်ပံ့ငွေလှူဒါန်း

**ကျွန်းလှ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အခြေခံပညာကျောင်းများကို ပညာရေးငွေပဒေသာပင်နှင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများအတွက် ကျန်းမာရေးထောက်ပံ့ငွေလှူဒါန်းပေးအပ်ပွဲကို နိုဝင်ဘာ ၇ရက်က အထက(၂) သစ်ရာမြိုင်/ မူလတန်းလွန်ကျောင်း ပျဉ်းမမြိုင်ရပ်ကွက်တို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ မေတ္တာနန္ဒဖောင်ဒေးရှင်းဦးဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ၊ ဆရာတော်ဘဒ္ဒန္တယောသိတာဘိဝံသ (USA) နှင့် ဒါယကာ၊ ဒါယိကာမများ၊ ပြည်အလှူရှင်များစုပေါင်း၍ ပညာရေးငွေပဒေသာပင်နှင့် ထောက်ပံ့ငွေများ လှူဒါန်းရာတွင်ကျွန်းလှမြို့ အထက(၂)သစ်ရာ မြိုင်ကျောင်း၌ ငွေကျပ်သိန်းနှစ်ဆယ်၊ မူလတန်းလွန်ကျောင်း ပျဉ်းမမြိုင်ရပ်ကွက်၌ ငွေကျပ် ၁၁ သိန်း၊ တပ်ကုန်းကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ငွေကျပ် ၁၀သိန်းနှင့် သပြေမြိုင်ရပ် ရေဘေးသင့်ပြည်သူများ ကျန်းမာရေးအတွက် ငွေကျပ် ၁၁ သိန်းတို့ကို လှူဒါန်းခဲ့ပြီး ကန့်ဘလူမြို့နယ် ပေကုန်းအရှေ့နှင့် အနောက်ကျေးရွာ၊ လိတ္တူကျေးရွာ၊ တန့်ဆည်မြို့နယ် တုတ္တလုပ်၊ သာကေတ၊ အောင်သုခကျေးရွာစာသင်ကျောင်းတို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ပြန်လည်ထူထောင်ရေးအတွက် စွမ်းဇာတ်သဘင်နှင့် ဗန်းမော် Old Star ဘောလုံးအသင်း ယှဉ်ပြိုင်ကစား၍ရန်ပုံငွေရှာ

**ဗန်းမော် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် စွမ်းပရဟိတအဖွဲ့၏ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးကူညီထောက်ပံ့ရန် စွမ်းဇာတ်သဘင် ဘောလုံးအသင်းနှင့် ဗန်းမော် Old Star ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားပွဲကို နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ဗန်းမော်ခရိုင် (အား/ကာ) ဗန်းမော်ကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် နှစ်ဖက်အသင်း နှစ်ဂိုးစီသရေကျခဲ့ပြီး ပြိုင်ပွဲကုန်ကျစရိတ်ကို Sut Family Gruop Co., Ltd, ဗန်းမော်မှ မန်နေးဂျင်းဒါရိုက်တာ ဦးဖေါ်လုလဝမ်က ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။ အဆိုပါ ဘောလုံးပွဲတွင် လူကြီးတစ်ဦးငွေကျပ် ၃၀၀၀၊ ကလေးတစ်ဦးငွေကျပ် ၁၅၀၀ နှင့် စေတနာရှင်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၉ သိန်းခန့်ရရှိခဲ့သည်။ နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ချစ်ကြည်ရေးဘောလုံးပွဲ ထပ်မံကစားမည်ဖြစ်သည်။

စွမ်းပရဟိတအဖွဲ့မှ ဘောလုံးပွဲဝင်ကြေးနှင့် လှူဒါန်းရရှိငွေများကို ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး ကူညီပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**



# တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း မတည်လှူဒါန်းခဲ့သောတန်ဆောင်းကို အဆင့်မြင့်စာကြည့်တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်မည်

**ပုဂံ နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မြေ ပုဂံ-ညောင်ဦးဒေသရှိ တန်ခိုးကြီး ရွှေစည်းခုံစေတီတော်ကြီး၏ အရှေ့မုခ်တွင် ၁၉၆၁ ခုနှစ် ဇန်နဝါရီလ ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း၏ မတည်လှူဒါန်းငွေနှင့် အများပြည်သူတို့ စုပေါင်း ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်လှူဒါန်းခဲ့သော အာရုံခံတန်ဆောင်းကို အဆင့်မြင့် စာကြည့်တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလျားပေ ၅၀ ကျော် အနံပေ ၃၀ ခန့် အုတ်တိုက်သွပ်မိုး တန်ဆောင်းကို ယခုအခါ ဘုရားဖူး ပြည်သူတို့ တည်းခိုနားနေဆောင် အဖြစ် အသုံးပြုလျက်ရှိနေပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည် ဒုတိယကောင်စစ်ဝန်ချုပ်က ပြန်လည် ပြင်ဆင်မွမ်းမံ၍ အဆင့်မြင့် စာကြည့်တိုက်အဖြစ် လှူဒါန်းသွားမည်ဖြစ်ရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းထွန်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။



ပုဂံ-ညောင်ဦးဒေသရှိ တန်ခိုးကြီး ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ နေ့စဉ်နှင့်အမျှ ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်တို့ အများအပြား လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိနေပြီး စေတီတော်ကြီး၏ အနီးဝန်းကျင်ရှိ အာရုံခံတန်ဆောင်း၊ ဇရပ်များတွင် လာရောက်တည်းခို နေထိုင်လျက်ရှိသော ဘုရားဖူး ပြည်သူအများအပြား ရှိနေလေရာ ယခုကဲ့သို့ စေတီတော်ကြီးရှေ့တွင် အဆင့်မြင့် စာကြည့်တိုက် ဖွင့်လှစ်နိုင်မည်ဆိုပါက အများပြည်သူတို့ ဘုရားဖူးရင်းနှင့် နားနားနေနေ စာအုပ်စာပေများ ဖတ်ရှုလေ့လာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ထောက်ခံပွဲ မြိတ်၌ကျင်းပ

**မြိတ် နိုဝင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး စာချုပ် NCA သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လူထုထောက်ခံပွဲကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ဒေသခံပြည်သူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ သဘာပတိ ဦးစံရီက အမှာစကား ပြောကြားပြီး မြို့မိမြို့ဖ ဦးစိုးရီက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ထောက်ခံကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ မွန်တိုင်းရင်းသား ဦးသောင်းတင်က တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ထောက်ခံကြောင်းဆွေးနွေးပြောကြားခဲ့သည်။ **ခိုင်ထူး(မြိတ်)**

# အထွေထွေရွေးကောက်ပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတင်းမီဒီယာ ၃၂ ဖွဲ့မှ စောင့်ကြည့်သတင်းယူမည်

**မုံရွာ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ သတင်းမီဒီယာ ၃၂ ဖွဲ့မှသတင်းသမား ၂၄၀ ကျော် စောင့်ကြည့် သတင်းယူသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်ကိုးခုနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ သတင်းမီဒီယာ ၂၄၂ ဦးစောင့်ကြည့် သတင်းယူမယ်လို့ စာရင်းပေးထားတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်းပဲ သတင်းရယူကြရမှာပါ"ဟု တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သတင်းမီဒီယာ စောင့်ကြပ်သတင်းယူရန် လျှောက်ထားမှုအရ သတင်းမီဒီယာ ၃၂ ဖွဲ့မှ စစ်ကိုင်း ခရိုင်အတွင်း ၃၂ ဦး၊ ရွှေဘိုခရိုင်အတွင်း ၄၂ ဦး၊ မုံရွာခရိုင်အတွင်း ၃၂ ဦး၊ ယင်းမာပင် ခရိုင်အတွင်း ၁၈ ဦး၊ ကလေးခရိုင်အတွင်း ၃၀ ၊ တမူးခရိုင်အတွင်း ၁၀ ဦး၊ မော်လိုက် ခရိုင်အတွင်း ရှစ်ဦး၊ ကသာခရိုင်အတွင်း ၄၆ ဦး၊ ခန္တီးခရိုင်အတွင်း ခြောက်ဦး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ကိုးဦး စုစုပေါင်း ၂၄၂ ဦးတို့မှ စောင့်ကြည့်သတင်းယူသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

## ထူးခြားသည့် ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

## မှတ်သားဖွယ်မိုးရေချိန်

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၇၄ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# သထုံအကျဉ်းထောင်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အချုပ်သားများနှင့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေး

**သထုံ နိုဝင်ဘာ ၇**

မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက်ရှိ သထုံအကျဉ်းထောင်တွင် ပြစ်ဒဏ်အမျိုးမျိုးကြောင့် အမှုရင်ဆိုင်နေရဆဲဖြစ်သည့် ဆန္ဒမဲပေးခွင့်ရှိသူသထုံမြို့နယ်မှ အချုပ်သား ၅၅ ဦးနှင့် ဝန်ထမ်း ၂၅ ဦးတို့သည် သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၆ ရက်က ကြိုတင်ဆန္ဒမဲများ ပေးခဲ့ပြီးဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှသိရသည်။

"ထောင်မှာရှိတဲ့အချုပ်သား ၈၅ ဦးထဲက ၁၈ နှစ်မပြည့်သေးတဲ့ တစ်ဦးကလွဲပြီး ကျန်အချုပ်သားအားလုံး ကြိုတင်မဲပေးခဲ့ပြီးပါပြီ။ အခြားမြို့နယ် ၁၅ခုက အချုပ်သား ၂၉ ဦးကတော့သက်ဆိုင်ရာမြို့နယ်တွေမှာ ကြိုတင်မဲပေးကြတယ်။ ဒီနေ့မှာတော့ သထုံမြို့နယ်က အချုပ်သား ၅၅ ဦးကြိုတင်မဲပေးခဲ့ပါတယ်။ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တွေနဲ့ နိုင်ငံရေးပါတီ သုံးခုလောက်က ကိုယ်စားလှယ်တွေလည်း လာပြီး စောင့်ကြည့် လေ့လာခဲ့ကြပါတယ်။ ဝန်ထမ်း ၂၅ ဦးကတော့ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးမှာ ကြိုတင်မဲသွားပေးပြီးပြီ" ဟု သထုံအကျဉ်းထောင်မှူးဦးစီးအရာရှိ ဦးတင်ချိုက ပြောသည်။

အဆိုပါနေ့တွင်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတို့က ကြိုတင်ဆန္ဒမဲများပေးအပ်ရာတွင် စနစ်တကျ ပေးနိုင်ရန်နှင့် မိမိတို့ဆန္ဒပြုလိုက်သည့် ကြိုတင်မဲများကိုပယ်မဲများ ဖြစ်မသွားစေရန် သတိပြုရမည့်အချက်များကို အကျဉ်းထောင်ရှိကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိသူ အချုပ်သားများအား ရှင်းပြခဲ့ကြရာ သထုံမြို့နယ်မှ ပြစ်ဒဏ်အမျိုးမျိုးကြောင့် အမှုရင်ဆိုင်နေရဆဲ အချုပ်သား ၅၅ ဦးတို့က မိမိတို့ဆန္ဒအလျောက် လွတ်လပ်စွာ ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

# အင်းတော်မြို့တွင်းရပ်ကွက် ကျောက်စီရေမြောင်းဆောင်ရွက်

**အင်းတော် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင်း ရပ်ကွက် အောင်ဇေယျနှင့် အောင်ချမ်းသာရပ်ကွက်တွင် ကျောက်စီရေမြောင်းကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျောက်စီရေမြောင်းကို တိုင်းဒေသကြီးအဖွဲ့က ဘိလပ်မြေအိတ် ၃၀၀ ထောက်ပံ့ပေးခဲ့ပြီး အင်းတော်မြို့ စည်ပင်သာယာရေးကော်မတီက လုပ်အားခကုန်ကျငွေကိုလည်းကောင်း၊ ရပ်ကွက်နေပြည်သူတို့က သဲ၊ ကျောက်များကိုလည်းကောင်း ထည့်ဝင်ပေးခဲ့သည်။

ယင်းကျောက်စီရေမြောင်း အရှည်ပေ ၁၀၀၀၊ အကျယ် သုံးပေ၊ အမြင့် သုံးပေကို အင်းတော်မြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ အမှုဆောင်အရာရှိ ဦးအေးမင်းထွန်းနှင့် တာဝန်ခံဦးမင်းမင်းစိုးတို့က တာဝန်ယူပြုလုပ်ဆောင်ရွက်ခဲ့သည်။

**ခင်မောင်ဆွေ(အင်းတော်)**



# မိုင်းတုံ-တာဆန်းလမ်း အဆင့်မြှင့်တင်နေမှုစစ်ဆေး

**မိုင်းဆတ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)မိုင်းပန်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် မိုင်းတုံ- တာဆန်းလမ်း အပိုင်း ၃၃ မိုင်ကို အဆင့်မြှင့်တင်ခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်က မိုင်းဆတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ လမ်းအထူးအဖွဲ့ (၃) တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရွေးကောက်ပွဲကျင်းပရန်အတွက် ဗဟန်းမြို့နယ်မှာ ဘာတွေပြင်ဆင်ထားလဲ

တွေ့ဆုံမေးမြန်း
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်

**ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးနိုင်သူဦးရေ ခြောက်သိန်းခုနစ်သောင်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ အနောက်ပိုင်းခရိုင်တွင်ပါရှိသည့် ဗဟန်းမြို့နယ်၌ မဲရုံပေါင်း ၆၆ ရုံရှိပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိပြီးစီးမှုအခြေအနေကို မြန်မာ့သတင်းစဉ် (ပြည်တွင်း)က ဗဟန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

**မေး ။ ဗဟန်းမြို့နယ်မှာ တည်ရှိတဲ့ မဲရုံအရေအတွက်နဲ့ မဲပေးခွင့်ရှိသူဦးရေ စုစုပေါင်း ဘယ်လောက် ရှိပါသလဲ။**

ဖြေ ။ ကျွန်တော်တို့ ဗဟန်းမြို့နယ်မှာ မဲရုံစုစုပေါင်း ၆၆ ရုံ ရှိပါတယ်။ ဆန္ဒမဲပေးနိုင်တဲ့ မဲဆန္ဒရှင်အရေအတွက်က ခြောက်သောင်းငါးထောင်ခန့် ရှိပါတယ်။ အနည်းဆုံး မဲဆန္ဒရှင် ၃၀၀ နဲ့အထက်ရှိရင် မဲရုံ တစ်ရုံ သတ်မှတ်ထားရှိပါတယ်။ ဗဟန်းမြို့နယ်က မဲရုံတစ်ရုံမှာ အများဆုံး မဲဆန္ဒရှင် ၁၃၀၀ ကြား မဲပေးနိုင်မှာပါ။

**မေး ။ မဲရုံတည်နေရာတွေကို ဘယ်လို အချက်အလက်တွေအပေါ်မှာ အခြေခံပြီး ရွေးချယ်ခဲ့ပါသလဲ။**

ဖြေ ။ မဲရုံကို အများပြည်သူ မဲဆန္ဒရှင်တွေ အလွယ်တကူလာရောက်ပြီး ဆန္ဒမဲပေးနိုင်တဲ့နေရာ၊ ပရဝဏ်သတ်သတ်မှတ် ရှိနိုင်တဲ့နေရာ၊ မဲဆန္ဒရှင်တွေအတွက် သွားရေးလာရေးအဆင်ပြေစေမယ့် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းတွေကို ရွေးချယ်ပါတယ်။ တချို့သော ရပ်ကွက်တွေမှာတော့ ဆွမ်းလောင်းအသင်း အဆောက်အအုံတွေကို အသုံးပြုပါတယ်။

**မေး ။ အခု လက်ရှိ မဲရုံပြင်ဆင်မှုနဲ့ လိုအပ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းတွေထားရှိမှု အခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ ။ မဲရုံတစ်ရုံမှာ သုံးရမယ့် ပစ္စည်းတွေကိုတော့ မဲပုံးတွေ၊ မဲလက်မှတ်တွေ၊ ဆန္ဒမဲပြုမယ့်အချိန်မှာ အသုံးပြုမယ့် တံဆိပ်တုံးတွေ၊ ဆန္ဒမဲပေးပြီးနောက် စုစည်းပြီးပြန်ပို့ရမယ့် အိတ်တွေ၊ ခြင်းတောင်းတွေ အားလုံးကို မဲရုံ ၆၆ ရုံအတွက် သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်ရုံးအသီးသီးကို ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။

**မေး ။ ကြိုတင်မဲတွေနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုဆောင်ရွက်မှုတွေပြုလုပ်နေပါသလဲ။**

ဖြေ ။ ကြိုတင်မဲဆိုရာမှာ နှစ်ပိုင်းရှိမယ်။ ပြည်တွင်းနဲ့ ပြည်ပပေါ့။ ပြည်ပရောက် ကြိုတင်မဲတွေကတော့ သတ်မှတ်တဲ့ကာလ ကုန်ဆုံးသွားပါပြီ။ သက်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနကတောင်းဆိုတဲ့ မဲလက်မှတ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကနေတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို ပို့ပါတယ်။အခု ဆန္ဒမဲပေးပြီးသွားတဲ့ မဲလက်မှတ်တွေ ပြန်လည်ရောက်ရှိလာပါပြီ။

ပြည်တွင်းမှာက အကြောင်းအမျိုးမျိုးကြောင့် သင်တန်းတက်ရောက်နေတဲ့ နေရာတွေရှိပါတယ်။ ဥပမာ- ဇီးပင်ကြီးတို့၊ ဖောင်ကြီးတို့လို ဗဟိုဝန်ထမ်းတက္ကသိုလ်တွေ၊ ခရီးဝေး တာဝန်ထမ်းဆောင်နေရသူတွေ၊ ကမ်းလွန်ရေနံက ဝန်ထမ်းတွေကဲ့သို့သော မဲဆန္ဒရှင်တွေအတွက် ကြိုတင်မဲတောင်းခံမှုတွေကို ပေးပို့ပြီးပါပြီ။ အခု လက်ရှိမှာ ကြိုတင်မဲတွေ ပြန်လည်ရောက်ရှိလာပါပြီ။ အခုလက်ရှိ အကျဉ်းဦးစီးက အချုပ်သားတွေဆီကလည်း ကြိုတင်မဲ တောင်းခံမှုတွေအတွက်လည်း ပေးပို့ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ပြန်လည်ရောက်ရှိဖို့ စောင့်ဆိုင်းနေပါတယ်။ ဒါကတော့ ပြည်တွင်း ပြည်ပက ကြိုတင်မဲကိစ္စပါ။

နောက်တစ်ခုကတော့ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတွေက ဆောင်ရွက်တဲ့ ကြိုတင်မဲလည်း ရှိပါတယ်။ ဒါကတော့ အစိုးရရဲ့ တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေကိုဆိုရင် အောက်တိုဘာ ၂၉ ရက်ကစပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ပေးခွင့်ပြုထားတယ်။ ဗဟန်းမြို့နယ်အတွင်းက ရပ်ကွက် ၂၂ ရပ်ကွက်မှာ နိုဝင်ဘာ ၆ ရက်နဲ့ ၇ ရက်မှာတော့ သက်ကြီးရွယ်အိုတွေ၊ ခရီးသွားမယ့်သူတွေ၊ သတ်မှတ်ထားတဲ့ ဥပဒေတွေနဲ့ ကိုက်ညီသူတွေ၊ အကြောင်းအမျိုးမျိုးကြောင့် မဲရုံကိုဆန္ဒမဲ လာမပေးနိုင်တဲ့ မီးဖွားစလူနာတွေကိုတော့ ရပ်ကွက်တွေမှာ ကြိုတင်မဲပေးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကြိုတင်မဲကို ပွင့်လင်းမြင်သာမှုရှိအောင် ရပ်/ကျေး ကော်မရှင်ရုံးက ကြိုတင်မဲပေးနိုင်တဲ့နေရာမှာ ပါတီအသီးသီးရဲ့ ကိုယ်စားလှယ်တွေကို ဖိတ်ကြားစောင့်ကြည့်ခွင့်ပြုထားသလို နေအိမ်မှာ ဆန္ဒမဲပေးလိုသူတွေအတွက်လည်း ကော်မရှင်ကတာဝန်ရှိသူနှစ်ဦးနဲ့အတူ ပါတီကိုယ်စားလှယ် လေ့လာစောင့်ကြည့်သူတွေကို လိုက်ပါခွင့်ပြုထားပါတယ်။

**မေး ။ လက်ရှိမှာ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှု အခြေအနေက ဘယ်လို ရှိပါသလဲ။**

ဖြေ ။ လက်ရှိမှာ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ပေါင်းစပ်ပြီး မဲရုံတွေ ကြိုတင်ပြင်ဆင်ထားမှု ရှိ/မရှိ၊ မဲရုံ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ မဲရုံသုံးပစ္စည်းတွေ ရောက်ရှိမှုတွေကို ရပ်ကွက်တိုင်းအတွက် ကြီးကြပ်စစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။ရပ်ကွက်အတွင်းမှာ သက်သေခံလက်မှတ်တွေ လာရောက်တောင်းခံရင် ထုတ်ပေးနိုင်ဖို့လိုအပ်မယ့် မဲဆန္ဒရှင်တွေရဲ့ စာရင်းကို ပြင်ဆင်ဆောင်ရွက်ပေးထားပါတယ်။ မဲရုံတာဝန်ရှိသူတွေနဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေကို လိုက်နာရမယ့် ကျင့်ဝတ်တွေအတိုင်း လိုက်နာဆောင်ရွက်ကြဖို့ ညွှန်ကြားထားသလို ပါတီတွေနဲ့တွေ့ဆုံမှုတွေလည်း လုပ်ထားပါတယ်။

ရွေးကောက်ပွဲ ကျင်းပမယ့်နေ့မှာ သတင်းမီဒီယာတွေကိုတော့ မဲရုံပရဝဏ်အတွင်းမှာတော့ ဓာတ်ပုံရိုက်ခွင့်၊ ဝင်ရောက်ခွင့်ပြုပေးမယ့် မဲရုံအတွင်းမှာတော့ ဓာတ်ပုံ ရိုက်ကူးခွင့်မရှိပါဘူး။ နိုင်ငံတကာ လေ့လာသူတွေကို မဲရေတွက်ရာမှာ ပါတီအသီးသီးက မဲရုံကိုယ်စားလှယ်တွေနည်းတူ လေ့လာခွင့်ပြုထားပါတယ်။



ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် အ.မ.က (၃)၌ ဆန္ဒမဲပေးနိုင်ရန် မဲရုံပြင်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖိုးထောင်

# ရွေးကောက်ပွဲတွင် အမြင်အာရုံချို့ယွင်းသူများ ဘေးအကူအညီမပါဘဲ မိမိဘာသာဆန္ဒမဲပေးနိုင်ကြတော့မည်

**ရန်ကုန် နိုဝင်ဘာ ၇**

အမြင်အာရုံချို့ယွင်းနေသူများအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကျင်းပစဉ်က ဘေးလူအကူအညီဖြင့် မဲပေးခဲ့ကြရသည်။ ယခု ၂၀၁၅ ရွေးကောက်ပွဲတွင် ဘေးလူအကူအညီမပါ မိမိဘာသာ တစ်ဦးတည်းဆန္ဒမဲပေးနိုင်ကြတော့မည်ဖြစ်သည်။

အမြင်အာရုံချို့ယွင်းသူများ ဘေးအကူအညီမပါ မိမိတစ်ဦးတည်း ဆန္ဒမဲပေးခြင်း သရုပ်ပြအခမ်းအနားကို နိုဝင်ဘာ ၇ ရက် ညနေ ၃ နာရီက ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း မျက်မမြင်ကျောင်းအတွင်းရှိ မဲရုံ၌ ပြုလုပ်သည်။



ရွေးကောက်ပွဲတွင် ဘေးအကူအညီမပါ မိမိဘာသာ တစ်ဦးတည်း ဆန္ဒမဲပေးနိုင်ရေးအတွက် ပလတ်စတစ်ပြား (Template)တွင် မျက်မမြင်စာဖြင့် တီထွင်ထားပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆန္ဒမဲပေးရန် တီထွင်ပေးသူ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကွန်ပျူတာသင်ကြားပေးသူ ဦးအောင်လွင်ဦးက "မြို့နယ်အလိုက် ဆန္ဒမဲပေးရမယ်။ ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်၊ ပါတီနာမည်နဲ့ တံဆိပ်တုံးထုနိုင်ဖို့အတွက် အကွက်လေးကအစ တီထွင်ထားပေးပါတယ်" ဟု ရှင်းပြပေးသည်။

ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မြစ်ကြီးနားအပါအဝင် မြို့နယ်ကိုးမြို့နယ်တို့တွင် အမြင်အာရုံချို့ယွင်းသူ ၃၅၀ ခန့်ရှိသည်ဟု သိရသည်။ ၎င်းတို့အနေဖြင့် ယခုကဲ့သို့ Template ပြားကို စမ်းသပ်မဲပေးကြမည်ဟု သိရသည်။ အချို့ကလည်း မူလအတိုင်း ဘေးအကူအညီဖြင့် ပေးကြမည်ဟု ဆိုကြသည်။

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် မျက်မမြင်ကျောင်းဝင်းခန်းမရှိ မဲရုံအမှတ် (၁)တွင် အသက် ၁၈ နှစ်ပြည့် အမြင်အာရုံချို့ယွင်းပြီး ဆန္ဒမဲပေးမည့်သူ ၅၅ ဦးရှိကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ - ကိုကြီးတင်**

# မဲရုံများ ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်လင့်တကူ မဲဆန္ဒပေးနိုင်ရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးတိုးဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညွန့်ရှိန်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်ရှိ မဲရုံကိုးရုံတို့၌ ကြိုတင်ပြင်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လိုက်နာရမည့် တာဝန်ဝတ္တရားများ၊ မဲဆန္ဒရှင်များ မဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်၊ ခိုင်လုံမဲနှင့် ပယ်မဲနမူနာ ပုံစံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မျက်မြင်သက်သေများ၊ မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ ရွေးကောက်ပွဲကြည့်ရှုလေ့လာသူများကို နေရာချထားမှု၊ မဲရေတွက်ပုံ၊ ဆာလာအိတ်များနှင့် ဆန္ဒမဲလက်မှတ်များ ထုပ်ပိုးပုံ အဆင့်ဆင့်စသည့် ဗီနိုင်းကားချပ်ကြီးများ မဲရုံရှေ့ထင်သာမြင်သာနေရာ၌ ချိတ်ဆွဲထားမှုနှင့် မဲဆန္ဒရှင်များ စိတ်ချမ်းမြေ့လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ထားရှိရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ကိုချစ်**

## အမေရိကန်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် မြို့နယ်ကော်မရှင်အဖွဲ့တို့ တွေ့ဆုံ

**ကြို့ပင်ကောက် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား အမေရိကန်နိုင်ငံ ရွေးကောက်ပွဲစောင့် ကြည့်လေ့လာရေးအဖွဲ့မှ ကိုယ်စားလှယ် Mis Susann နှင့် မြစပယ်ငုံတို့သည် နိုဝင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲခန့်က မြို့နယ်ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်သန်းနှင့် တာဝန်ရှိသူတို့က မဲရုံကိစ္စ၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော သိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၇ -** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည် ဖြစ်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမှတ်တမ်း ထုတ်ဝေမည်

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA ) မှ စောင့်ကြည့်လေ့လာခွင့်ရရှိခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသင်းဝင် သတင်းထောက်များသည် ရွေးကောက်ပွဲသတင်းများကို ရယူကြမည်ဖြစ်သည်။

ထိုသို့ သတင်းရယူရာတွင် အသင်းဝင် သတင်းထောက်များသည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသော စည်းမျဉ်းများကို အထူးလိုက်နာကြရန် အသင်းမှ နှိုးဆော်ထားသည်။

ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာရေးမှတ်တမ်းထုတ်ဝေနိုင်ရေးအတွက် မိမိတို့စောင့်ကြည့်လေ့လာသည့် ဒေသမှ ထူးခြားဖြစ်စဉ်များကို မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို) သို့ချက်ချင်းသတင်းပို့ရန်နှင့် ရွေးကောက်ပွဲအပြီး အစီရင်ခံစာများ ရေးသားပေးပို့ရန် ညွှန်ကြားထားကြောင်း သိရသည်။ **အောင်သူရ**

## မဲဆန္ဒရှင်များ သတိပြုရန်

နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးသည့်အခါ တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာလျှင် မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် မဲဆန္ဒရှင်၏ မဖြေကြားလိုမှုကို အတင်းအကျပ် မေးမြန်းခြင်းသည် ရွေးကောက်ပွဲပြစ်မှုမြောက်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ကြိုတင်ဆန္ဒမဲပေးလိုသည့် အချုပ်သူ၊ အချုပ်သား နှစ်ထောင်ကျော် မဲပေးခဲ့ပြီးဖြစ်



**ရန်ကုန် နိုဝင်ဘာ ၇**

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အချုပ်ကျခံနေရသည့် အချုပ်သားများ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနမှဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်အထိ စုစုပေါင်း အချုပ်သား ၂၃၀၇ ဦး ကြိုတင်မဲပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၏ ပြောကြားချက်အရသိရသည်။

"အင်းစိန်အကျဉ်းထောင်ထဲမှာ အချုပ်ကျနေတဲ့ အချုပ်သူ အချုပ်သားတွေအတွက် ရွေးကောက်ပွဲမှာ

**သတင်း-သီဟသူ**
**ဓာတ်ပုံ-အကျဉ်းဦးစီး**

ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးအောင် အောက်တိုဘာ ၅ ရက်ကတည်းက ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး မဲပေးလိုတဲ့သူတွေကို ပုံစံ(၁-၁)နဲ့ ပုံစံ(၁၅)ပြုစုပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေဆီကို အမြန်ချောပို့နဲ့ပို့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲကသူဆိုရင်လည်း သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲတွေဆီကို ပို့ပေးပါတယ်။ ဒါ့ကြောင့် အောက်တိုဘာ ၂၄ ရက်ကစပြီး အချုပ်ကျနေသူတွေအနေနဲ့ ကြိုတင်မဲပေးနိုင်ခဲ့ပါတယ်။ ယနေ့အထိဆို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အချုပ်သားတွေရယ်၊ ရန်ကုန်ကပဲ အချုပ်ကျနေသူတွေ စုစုပေါင်း ၂၃၀၇ ဦးဆန္ဒမဲပေးခဲ့ပြီးဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောသည်။

ထိုကဲ့သို့ ကြိုတင်ဆန္ဒမဲပေးရာတွင် မဲပေးလိုသည့် အချုပ်သား၏ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လာရောက်၍ အင်းစိန် အကျဉ်းထောင်ထဲ၌ ပြုလုပ်ထားသည့်မဲရုံတွင် အချုပ်သားများကို ကိုယ်တိုင်မဲထည့်စေခြင်းဖြစ်ပြီး ထိုသို့ ကြိုတင်ဆန္ဒမဲပေးခြင်း မြို့နယ်တစ်ခုချင်းအလိုက် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အင်းစိန် အကျဉ်းထောင်တွင် ကြိုတင်ဆန္ဒမဲ ပေးရန်အတွက် လျှောက်ထားသူ အချုပ်သား ကျား/မ စုစုပေါင်း ၃၈၅၂ ဦးရှိသော်လည်း အောက်တိုဘာ ၅ ရက်မှစ၍ ၎င်းတို့ထဲမှ ထောင်ကျခြင်း၊ လွတ်ခြင်း၊ မဲပေးနိုင်မည့် အချက်အလက်မပြည့်စုံသူများစသည်တို့ ပါရှိနေမှုကြောင့် မဲပေးလိုသူအရေအတွက် စုစုပေါင်း၏ ခုနှစ်ဆယ်ရာခိုင်နှုန်းကျော်သာ ဆန္ဒမဲပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၅ ရက်အထိတော့ စုစုပေါင်း ၃၈၅၂ ဦးမှာ ၂၃၀၇ ဦး ပေးပြီးသွားပြီ။ ဒီလိုမဲပေးနိုင်ဖို့ စီစဉ်တဲ့နေရာမှာလည်း အခက်အခဲ အနည်းငယ်တော့ရှိပါတယ်။ နေ့စဉ်ရုံးထုတ်တဲ့သူက ခုနစ်ရာကျော်ရှိတော့ အားလုံးတစ်ကြိမ်တည်းနဲ့ မဲပေးနိုင်ဖို့က မလွယ်ဘူး။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်တွေလာတဲ့ အချိန်နဲ့ မဲပေးလိုတဲ့ အချုပ်သားရှိတဲ့အချိန်ဖြစ်အောင် စီစဉ်ရပါတယ်။ ပြီးတော့ စာရင်းထဲမှာ အချုပ်သားရဲ့ နာမည်စာရင်းပါနေတာ၊ နေ့စဉ်ရုံးထုတ်မှာ ထောင်ကျသွားတဲ့၊ လွတ်သွားတဲ့ သူတွေကလည်း နေ့စဉ်ဖြစ်နေတော့ စာရင်းကမငြိမ်ဘူး။ တချို့ဆို မဲပေးချင်တယ်၊ နေရပ်လိပ်စာနဲ့ အချက်အလက်တွေက မမှန်ဘူး၊ အချိန်မီ ပြင်လို့ရတာကတော့ ပေးလိုက်နိုင်ပေမယ့် လုံးဝပြင်လို့မရတာကတော့ မပေးလိုက်ရဘူးဖြစ်သွားတာပါ။ အခုဆိုရင် ဒလ၊ ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ ပန်းပဲတန်း မြို့နယ်က အချုပ်သားတွေ မဲပေးဖို့ ကျန်သေးတယ်။ ဒါကိုလည်း ဒီလ ၇ ရက်နေ့ပြီးအောင်လုပ်သွားမှာပါ" ဟု အင်းစိန် ဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ရှင်းပြသည်။

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ကြိုတင်ဆန္ဒမဲပေးရန် လျှောက်ထားသည့် အချုပ်သား ၃၃၉၉ ဦးနှင့် အချုပ်သူ ၄၅၃ ဦးရှိခဲ့ရာ ကြိုတင်ဆန္ဒမဲပေးပြီးသူ အချုပ်သားမှာ ၂၀၃၈ ဦးနှင့် အချုပ်သူ ၂၆၉ ဦးတို့ဖြစ်ကြောင်း သိရသည်။

# မဲဆန္ဒပေးရန် ဌာနေပြန်မည့်မြစ်ဝကျွန်းပေါ်ဒေသခံများ ဒဂုံ-ဧရာ အဝေးပြေးကားဝင်းအတွင်း အခက်အခဲကြုံတွေ့၊ ကြားကားများဝင်ရောက်ပြေးဆွဲ၍အဆင်ပြေ

**ရန်ကုန် နိုဝင်ဘာ ၇**

မဲဆန္ဒပေးမည့် နိုဝင်ဘာ ၈ ရက် တနင်္ဂနွေနေ့အမီ ရန်ကုန်မြို့တွင် လာရောက်အလုပ်လုပ်ကိုင်သူ အများအပြား မြစ်ဝကျွန်းပေါ်ဌာနေများသို့ ပြန်ကြရန် ဒဂုံ-ဧရာ အဝေးပြေးကားဝင်းအတွင်း ရောက်ရှိသည့် နိုဝင်ဘာ ၇ ရက် စနေနေ့တွင် ယာဉ်စီးခွင့်ကားလက်မှတ်ရရန် မလွယ်ကူဟု ဆိုသည်။

ဒဂုံ-ဧရာ အဝေးပြေးကားဝင်းအတွင်း ဌာနေပြန်ရန် အခက်အခဲတွေ့ကြုံနေရစဉ် အောင်မင်္ဂလာ အဝေးပြေးနှင့် ဆူးလေခရီးစဉ်တွင် ပြေးဆွဲခဲ့ဖူးသော အဆင့်မြင့်ယာဉ်ငယ်လိုင်းတွင် ပြေးဆွဲသည့် ယာဉ်ငယ်ကဲ့သို့ ယာဉ်ငယ်များ ရန်ကုန်-ပုသိမ်ခရီးစဉ်တွင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝင်ရောက်ပြေးဆွဲမှု ကြုံတွေ့ရသည်။

အလားတူ ရန်ကုန်-ဟင်္သာတ ခရီးစဉ်တွင် လိုက်ထရပ်ယာဉ်ငယ်များ ခရီးသည်တစ်ဦးလျှင် ကားခ ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ဝင်ရောက်ပြေးဆွဲသည်ကို မြင်တွေ့ရသည်။ ပုသိမ်ခရီးစဉ်တွင် အဆင့်မြင့်ယာဉ်ငယ်များ ခရီးသည် ၁၄ ဦး၊ ဟင်္သာတခရီးစဉ်တွင် လိုက်ထရပ်ယာဉ်ငယ်များ ခရီးသည် ၂၀ ဝန်းကျင် တင်ဆောင် ပြေးဆွဲရာ ရန်ကုန်မြို့တွင်း ပြေးဆွဲသည်ထက် ဝင်ငွေပိုရသည်"ဟု ယာဉ်လုပ်သားတစ်ဦးက ဆိုသည်။

ရန်ကုန်- ပုသိမ် မိုင် ၁၁၃ မိုင် ခရီးတွင် ပုံမှန်ကားခ ငွေကျပ် ၃၀၀၀-၃၅၀၀ ဝန်းကျင်၊ ၉၅ မိုင်ဝန်းကျင်ရှိသော ရန်ကုန်- ဟင်္သာတခရီးစဉ်တွင် ပုံမှန်ကားခငွေကျပ် ၂၀၀၀-၃၀၀၀ ဝန်းကျင်သာရှိသည်။ ယခုနှစ် သင်္ကြန် ပိတ်ရက်မတိုင်မီ ရက်များအတွင်း ဌာနေပြန်မည့် ခရီးသွားများပြားသဖြင့် ကြားကားများယာဉ်စီးခ ပိုမို ကောက်ခံပြေးဆွဲခြင်းများကို ခရီးသွားများ ကြုံတွေ့ခဲ့ရကြောင်း ခရီးသည်များက ဆိုသည်။



**ခင်ဆိုင်**

## ရန်ကုန်တောင်ပိုင်းခရိုင်မှ မသန်စွမ်းသူများအား မဲရုံခုနစ်ရုံစီစဉ်ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ မြို့နယ်များ၌ မသန်စွမ်း မဲဆန္ဒရှင်ပြည်သူများ အစဉ်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် တစ်မြို့နယ်လျှင် မဲရုံတစ်ရုံစီ စီစဉ်ပေးထားကြောင်း သိရသည်။

**သန်းဝင်း-သန်လျင်**

## လှိုင်မြို့နယ်တွင် မဲရုံ ၈၅ ရုံနှင့် ကမာရွတ်မြို့နယ်၌ မဲရုံ ၃၅ ရုံ ဆန္ဒမဲပေးရန် စီစဉ်ပြီးဖြစ်

**ရန်ကုန် နိုဝင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်းရှိ မဲရုံများ၌ လွတ်လပ်အေးချမ်းစွာ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် မြို့နယ်နှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ရပ်ကွက်စုစုပေါင်း ၁၆ ရပ်ကွက်ရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၁၁၄၄၈၂ ဦးသည် မဲရုံစုစုပေါင်း ၈၅ ရုံတွင် ဆန္ဒမဲပေးကြမည်ဖြစ်ပြီး မဲဆန္ဒရှင်ဦးရေများပြားသည့်အတွက် မဲရုံအများဆုံးဖြစ်သည့် အမှတ်(၁၃) ရပ်ကွက်၌ မဲရုံစုစုပေါင်း ကိုးရုံရှိကြောင်း သိရသည်။ ကမာရွတ်မြို့နယ်တွင်လည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်စုစုပေါင်း ၁၀ ရပ်ကွက်ရှိ မဲရုံစုစုပေါင်း ၃၅ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၅၁၆၆၇ ကျော် မဲဆန္ဒပေးကြမည်ဖြစ်သည်။ **(၃၄၉)**

**မဲစာရင်းတွင် ပါရှိသည့် မဲဆန္ဒရှင်တိုင်း မဲပေးခွင့် ရှိပါသည်**

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲ၌ ဟောင်ကောင်ကို ရှုံးနိမ့်



မြန်မာအသင်းမှ ဟိန်းသီဟဇော်နှင့် ဟောင်ကောင်ကစားသမားတစ်ဦးတို့ ဘောလုံးယှဉ်လုစဉ်။
ဓာတ်ပုံ - MFF

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အသင်းတို့၏ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက ဟောင်ကောင်၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

နည်းပြအပြောင်းအလဲပြုလုပ်ထားသည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲမှာ အဝေးကွင်း၌ ဟောင်ကောင်အသင်းကို အရှုံးပေးခဲ့ရသည်။ နည်းပြသစ် ဂတ်ဖရိုင်းဒရစ်လက်ထက်တွင် စုစည်းလေ့ကျင့် ရက်အနည်းငယ်သာရှိသေးသည့် မြန်မာ့လက်ရွေးစင်အသင်းမှာ ပုံစံကောင်းပြသနိုင်ခြင်း မရှိသေးဘဲ ခံစစ်ပိုင်းလိုအပ်ချက်များကြောင့်လည်း ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ တောင်ကိုရီးယားအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ယခုကဲ့သို့ အမှားများမဖြစ်ပေါ်စေရန် ပြင်ဆင်ရတော့မည်ဖြစ်သည်။

နည်းပြ ဂတ်ဖရိုင်းဒရစ်မှာ ကျော်ဇင်ဖြိုး(ဂိုး)၊ သက်နိုင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ ဟိန်းသီဟဇော်၊ ကျော်မင်းဦး၊ ကြည်လင်း၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် မြန်မာအသင်း မထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး တိုက်စစ်မှူး မက်ကီးအန်တိုနီက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ကွင်းလယ်အသာရစေရန် အလယ်တန်းငါးဦးအထိ အသုံးပြုခဲ့သည့် ၃-၅-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးပေးရပြီးနောက်ပိုင်းတွင် ဖိကစားနိုင်ခဲ့သည်။ သို့သော် အာဖရိကကစားသမားများကို မွေးစားနိုင်ငံသားအဖြစ် ထည့်သွင်းထားသည့် ဟောင်ကောင်အသင်းမှာ ခြေစွမ်းပိုင်း ပိုကောင်းလာခဲ့ပြီး ၃၂ မိနစ်တွင် ချန်ဆုကီ၊ ပထမပိုင်းပြီးခါနီးတွင် မက်ကီးအန်တိုနီတို့က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းသည် လူအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ကစားသမားများ၏ ခြေစွမ်းကို စမ်းသပ်ခဲ့သည်။ ဟောင်ကောင်တိုက်စစ်မှူးများ၏ လျင်မြန်မှုကို မထိန်းနိုင်ခဲ့သည့် မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် နှစ်ဂိုး ထပ်ပေးခဲ့ရပြီး ၆၆ မိနစ်တွင် ဖာရဲရား၊ ၇၅ မိနစ်တွင် အကန်ဒီတို့က သွင်းယူခဲ့သည်။ မြန်မာနောက်ခံလူ နန္ဒကျော်မှာ ၆၁ မိနစ်တွင် ပြစ်ဒဏ်ဘော ကန်ရာတွင် ဒိုင်လူကြီးခရာမမှုတ်မီ ကန်ခဲ့၍ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

မြန်မာနှင့် ဟောင်ကောင်အသင်းတို့မှာ ၂၀၁၃ ခုနှစ် ခြေစမ်းခဲ့စဉ်က ဂိုးမရှိ သရေကျခဲ့သော်လည်း မွေးစားနိုင်ငံသားများ ထည့်သွင်းပြီးနောက်ပိုင်းတွင် ဟောင်ကောင်အသင်းမှာ ခြေစွမ်းပိုင်းသိသိသာသာ တိုးတက်လာခဲ့သည်။

**သတင်း-ဖိုးသော်ဇင်**

# ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း



**ခရမ်း နိုဝင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် စွယ်ကတော့ကျေးရွာအုပ်စု တမာတကောကျေးရွာနေပြည်သူများကို တိုင်းဒေသကြီးအစိုးရက လှူဒါန်းသည့် ကျေးရွာမီးလင်းရေးအတွက် ဆိုလာမီးနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ခရမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက လှူဒါန်းမှုအကြောင်း ရှင်းလင်းပြောကြားပြီး တမာတကောကျေးရွာနေ အိမ်ထောင်စု ၁၁၂ စုတို့ကို ဆိုလာပြားနှင့် မီးထွန်းရန် ဆက်စပ်ပစ္စည်းများ ၁၂၂ စုံကို အိမ်ထောင်ဦးစီးများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ■ ကျောဖုံးမှ

ပထမ အမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၂၀၀၀၊ တတိယ အမေရိကန်ဒေါ်လာ ၁၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာအသင်းသည် ယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်နေသော်လည်း လက်ရွေးစင်ကစားသမားအချို့ပါဝင်နေသလို လက်ရွေးစင်နည်းပြအဖွဲ့ ဆက်လက်ကိုင်တွယ်နေခြင်းဖြစ်သည်။ နောက်ဆုံးနေ့ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ယနေ့ ညနေ ၃ နာရီခွဲတွင် FEU အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့ ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ပရီမီယာလိဂ်ပွဲစဉ်(၁၂) အနိုင်အရှုံး

| | | |
|---|---|---|
| **လက်စတာ** | **၂-၁** | **ဝက်ဖို့ဒ်** |
| **မန်ယူ** | **၂-၀** | **ဝက်စ်ဘရွန်း** |
| **နော့ဝှစ်ချ်** | **၁-၀** | **ဆွမ်ဆီး** |
| **ဆန်းဒါးလန်း** | **၀-၁** | **ဆောက်သမ်တန်** |
| **ဝက်စ်ဟမ်း** | **၁-၁** | **အဲဗာတန်** |

# တကွင်းဆည်ရေသောက်စနစ် အောင်မြင်ဖြစ်ထွန်းနိုင်ရန်အတွက် တူးမြောင်းမကြီးတစ်လျှောက် ရေကျအဆောက်အအုံများ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိ

**ဟိုပင် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲတွင် နိုဝင်ဘာ ၇ ရက်က မိုးစပါး စိုက်ဧက ၄၀၀၀ ကို လုံလောက်စွာ ရေပေးဝေနိုင်မည့် တကွင်းဆည်မှ ဆည်ရေသောက် တူးမြောင်းမကြီးတစ်လျှောက် ရေကျအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အခု တည်ဆောက်နေတဲ့ ရေကျအဆောက်အအုံက အလျား ၂၈ ပေ၊ အနံ ၂၃ ပေ၊ အနက် ၉ ပေ ရှိတဲ့ အဆောက်အအုံကို နေ့စဉ်လုပ်သား ၂၅ ယောက် အသုံးပြုပြီးတော့ အောက်တိုဘာ ၂၃ ရက်က စတင်ဆောက်လုပ်ပြီး နိုဝင်ဘာ ၂၀ ရက်လောက်မှာ ပြီးမှာပါ။ တူးမြောင်းမကြီးရဲ့ အရှည်ကတော့ တကွင်းဆည်ကနေ မြို့သာရွာဟောင်းအထိ အရှည်ပေ ၁၁၉၀၊ အကျယ် ခြောက်ပေရှိပါတယ်။ ဒီတူးမြောင်းတစ်လျှောက် ရေကျအဆောက်အအုံပေါင်း ၁၇ လုံး တည်ဆောက်မှာပါ။ မနှစ်က ငါးလုံး တည်ဆောက်ပြီးတာမို့ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီအမီ စုစုပေါင်း ၂၂ လုံးအထိ ဆောက်လုပ်သွားမှာဖြစ်တဲ့အတွက် စပါးစိုက်ဧက ၄၀၀၀ ကို ရေလုံလုံလောက်လောက် ပေးဝေနိုင်တော့မှာပါ"ဟု မိုးညှင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကြည်စိုးက ပြောပြသည်။

**နီတိုး**



## ✻ ကျောဖုံးမှ

အကျယ် ပေ ၁၂၀ နှင့် ပေ ၆၀၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် (Buck Bill Type) အကျယ် ၁၃၁၂ ပေ၊ ဆည်ရေသောက်မြောင်းများ၊ မြောင်းမကြီး အလျားပေ ၆၀၀၀၊ မြောင်းမကြီးခွဲ(၁) အလျားပေ ၁၂၆၇၅၀၊ မြောင်းမကြီး(၂) အလျားပေ ၅၀၀ ရှိပြီး ဆည်ရေပေးဝေနိုင်မည့်ကျေးရွာများမှာ ချောင်းနက်၊ မင်းရွာ၊ တောပို့၊ ပန်းထိပ်၊ ခေါက်ဒူ၊ အောင်မြင်၊ ရှုံးရှီ၊ အနောက် ဂန့်ဂေါ၊ ဇဟော၊ ဝက်ချီပါ၊ ဟေလယ်၊ မကျီးခင်၊ ဝိုင်းဒူး၊ လာပို့၊ ကျော်ရွာ၊ ကျွန်းဒတ်၊ မောက်လင်း၊ မောက်နှင့် ကန်ရွာတို့ဖြစ်သည်။ ဧက ၁၂၀၀၀ ပေးဝေသွားမည်ဖြစ်သည်။

မြစ်သာမြစ်ရေလှောင်တမံ စီမံကိန်းမှ လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်သွားမည်ဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရန် လျှပ်စစ်ဓာတ်အားပေး စက်ရုံကိုလည်း တည်ဆောက်နေပြီဖြစ်သည်။ လျှပ်စစ်ဓာတ်အား စက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရေအားလျှပ်စစ်ရေပြွန်အချင်း ၁၉ ပေကိုလည်း တည်ဆောက်ပြီးဖြစ်သည်။ မြစ်သာမြစ် ရေအားလျှပ်စစ်စက်ရုံမှ ၂၀ မဂ္ဂါဝပ်နှစ်လုံး ၄၀ မဂ္ဂါဝပ်ထုတ်လုပ်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၇၀ ကီလိုဝပ်သန်းပေါင်း ထုတ်လုပ်သွားမည် ဖြစ်သည်။ **တင်လှိုင်(မိတ္ထီလာ)**

# ခရိုင်ကျေးလက်ရုံးအဆောက်အအုံ ဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**သထုံ နိုဝင်ဘာ ၇**

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးစိုးတို့အဖွဲ့သည် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်ကျေးလက်ရုံး အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေကို နိုဝင်ဘာ ၄ ရက်က ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက သထုံခရိုင်ရုံး ဆောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းကာ ညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်းနှင့် ရုံးဆောက်လုပ်နေမှုအား သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **(မြန်မာ့အလင်း)**

# ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၇**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများကို နိုဝင်ဘာ ၅ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မန္တလေးခရိုင် အမျိုးသမီး(က)အသင်းနှင့် မန္တလေးခရိုင် အမျိုးသား(ခ)အသင်းတို့ အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသမီးလူသစ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားလူသစ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးလူသစ်တန်း၊ အမျိုးသားလူသစ်တန်းနှစ်ယောက်တွဲ ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရအားကစားသမားများကို ကြက်တောင်ဆပ်ကော်မတီအတွင်းရေးမှူး ဦးထွန်းနွယ်လင်း၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံနှင့် မန္တလေးခရိုင်တို့မှ အား/ကာလက်ထောက်ညွှန်ကြားရေးမှူးများ၊ မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက်တို့က တစ်ဦးချင်းဆုများပေးအပ်ကြပြီး ပထမဆုရ အားကစားသမားများကို Y.Y .YONEX မြန်မာနိုင်ငံ ကိုယ်စားလှယ် ကောင်းမြတ်ကုမ္ပဏီက အားကစားပစ္စည်းများ ချီးမြှင့်ခဲ့သည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်နှင့် အမျိုးသားအသင်းလိုက် ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က ဆုပေးအပ်ချီးမြှင့်ကြပြီး ငွေသားဆုများကို အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဗိုလ်စွဲသွားသည့် မန္တလေးခရိုင် အမျိုးသမီး(က)အသင်းနှင့် မန္တလေးခရိုင်အမျိုးသား(ခ) အသင်းတို့ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ဆုငွေကျပ်သုံးသိန်းစီ၊ ပထမတံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ်(ရန်ကုန်)တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် (ရန်ကုန်)၏ တတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၅ ရက် နံနက်က ရန်ကန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ တတိယနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ ဇော်ဇော်လတ်(HAN Golf Academy ) ပထမ၊ သိန်းဇော်မြင့်(Mizuno)နှင့် အောင်ဆန်းဝင်း (Mizuno)က ဒုတိယလိုက်နေကြပြီး ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် စည်သူရဲရင့်က ပထမ၊ ဟိန်းစည်သူက ဒုတိယ၊ မင်းနိုင်စိုးက တတိယရရှိကာ ဝါသနာရှင်အဆင့်အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက ပထမ၊ အေးအေးအောင်က ဒုတိယ၊ မေဦးခိုင်က တတိယလိုက်နေကြသည်။ **ဖိုးသော်ဇင်**



# တီးတိန်မြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**တီးတိန် နိုဝင်ဘာ ၇**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းတွင် မကြုံစဖူး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာများတွင် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ပျက်စီးသွားသော ကျေးရွာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တီးတိန်မြို့ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသောပြည်သူများ အတွက် စကော့လမ်းရပ်ကွက်နှင့် ရှောင်စွန်းကျေးရွာအကြား တက်လွီးကျေးရွာလမ်းခွဲ အစိုးရပိုင်ထင်းရှူးစိုက်ခင်းတွင် ကငင်ကျေးရွာနေ နေအိမ် ၃၈ လုံး၊ ဝုန်မွာလ်ကျေးရွာတွင် နေအိမ် ခုနစ်လုံးနှင့် ထင်ဇန်ကျေးရွာတွင် ခုနစ်လုံး စုစုပေါင်း ၄၆ လုံးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာန သစ်ထုတ်လုပ်ငန်းမှ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်လျက်ရှိသည်။

အလားတူ ခိုင်ကမ်းကျေးရွာနယ်နိမိတ်အတွင်း ဆန်နဲမ်ဒေသ လိုင်ဘုံကျေးရွာတွင် နေအိမ် ၁၀၅ အိမ်၊ ဝုန်မွာလ်ကျေးရွာတွင် ၃၁ လုံး၊ ခိုင်ကမ်းကျေးရွာတွင် ၁၅ လုံးတို့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop -OSS) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက်က မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧည့်ခန်းမဆောင်ရှေ့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးက ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One Stop Shop -OSS) သည် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာဝန်ဆောင်မှုပေးနိုင်ရန်၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရမည့် ရုံးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နေရာတည်း အချိန်ကုန်သက်သာစွာ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ် ပညာရေးဦးစီးဌာန၊ မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းများဖြင့် စုစုပေါင်း ဌာနကြီး ရှစ်ဌာနကို စုပေါင်းရုံးအဖြစ် ပြည်သူများအတွက် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မူဆယ်မြို့၊ တောင်ရပ်ကွက်၊ (တ/၁၈၆)နေ ဦးမာဂမ်(ခ)
ဦးအေးမောင်-(ဒေါ်ရှောဆိုင်)တို့၏ တစ်ဦးတည်းသော သား

**စိုင်းအိုက်ပီး**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၉/၁၀၅) နွယ်သာဂီလမ်းနေ
ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)-ဒေါ်နော်ဘွေဖောတို့၏ သမီးငယ်

**မနှင်းသန္တာမောင်(ခ)မိဂု** တို့၏

အင်းစိန်မြို့နယ်၊ အောင်ဆန်းတောရ တပ်ဦးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ မြိုင်သီလရှင်စာသင်တိုက် အသီးသီးတို့တွင် ပြုလုပ်သောမင်္ဂလာဆွမ်းကျွေးပွဲများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**စိုင်းအိုက်ပီး-မနှင်းသန္တာမောင်(မိဂု)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၁၄၅/၁+၂၊ မြေကွက်တည်နေရာအမှတ် (၁၄၅/၁+၂)၊ မြိုင်တန်းသာလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးလှ) အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်ဦးလှ (ဇနီး)ဒေါ်ခင်ကြည်(သမီး) ဒေါ်ကြည်ကြည်လှ၊ ဒေါ်ကြူကြူလှ၊ (သား)ဦးမော်မော်လှတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်လွင်ချိုချိုလှ ၁၂/ဥကတ(နိုင်)၀၁၀၇၂၀၊ ဒေါ်မာမာလှ ၁၂/ဥကတ(နိုင်)၀၀၃၂၁၃နှင့် ဒေါ်ရီရီ(ခ) ဒေါ်ရီရီလှ ၁၂/ဥကတ(နိုင်)၀၁၂၀၄၉ တို့မှ သေစာရင်းများနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ် ၄၅၉/၂၀၁၂ (အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု)တို့ကိုတင်ပြ၍ ၎င်းတို့အနက် ဒေါ်ရီရီ(ခ)ဒေါ်ရီရီလှမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၁၈၀/၂၀၁၄ (၁၃-၆-၂၀၁၄)ကို ရယူပြီး ပါဝါပေးသူ ဒေါ်လွင်ချိုချိုလှနှင့် ဒေါ်မာမာလှတို့ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၄၁၅/၂၀၁၅ (၂၂-၅-၂၀၁၅) တို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့နယ်ရှိ ရွှေ့ပြောင်းကျေးရွာများအတွက် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါရောင်းချမည့်ရက်** - ၉-၁၁-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၁၁-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းလွဲ ၂ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၈၁၇**

## ဂေါက်သီးရိုက်ကစားရာ တစ်ချက်တည်းကျင်းဝင်

တာချီလိတ်ခရိုင် MANA ဥက္ကဋ္ဌ ဦးသိန်းဝင်းသည် YCDC မြကန်သာဂေါက်ကွင်းတွင် နိုဝင်ဘာ ၄ ရက်က ကစားဖော်များဖြစ်သည့် ရဲမှူးကြီးမြင့်သိန်း CCDAC၊ ရဲမှူးကြီးခမ်းအောင်(ငြိမ်း)၊ ဒုတိယရဲမှူးကြီးကျော်ကျော်မင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းနံပါတ် ၁၆ တွင် Honma two star No(7) တုတ်ဖြင့် (titlelat ball No 3) အားရိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်းသိရသည်။

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်တမန်အုပ်စု၊ ထန်းတောရွာ၊ (မြေကွက်ရှိရာညွှန်ပြပြီး) အလျားပေ(၆၀×၅၅)၊ အနံပေ(၃၅×၆၀)အကျယ်ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပစ္စည်းအရပ်ရပ်နှင့် ပေါက်ရောက်သစ်ပင်၊ ဝင်းအကာအရံနှင့် အကျိုးခံစားခွင့်အားလုံးအား ကျွန်မဒေါ်စန္ဒာဝင်း(ဘ) ဦးသောင်းမြင့်(ခ)ဦးသောင်းညွှန့် ၁၄/ကလန(နိုင်)၀၉၇၆၆၈ (အမှတ် ၁၂၉၅၊ စပယ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)တွင် နေထိုင်သူသည် အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဒေါ်သက်နွေဦး (ဘ)ဦးအောင်ထွန်း ၅/တဆန(နိုင်)၀၉၇၄၈၉ (၄၂ လမ်း၊ ၈၃×၈၄ လမ်းကြား၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး)နေထိုင်သူအား ဖော်ပြပါမြေနှင့်အိမ်ပိုင်ဆိုင်သူ ဦးစိုးဝေ ၉/ကမရ(နိုင်)၁၅၈၁၆၇ ထန်းတောရွာ၊ တောင်တမန်အုပ်စု၊ အမရပူရမြို့နယ်နေသူထံမှ အသိသက်သေများရှေ့မှောက်တွင် ငွေအကျေပေးချေလျက် အပြီးအပိုင် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းမြေ/အိမ်တို့အား ကန့်ကွက်မည့်သူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၎င်းကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်နှင့် အခွန်ပေးဆောင်ခြင်းတို့အား သက်ဆိုင်ရာဌာနများနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း ၁၄/ကလန(နိုင်)၀၉၇၆၆၈**
**အမှတ် ၁၂၉၅၊ စပယ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်**

## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်အနေဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃ရက်မှ ၉ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၈)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ပါရှိသည်။
၂။ သို့ဖြစ်ပါ၍ ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သော အားကစားနည်းအလိုက် အားကစားပစ္စည်းများနှင့် အားကစားဝတ်စုံများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် (၁၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မသန်စွမ်းသူများအားကစားလေ့ကျင့်ရေးစခန်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဖုန်း-၀၉-၄၉၃၂၈၀၁၉သို့ မေးမြန်းစုံစမ်းနိုင်ပြီးတင်ဒါဖောင်တစ်စောင်လျှင် ကျပ် ၅၀၀၀ိ/- ဖြင့် ဝယ်ယူစုံစမ်းနိုင်ပါသည်။
(က) **တင်ဒါဖောင်ရောင်းမည့်ရက်** ၉-၁၁-၂၀၁၅ ရက်
နံနက် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီထိ
(ခ) **တင်ဒါဖောင်ပိတ်မည့်ရက်** ၁၁-၁၁-၂၀၁၅ ရက် ညနေ ၁၅း၀၀ နာရီ

**မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကြာအင်းတောင်ကွင်းရှိ ပြည်သူ့အိမ်ရာ(အငှားချ)အိမ်ရာစီမံကိန်း၌ ရေသန့်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၉-၁၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၅ ရက် ၁၆း၃၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်၊ နေရာ** - ၁၇-၁၁-၂၀၁၅ ရက် ၁၃း၀၀နာရီ
ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၅၈-၂၃၃၁၆၊ ၀၅၈-၂၃၄၂၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။


**တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့**

# မြို့လယ်ကောင်ရဲ့ သာသနာ့အလင်း သို့မဟုတ် သက်တမ်းအကြာဆုံး မဟာသိမ်တော်ကြီး

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရန်ကုန်ဆောင်းဦးနေ့လယ်ခင်းသည် မြို့လယ်ကောင်မဟာဗန္ဓုလလမ်းမကြီးပေါ်သို့ အပူရှိန်များကို ဆောင်ကြဉ်းလာခဲ့သည်။ မြို့လယ်ကောင် အစည်ကားဆုံးဈေးကြီးဖြစ်သည့် သိမ်ကြီးဈေး၌လည်း လူပေါင်းစုံလှုပ်ရှားရုန်းကန်နေကြရာမှ အေးချမ်းသော အရိပ်အာဝါသထံသို့ ဝင်ရောက်ကာခေတ္တခိုနားကြသည်။ အမောပြေလျှင် မိမိတို့လုပ်ငန်းရည်ရွယ်ရာသို့ အပြေးပြန်ထွက်ခွာသွားကြသည်။ မြတ်စွာဘုရား၏ အေးချမ်းသော အရိပ်အာဝါသကို ခံယူကြရင်း တိုးတက်ပြောင်းလဲလာသည့် ရန်ကုန်တွင် ရုန်းကန်လှုပ်ရှားကြသူများအဖို့ ကုန်ဈေးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မဟာသိမ်တော်ကြီးသည် ခေတ်အဆက်ဆက်က အားထားရာ ဖြစ်လာခဲ့သည်မှာ နှစ်ပေါင်းရာချီခဲ့ပြီ ဖြစ်သည်။



နောက်ဆုံးအကြိမ် ပြုပြင်တည်ဆောက်ခြင်း မပြုမီ ရေးဆွဲထားခဲ့သည့် ကျောင်းဆောင်သစ်ပန်းချီ

ဒဂုံမြို့ပတ်ဝန်းကျင်သို့ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး သာသနာနှစ် ၂၃၅ တွင် ပါတလိပုတ်ပြည်မှ ရဟန္တာများ ကြွချီကာ သာသနာပြုရာတွင် သိမ်ကိုးသိမ်သမုတ်ခဲ့ပြီး ယင်းတို့အနက် မဟာသိမ်တော်ကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သီဟဒီပမင်းအား ဒါယကာပြု၍ ရဟန္တာရှစ်ပါးတို့ကို သမုတ်တော်မူခဲ့ပြီး မူလက ကျိုက်မဲသံကရောသိမ်၊ ကျိုက်မဲသံချိုသိမ်ဟု ခေါ်တွင်ခဲ့ပြီး ကိုလိုနီခေတ်နောက်ပိုင်း မဟာသိမ်တော်ကြီးဟု စတင်ခေါ်ဝေါ်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

မြန်မာမင်းများလက်ထက်က ရန်ကုန်မြို့သည် ရွှေတိဂုံဘုရားလမ်းကို အလယ်ဗဟိုပြုကာ နေရာအနှံ့အပြားတွင် ကြည်ညိုဖွယ်စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သစ်ပင်ဝါးပင်တို့၏ အရိပ်အာဝါသဖြင့် ပန်းရကာ အေးမြသာယာလျက်ရှိခဲ့ဖူးပါသည်။ ဘုရားဖူးမြော်ကြသူတို့ စိတ်နှလုံးတွင်လည်း ရွှင်မြူးခဲ့ကြရပြီး ရန်ကုန်မြို့တွင်လည်း ဗုဒ္ဓဘာသာဝင် အများစုရှိခဲ့ကြသဖြင့် ပစ္စည်းလေးပါး ပြည့်စုံလုံလောက်ခဲ့ကြောင်း သိရသည်။

ဗြိတိသျှတို့က မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ပြီးနောက် ၁၈၅၄ ခုနှစ်မှစတင်ကာ ရန်ကုန်မြို့ကြီးကို အကွက်ချပြီး မြို့သစ်ကို စတင်တည်ဆောက်ခဲ့ရာ ရွှေတိဂုံဘုရားလမ်းမကြီးကို ဗဟိုပြုကာ မြေကွက်များ ဖော်ထုတ်ခဲ့သည်။ ယခုသိမ်ကြီးဈေးနေရာတွင်ရှိသည့် ကျိုက်မဲသံကရော စေတီကြီးမှာ ဖြိုဖျက်ခြင်းခံရပြီး ယင်းနေရာတွင် အိန္ဒိယလူမျိုးများက စူရတီဘုရားဘဇားဈေးကြီးကို တည်ဆောက်ခဲ့သည်။

သို့သော် ကပ်လျက်နေရာ၌ မဟာသိမ်တော်ကြီးတည်ရှိနေသဖြင့် စူရတီဘုရားဘဇားဈေးကြီးဟု နာမည်နာမ မတွင်ခဲ့ဘဲသိမ်ကြီးဈေးဟု ခေါ်တွင်ခဲ့ရာမှ ယနေ့တိုင် ဆက်လက်သုံးစွဲခဲ့ကြခြင်းဖြစ်သည်။

ကိုလိုနီခေတ်တွင် အခြားဘာသာရေး အဆောက်အအုံများကို အခမဲ့မြေကွက်များ ချထားပေးခဲ့ရာ အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့အား ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းတွင်လည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကုန်သည်လမ်းထောင့်တွင် အာမေးနီးယန်း ဘုရားရှိခိုးကျောင်းအတွက်လည်းကောင်း၊ မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်တွင် ဟိန္ဒူဘုရားကျောင်းအတွက် လည်းကောင်း၊ မဟာဗန္ဓုလလမ်းနှင့် ၂၅ လမ်းအကြားတွင် ရဟူဒီဝတ်ကျောင်းကိုလည်းကောင်း၊ ၂၉ လမ်းနှင့် မဟာဗန္ဓုလလမ်းအကြားတွင် မဂိုဗလီကိုလည်းကောင်း၊ လသာလမ်းနှင့် လမ်း ၂၀ ထောင့်တွင် တရုတ်ဘုရားကျောင်းကိုလည်းကောင်း၊ ကမ်းနားလမ်းနှင့် ၁၈လမ်း အကြားတွင် တရုတ်ဘုရားကျောင်း ဖုကျန့်ကိုလည်းကောင်း အခမဲ့မြေကွက်များ ချထားပေးခဲ့ပြီး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများကိုမူ သရက်တောကြီး တည်ရှိရာ ယခုသရက်တောကျောင်းတိုက်နေရာသို့ စုစည်းရွှေ့ပြောင်းခဲ့သည်။

ယင်းတို့အနက် မဟာသိမ်တော်ကြီးတည်ရှိရာ နေရာဖြစ်သည့် မဟာဗန္ဓုလလမ်း၏ မြောက်ဘက် ၂၆ လမ်းနှင့် ကုန်ဈေးတန်းလမ်းကြားရှိ စတုရန်းပေ ၁၈၄၀၀ ကို ၁၈၅၄ ခုနှစ် မတ်လ ၁ ရက်နေ့မှစတင်ကာ သာသနာနယ်မြေအဖြစ် အရေးပိုင်မင်းက သတ်မှတ်ပေးခဲ့ပြီး သိမ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆောက်လုပ်ခြင်းများကို ပြုလုပ်ရန်အတွက် အချိန်တစ်နှစ်ခန့်ပေးကာ တည်ဆောက်ခွင့်ပြုခဲ့သည်။

မူလပထမအဆောက်အအုံမှာ ယင်းအချိန်ကပင် နှစ်ပေါင်း ၂၀၀၀ ကျော်ခန့်ရှိလာပြီဖြစ်သဖြင့် ဟောင်းနွမ်းလွန်းနေပြီဖြစ်သောကြောင့် သိမ်တော်ကြီးကို ကာကွယ်ထိန်းသိမ်းသည့် ဆရာတော် ဦးဝိလာသက ဦးစီးကာ ၁၉၁၅ ခုနှစ်တွင် သိမ်တော်ကြီးအဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ် (၁၀၀)တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားဖြစ်နောက် စစ်တွင်းကာလတွင် ရန်ကုန်မြို့သည် ဗုံးဒဏ်ကို အလူးအလဲခံစားခဲ့ရပြီး အပျက်အစီးများကို ပြန်လည်ထူထောင်ရန်အတွက် ကြိုးစားပြင်ဆင်ကြချိန်တွင် ဆရာတော် ဦးဝိလာသသည် ဗုဒ္ဓဘာသာဝင်များ၏ စုပေါင်းကောင်းမှုကို အခြေပြုကာ ကြီးကျယ်ခမ်းနားပြီး ထည်ဝါခိုင်ခံ့သည့် တိုက်ကျောင်းသစ်ကြီးကို ထပ်မံတည်ဆောက်ခဲ့သည်။ ကျောင်းတော်ကြီး ထိပ်တစ်ဖက်စီတွင် ကြေးစေတီတစ်ဆူစီနှင့် ကျောင်းတော်ကြီးအတွင်း အဆူဆူသော မြတ်စွာဘုရားများကို အပူဇော်ခံရန်ထားရှိပြီး ကျောင်းတိုက်ကြီး၏ မျက်နှာစာတွင် မြတ်စွာဘုရားကျောင်းတော်ကြီးဟု ကမ္ပည်းစာတမ်းရေးထိုးထားရာ ယနေ့တိုင် အထင်အရှား မြင်တွေ့ရမည်ဖြစ်သည်။ ထိုကျောင်းတော်ကြီးသည်ပင် ၁၉၄၆ ခုနှစ်က ပြီးစီးခဲ့ခြင်းဖြစ်ရာ ယနေ့ဆိုပါက နှစ်ပေါင်း ၇၀ တိုင်ခဲ့ပြီဖြစ်သည်။



လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်က စတင်သမုတ်ခဲ့သော မဟာသိမ်တော်ကြီး၏ သိမ်သမုတ်တိုင်

"သိမ်တော်ကြီးရဲ့ မှတ်တမ်းဟာ ဗုဒ္ဓဘာသာဝင်တွေအဖို့ စံထားလောက်တဲ့ အဖြစ်အပျက်တွေကို ပြနေတယ်။ မဟာသိမ်တော်ကြီး ပြန်ပြင်ဆောက်မှုမှာ မြန်မာလူမျိုးတွေရဲ့ ဇွဲနဲ့ သဒ္ဓါတရားကို မျက်ဝါးထင်ထင် မြင်ခဲ့ရတယ်။ သိမ်တော်ကြီးကျောင်းတိုက်အတွင်းက မြတ်စွာဘုရားကျောင်းတော်ကြီးဟာ တည်ထောင်ချိန်ကနေ အခုထိ လူမျိုးမရွေး၊ ဘာသာမရွေးကို မြို့လယ်ကောင်မှာ အေးအရိပ်ကိုပေးတယ်။ မည်သူမဆို ဝင်ရောက်နားခိုနိုင်တယ်။ အေးချမ်းစွာနားနေနိုင်တယ်။ တစ်နေ့တစ်နေ့ ဘုရားကျောင်းတော်ကြီးကို ဝင်ရောက်သူရာချီရှိတယ်"ဟု မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဥက္ကဋ္ဌဖြစ်သူ အသက် ၉၁ နှစ်အရွယ်ရှိ ဦးဟန်က ပြောကြားသည်။

**မူလပထမအဆောက်အအုံမှာ ယင်းအချိန်ကပင် နှစ်ပေါင်း ၂၀၀၀ ကျော်ခန့်ရှိလာပြီ ဖြစ်သဖြင့် ဟောင်းနွမ်းလွန်းနေပြီ ဖြစ်သောကြောင့် သိမ်တော်ကြီးကို ကာကွယ်ထိန်းသိမ်းသည့် ဆရာတော် ဦးဝိလာသက ဦးစီးကာ ၁၉၁၅ ခုနှစ်တွင် သိမ်တော်ကြီး အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ရာ ယခုအခါ နှစ် ၁၀၀ တိုင်ခဲ့...**

ကြီးမားသည့် သံတံခါးကြီးများမှ ဝင်ရောက်လိုက်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်မြို့လယ်ကောင်၏ ဆိတ်ငြိမ်သော နေရာတစ်ခုသို့ ရောက်ရှိသွားမည်ဖြစ်ပြီး ပရိယတ္တိစာသင်တိုက်ပီသစွာ စာဝါသင်အံ ကျက်မှတ်နေကြသည့် ရဟန်းသံဃာတော် အပါး ၇၀ ကျော်တို့ကိုလည်းကောင်း၊ အဘိဓမ္မာတန်းများ၊ ဓမ္မာစရိယတန်းများနှင့် ပဋ္ဌာန်းကျမ်းတော်ကြီး၊ ဝိသုဒ္ဓိမဂ်စသည့် ဘုရားရှင်၏ ပိဋကတ်သုံးပုံအား လေးစားစွာ သင်ယူနေကြသော ရဟန်းသံဃာများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို မြင်တွေ့ရမည်ဖြစ်သကဲ့သို့ စေတီအဆူဆူတို့ဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသည့် ရှေးဟောင်းဆင်းတုတော်များကိုလည်းကောင်း မြင်တွေ့ဖူးမြော်ရသည်။

ခေတ်သစ်မဟာသိမ်တော်ကြီး၏ အထိမ်းအမှတ်တစ်ခုမှာ ၁၉၈၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းရှိ သံဃာတော် တစ်သိန်းကျော်ကို ကိုယ်စားပြုသော သမ္မုတိရသံဃာ့ကိုယ်စားလှယ် ၁၂၀၀ ကျော်တို့က သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ခမ်းနားစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ပရိယတ္တိစာသင်တိုက်၏ အင်္ဂါရပ်များနှင့်အညီ ကျောင်းဆောင်များ၊ ဆွမ်းစားဆောင်များ၊ ဓမ္မာရုံများနှင့် အဆောက်အအုံများ စောင့်ရှောက်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိမ်တော်ကြီး ဂေါပကအဖွဲ့မှ သိရှိရသည်။

၁၉၈၃ခုနှစ်တွင် ရန်ကုန်မြို့တော်သည် ပိုမိုစည်ပင်ဝပြောလာသည်နှင့်အမျှ မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီစေမည့် မြို့လယ်ကောင် မဟာသိမ်တော်ကြီးကျောင်းတိုက်ဖြစ်လာစေရေးအတွက် မူလဘုရားတန်ဆောင်းမှ မြတ်စွာဘုရားဆင်းတုတော်များနှင့် ရဟန္တာရုပ်တုတော်များအား မူလပုံစံမပျက်စေရန် ခက်ခဲစွာ အချိန်ယူ ရွှေ့ပြောင်းခဲ့ကြပြီး ဆင်းတုတော်အများစုမှာ နှစ်ပေါင်းများစွာကြာရှည်လာသောကြောင့် အထိခိုက်မခံနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိနေရာ ရှေးဟောင်းယဉ်ကျေးမှု ပညာရှင်များ၊ ဗိသုကာပညာရှင်များနှင့် ညှိနှိုင်းကာ မူလပကတိအတိုင်းဖြစ်စေရန်ကြိုးစား ပင့်ဆောင်ခဲ့ကြသည်။ လေးထပ် ကျောင်းဆောင်သစ်ကြီးကို ပြာသာဒ်တစ်ဆောင်ထပ်ဆင့်တင်ကာ ဗဟိုစည်ချိတ်ဆွဲခြင်းနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုလက်ရာများဖြင့် ရန်ကုန် မြို့လယ်ကောင်တွင် လှပခမ်းနားသော နာရီစင်ကြီး တည်ဆောက်ခြင်းများကို ဆက်တိုက်ပြုလုပ်ခဲ့ခြင်းဖြစ်သောကြောင့် ယင်းအဆောက်အအုံများ၏ သက်တမ်းသည် နှစ်ပေါင်း ၃၀ကျော်ခဲ့ပြီဖြစ်သည်။

နောက်ဆုံးတိုးမြှင့်တည်ဆောက်သည့် အဆောက်အအုံကြီးကိုမူ အင်းစိန်မြို့ မြို့ပြအင်ဂျင်နီယာဆောက်လုပ်ရေး သမဝါယမအသင်းက တာဝန်ယူခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့် နှစ် ၁၀၀ ခန့်က အဆောက်အအုံများကို လက်ဆင့်ကမ်းဆက်လက်ထိန်းသိမ်းသွားကြမည်ဟု ယုံကြည်ကြောင်း ဦးဟန်က ပြောကြားသည်။ သိမ်တော်ကြီးဘုရားကျောင်းဆောင်ကြီးသည် အလွန်ကြီးမားခံ့ထည်လှသည်။ မျက်နှာကြက်များနှင့် ကြမ်းခင်းကျောက်ပြားများသည် ဇရာ၏ရင့်ရော်မှုကြောင့် အတန်ငယ်မှေးဖျော့သယောင်။ အဝင်ဝ သံတံခါးကြီးသည် တစ်ချိန်က ခံ့ညားမှု အသွင်ကိုဆောင်နေမည်ဖြစ်သော်လည်း ထပ်မံတစ်ဆင့်ခံတပ်ဆင်ထားသည့် ခေတ်သစ်မှန်တံခါးကြောင့် အဟောင်းနှင့်အသစ်ရောထွေးနေသယောင်။

"ခေတ်အဆက်ဆက် ပြုပြင်မှုမှတ်တမ်းများနဲ့ ရန်ကုန်မြို့ရဲ့ အချက်အချာနေရာတွင် တည်ရှိခြင်း၊ ဘာသာပေါင်းစုံရောယှက်နေထိုင်သည့် မြို့နယ်အတွင်းတည်ရှိခြင်းနှင့် မျက်စိပသာဒအဖြစ်ဆုံးနေရာတွင် တည်ရှိနေခြင်းတို့ကြောင့် နှစ်ပေါင်းများစွာ ကြံ့ကြံ့ခံကာ ရပ်တည်လာခဲ့သော သိမ်တော်ကြီးကို နောင်နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးကြဖို့ လိုအပ်ပါတယ်"ဟု အသက် ၉၀ ကျော် ဂေါပကအဖွဲ့ဝင် အဘတစ်ဦးက ဆယ်စုနှစ်ကိုးဆက်မျှ သူတွယ်တာကာ တိုးတက်အောင် ဆောင်ရွက်ခဲ့သည့် သိမ်တော်ကြီး၏ ရက်စွဲများကို ပြန်ပြောင်းပြောပြခဲ့ပါသည်။



နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ဒေါင်းတံဆိပ်စကျင်ကျောက်ပြားများ

ခ ရီ း သွ ာ း ဆေ ာ င် း ပါ း

# စိမ်းညိုရင့်ရင့် တောင်အဆင့်ဆင့်ဆီသို့

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ - မောင်ချစ်ကြည်



*တောင်ခြေ ၁၀ မိုင်ခွဲစခန်းရောက်ချိန် အအေးဓာတ်လွှမ်းခြုံနေဆဲ။ ကားပေါ်ကဆင်းပြီး ခြေဆန့်လက်ဆန့်လုပ်ရင်း အနီးရှိ ခေတ္တအပန်းဖြေရာဇရပ်လိုလို အဆောက်အအုံငယ်တစ်ခုကိုကြည့်မိသည်။ သွပ်မိုး၊ သစ်တိုင်၊ ခေါင်းရင်းဘက်၌သစ်သားခင်းထားသည်။ အနီးဝန်းကျင်၌ လူတစ်ဦးမျှမတွေ့ရ။ တိတ်ဆိတ်အေးချမ်းသော တောင်ခြေစခန်းပင်ဖြစ်သည်။ တောခြေ၊ တောင်စွယ်များနှင့် စိမ်းညို့ညို့တောင်တန်းများပေါ်တွင် မြူနှင်းတွေဝေ့နေသည်ကို တွေ့ရသည်။ ချမ်းမြသောဆောင်းဦးနံနက်၌ ကျွန်တော်တို့ နတ်မတောင်အမျိုးသားဥယျာဉ်သို့တက်ရန် တောင်ခြေသို့ရောက်ရှိနေခြင်းပင်။*

နတ်မတောင်ကို ယခင်က ဗစ်တိုးရီးယားတောင်ဟုလည်း ခေါ်တွင်ခဲ့သည်။ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းတည်ရှိပြီး နတ်မတောင်အမျိုးသားဥယျာဉ်ကို ၁၉၉၄ ခုနှစ်၌ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အကျယ်အဝန်း ၂၉၇ စတုရန်းမိုင်ရှိရာ ကြီးမားသည့် ဧရိယာအဝန်းအဝိုင်းအဖြစ် သတ်မှတ်ထားခြင်းလည်း ဖြစ်သည်။

ကျွန်တော်တို့ကန်ပက်လက်မြို့မှ နံနက်စောစောထွက်ခဲ့ကြခြင်းဖြစ်ပြီး တောင်ခြေစခန်းသို့ နံနက် ၇ နာရီခန့်၌ပင် ရောက်ရှိနေခြင်းဖြစ်သည်။ ကန်ပက်လက်မြို့နှင့် နတ်မတောင် တောင်ခြေစခန်းက ၁၀ မိုင်ခန့်ကွာဝေးပြီး မော်တော်ကားဖြင့် ၁ နာရီခွဲခန့် မောင်းနှင်ခဲ့ရသည်။ တောင်ခြေစခန်း၌ ခေတ္တကြည့်ရှုပြီးနောက် နတ်မတောင်ပေါ်တက်ခဲ့ကြသည်။ တောင်ခြေစခန်းနှင့် တောင်ထိပ်က သုံးမိုင်ခွဲခန့်သာ လမ်းလျှောက်တက်ရခြင်းဖြစ်သည်။

ပညာကို ဖြည်းဖြည်းသင်၊ တောင်ကိုဖြည်းဖြည်းတက်ဟူသောစကားကိုကြားယောင်ရင်း နတ်မတောင်ကို စတက်ခဲ့သည်။ တောင်တက်ဖြစ်၍ တစ်လှမ်းချင်းမှန်မှန်တက်ခဲ့သည်။ နံနက်ခင်းအအေးဓာတ်က ရစ်သိုင်းနေဆဲဖြစ်ရာ ချမ်းစိမ့်စိမ့်ဖြင့်တောင်တက်ရသည်မှာ အဆင်ပြေသည်။ တောင်ခြေစခန်းမှ နတ်မတောင်အမျိုးသားဥယျာဉ်သို့ ၃ ဒသမ ၃ ကီလိုမီတာရှိသော်လည်း တောင်တက်လမ်းက မတ်စောက်ခြင်းမရှိသဖြင့် အခက်အခဲတစ်စုံတစ်ရာမရှိချေ။ တိတ်ဆိတ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ကြောင့် တောင်တက်ရင်း စိတ်ချမ်းမြေ့ဖွယ်ဖြစ်ရသည်က အမှန်ပင်။

တစ်နေရာအရောက် ခပ်လှမ်းလှမ်းတွင် နီရဲသောပန်းများအဆုပ်လိုက်ပွင့်နေသည်ကို မြင်တွေ့ရသည်။ ရဲရဲနီသည့်ပန်းပွင့်များက ပွင့်လွှာဖတ်များပါးလွှာသော်လည်း ရန့်ကသင်းပျံ့နေသည်။ အစိမ်းရင့်ရင့်ရှည်မျောမျောသစ်ရွက်များကြောင့် အပွင့်နီရဲရဲသည် ပတ်ဝန်းကျင်တွင် ထင်ထင်ရှားရှားပေါ်လွင်လျက်ရှိသည်မှာ သဘာဝပန်းအလှကို ဖော်ညွှန်းပြသနေသကဲ့သို့ပင် ကင်မရာကို စိတ်ကြိုက်ချိန်ရွယ်ကာ ဓာတ်ပုံမှတ်တမ်းကောင်းရယူနိုင်ခဲ့သည်။

တစ်လှမ်းချင်း ဖြည်းဖြည်းမှန်မှန်တောင်တက်ခရီးတက်ရောက်နေခြင်းဖြစ်ရာ လမ်းတစ်လျှောက်မြင်ကွင်းကောင်းများကို မလွတ်တမ်းဓာတ်ပုံမှတ်တမ်းတင်နိုင်ခဲ့သည်။ ကျန်ဒေသသည် တောင်နှင့်တောင်စွယ်တောတန်းများကရှုလေတိုင်း မှိုင်းညို့ရီဝေနေသည်။ လေအေးများ တိုက်ခတ်နေရာ ခပ်ဝေးဝေးဆီမှ ကျေးငှက်တစ်ကောင်၏အသံကို ကြားရသည်။ မလှမ်းမကမ်းရှိသစ်ကိုင်းတစ်ကိုင်းပေါ်တွင် မြေပြန့်၌ မြင်တွေ့ရလေ့ရှိသော စာပုတီးလို ငှက်တစ်ကောင်နားနေသည်ကို တွေ့ရသည်။ လည်ပင်း၌ လိမ္မော်ရောင်တောက်တောက်၊ ဝမ်းဗိုက်၌အဖြူရောင် ဖုံးလွှမ်းနေသည့် ငှက်တစ်ကောင်။

နတ်မတောင်အမျိုးသားဥယျာဉ်တွင် ကျေးငှက်မျိုးစိတ်ပေါင်း ၁၆၀ ခန့်ရှိကြောင်း သိရသည်။ ရှားပါးငှက်မျိုးစိတ်များနှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ငှက်မျိုးစိတ်ငါးမျိုးခန့်လည်း ကျက်စားရှင်သန်နေရာ သဘာဝတောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန်အရေးကြီးနေပြီဖြစ်သည်။ နတ်မတောင်ဥယျာဉ်ဧရိယာအတွင်း တောရိုင်းတိရစ္ဆာန်များကို တရားမဝင်သတ်ဖြတ်ခြင်းနည်းပါးသော်လည်း တတ်စွမ်းသမျှ ထိန်းသိမ်းထားကြောင်း သိရသည်။

တောင်တက်ခရီးထက်ဝက်ခန့်တွင် နိုင်ငံခြားသားခရီးသည်လေးဦးကိုတွေ့ရသည်။ နှုတ်ဆက်စကားပြောကြည့်ရာ ပြင်သစ်နိုင်ငံမှဖြစ်ပြီး မြန်မာနိုင်ငံသို့ လွန်ခဲ့သည့်တစ်ပတ်ခန့်က ရောက်ရှိလာခဲ့ခြင်းဖြစ်ရာ ရန်ကုန်တွင် တစ်ရက်နေထိုင်လည်ပတ်ခဲ့ပြီးနောက် ပုဂံမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်သို့ လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ သဘာဝအတိုင်းတည်ရှိနေသေးသော နတ်မတောင်ခရီးစဉ်ကိုနှစ်သက်ကြောင်း၊ အေးချမ်းတိတ်ဆိတ်ပြီး တောတောင်များကြောင့် စိတ်အပန်းပြေရပါကြောင်း ပါရီမြို့သား ဖီးလစ်ကပြောသည်။ သူတို့အားလုံး တောင်ခြေသို့ ပြန်ဆင်းသွားကြခြင်းဖြစ်သည်။

လက်တပြပြဖြင့်နှုတ်ဆက်ကာ တောင်ခြေဆင်းသွားသော ကမ္ဘာလှည့်ခရီးသွားများကို သမင်လည်ပြန်ကြည့်ရင်း မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက်ခရီးစဉ်များစွာရှိနေရာ ခရီးသွားများကို ဆွဲဆောင်မှုအားကောင်းရန် အရှိန်မြှင့်တင်ရေးလိုအပ်နေသည်ဟု တွေးနေမိသည်။ နိုင်ငံတကာတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို စနစ်တကျလုပ်ကိုင်နိုင်မှုကြောင့် ခရီးသွားလုပ်ငန်းမှ နှစ်စဉ်ဒေါ်လာသန်းနှင့်ချီကာရရှိနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ပိုမိုတွန်းအားပေးဆောင်ရွက်ရန်လိုအပ်ပြီး ခရီးစဉ်များအတွက် ဝန်ဆောင်မှုများတိုးမြှင့်ပေးခြင်းအားဖြင့် ဆွဲဆောင်နိုင်မည်ဖြစ်သည်။ နတ်မတောင်အမျိုးသားဥယျာဉ်သို့ ဆက်လက်တက်ရောက်ခဲ့ရာ လမ်းဘေးမနီးမဝေး၌ ကျားသစ်တစ်ကောင်ကို တွေ့ရသည်။




လူသံကြောင့်လှစ်ကနဲ သစ်ပင်များအကြားတိုးဝင်ပျောက်ကွယ်သွားသည်။ လိုက်ရှာသော်လည်း အရိပ်အခြေမတွေ့ရ။ ကျားသစ်တို့သည် လူတို့ကိုအန္တရာယ်ပေးတတ်သော သတ္တဝါဖြစ်သော်လည်း နတ်မတောင်ခရီးလမ်းတွင် တစ်ကြိမ်တစ်ခါမှ ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။ နတ်မတောင်အမျိုးသားဥယျာဉ်တွင် ကျား၊ ဝက်ဝံ၊ ကျားသစ်၊ တောင်ဆိတ်စသည့် သတ္တဝါများ ကျင်လည်ကျက်စားနေရာ အထူးသဖြင့် တောင်ဆိတ်များကို မကြာခဏတွေ့မြင်ရကြောင်း အတူလိုက်ပါလာသူ ကန်ပက်လက်မြို့သား ကိုဟိုင်စွမ်းကပြောသည်။

တောင်တက်လမ်းဘေးတစ်နေရာ၌ ခေတ္တရပ်ရင်း အမောဖြေကာ ပတ်ဝန်းကျင်ကိုကြည့်ရှုလိုက်ရာ အဆင့်ဆင့်နိမ့်ဆင်းသွားသော တောင်ကုန်းများ၊ တဖြည်းဖြည်းမြင့်တက်သွယ်တန်းနေသော တောင်တန်းများက အစီအရီ။ နတ်မတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၀၅၀၀ ခန့်မြင့်ပြီး မုန်းချောင်း၊ မောချောင်း၊ ယောချောင်း၊ မြစ်သာမြစ်၊ လယ်မျိုမြစ်တို့၏ ရေဝေဒေသကြီးတစ်ခုလည်းဖြစ်သည်။ ရှုလေတိုင်းစိမ်းစိမ်းစိုနေသော တောင်တန်းများကိုမြင်တွေ့ရသော်လည်း အချို့တောင်များက တောမီးရှို့ခြင်း၊ သစ်ခုတ်ခြင်း၊ တောင်ယာစိုက်ခြင်းများအပြင် မြေပြိုကျမှုများကြောင့် မြေသားမျက်နှာပြင်ဖြစ်နေသည့် နေရာများကိုလည်း တွေ့ရသည်။

နတ်မတောင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေကအေးမြနေရာ သန့်ရှင်းလတ်ဆတ်သော လေအေးကို တဝကြီးရှူရှိုက်လိုက်ရာ တစ်ကိုယ်လုံး လန်းဆန်းသွားသည်။ ဆူညံ၊ ပွတ်သိပ်ကာ လေထုညစ်ညမ်းနေသော မြို့ပြလေကိုရှူရှိုက်ရသည်နှင့် ကွာခြား

*စာမျက်နှာ ၁၇ သို့*

**ကျားသစ်တို့သည် လူတို့ကို အန္တရာယ်ပေးတတ်သော သတ္တဝါဖြစ်သော်လည်း နတ်မတောင်ခရီးလမ်းတွင် တစ်ကြိမ်တစ်ခါမှ ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။ နတ်မတောင်အမျိုးသားဥယျာဉ်တွင် ကျား၊ ဝက်ဝံ၊ ကျားသစ်၊ တောင်ဆိတ်စသည့် သတ္တဝါများ ကျင်လည်ကျက်စား**

စာမျက်နှာ ၁၆ မှ

လှသည်။ မြင်မြင်သမျှ အေးချမ်းတိတ်ဆိတ်ခြင်း၊ စိမ်းလန်းငြိမ်းချမ်းခြင်းတို့ အတိပြီးနေသည့်နေရာ၊ လူသူကင်းဝေးရာ သဘာဝအလှတရားများနှင့် လွှမ်းခြုံနေသောအရပ်။

ခေတ္တအမောဖြေပြီးနောက် ဆက်လက်တက်ခဲ့သည်။ တောင်တက်လမ်းကြမ်းတမ်းခြင်းမရှိသဖြင့် ပတ်ဝန်းကျင်ကို စိတ်ကြိုက်လေ့လာခွင့်ရသည်။ မလှမ်းမကမ်းသစ်ပင်တစ်ပင်ပေါ်တွင် သစ်ခွပန်းများကိုတွေ့ရသည်။ ခရမ်းရောင်နှင့်အဖြူရောင်ရောစပ်ထားသည့် သစ်ခွရိုင်းများ၊ မြန်မာနိုင်ငံတွင် အရှားပါးဆုံးသောသစ်ခွရိုင်းများကို နတ်မတောင်အမျိုးသားဥယျာဉ်၌ တွေ့မြင်ရသည်။ တစ်ဖန် ဝက်သစ်ချပင်များ၊ ကျောက်ထင်းရှူးပင်၊ တောင်ပိန္နဲပင်၊ မကောက်ပင်၊ မျောက်ငိုပင်တို့ကိုလည်း တွေ့မြင်ရသလို သစ်ဂျပိုး၊ ကရဝေးပင်များကိုလည်း တွေ့မြင်ရသည်။ နတ်မတောင်အမျိုးသားဥယျာဉ်တွင် အပင်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိမည်ဟု သုတေသနပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

ထူးထူးခြားခြားပွင့်နေသည့် အပင်များရှိရာသို့ ချဉ်းကပ်လေ့လာလိုက်ရာ တောင်ဇလပ်ဝါများဖြစ်နေသည်။ မြန်မာနိုင်ငံတွင် နတ်မတောင်အမျိုးသားဥယျာဉ်၌ မြင်တွေ့ရနိုင်သော တောင်ဇလပ်ဝါများ၊ ရှားပါးသော ဒေသရင်းမျိုးစိတ်ဖြစ်သည့် တောင်ဇလပ်ဝါ၊ တောင်ဇလပ်ဖြူ ပိုတင်တီလာနှင့် မြေကပ်ပန်းတို့လည်း ရှင်သန်ပေါက်ရောက်သဖြင့် နတ်မတောင်အမျိုးသားဥယျာဉ်သာ ထူးခြားပြည့်စုံနေသည်မှာ အမှန်ပင်။



သစ်ပင်တစ်ပင်ပေါ်မှ သတ္တဝါတစ်ကောင်လှုပ်ရှားမှုကို တွေ့လိုက်ရသဖြင့် ရပ်ကြည့်လိုက်ရာ မျောက်လွှဲကျော်တစ်ကောင်ဖြစ်နေသည်။ ဟိုမှသည်မှ သစ်ကိုင်းများကို လွှဲခိုကျော်လွှားနေသည်ကို တွေ့ရသည်။ ကျွန်တော်တို့ဘက်သို့လည်း ကွက်ကြည့်ကွက်ကြည့်လုပ်နေသဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ ဤတောဤတောင်အတွင်း တောခွေး၊ မျောက်မျိုးများစွာနှင့် တောဝက်၊ ခွေးအ၊ ချေ၊ ဆတ်၊ သစ်ပြောင်၊ ဝံပြောင်နှင့် သင်းခွေချပ်စသည့် နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၃၄ မျိုးခန့်ကျက်စားကြကြောင်း သိရသည်။

တစ်နေရာ၌ မြေပြင်တွင်ကပ်ပြီးပေါက်ရောက်နေသော အပင်အုပ်အုပ်ပေါ်တွင် အဝါ၊ အနက်အရောင်များပါရှိသော လိပ်ပြာနှစ်ကောင်ပျံသန်းနေသည်ကို တွေ့မြင်လိုက်ရသည်။ ကြီးမားသောလိပ်ပြာများဖြစ်ရာ တောင်ပံဖြန့်လျက်အနေအထားဖြင့် ၁၀ လက်မခန့်ရှိမည်။ ဓာတ်ပုံရိုက်လိုက်ပြီး မှတ်တမ်းပုံအမိအရ ယူလိုက်နိုင်သည်။ နတ်မတောင်တွင်လိပ်ပြာမျိုးစိတ်ပေါင်း ၇၇ မျိုးခန့်ရှိကြောင်း သိရသည်။ တစ်ဖန် ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ် ၁၀၆ မျိုးနှင့်ရှားပါးသော ငှက်ပြာခြောက်မျိုးစိတ်ကိုလည်းတွေ့မြင်နိုင်ရာ ငှက်ကြည့်ဝါသနာရှင်များ စိတ်ဝင်စားစရာပင်ဖြစ်သည်။

ကျွန်တော်တို့ နတ်မတောင်ထိပ်ပေါ်ရောက်ခဲ့ပြီ။ ခရီးသွားဧည့်သည်အချို့ကို မြင်တွေ့ရသည်။ ပြည်တွင်းပြည်ပခရီးသွားများဖြစ်သည်။ ခရီးသွားအများစုမှာ ကန်ပက်လက်မြို့မှ ပေ ၈၀၀၀ ရှိ တောင်ခြေစခန်းသို့ မော်တော်ယာဉ်ဖြင့်တက်လာကာ ကျန်ပေ ၂၀၀၀ ကျော်ကို လမ်းလျှောက်တက်ကြခြင်းဖြစ်သည်။ လမ်းကပြေပြီး လမ်းအူကြောင်းကလည်းကောင်းမွန်သဖြင့် တောင်တက်ရသည်မှာ အဆင်ပြေကာအခက်အခဲမရှိချေ။ နိုင်ငံခြားခရီးသွားများမှာ ပုဂံ-ညောင်ဦးမှ ၁၀၃ မိုင်ခန့်ကွာဝေးသော ကန်ပက်လက်မြို့သို့ ကားဖြင့်လာရောက်ပြီး ကန်ပက်လက်မှတောင်ခြေ ၁၀ မိုင်ခွဲစခန်းသို့ကားဖြင့် မောင်းနှင်ကာ နတ်မတောင်သို့ လမ်းလျှောက်တက်ရောက်သည်က များပြားလေသည်။

နတ်မတောင်ပေါ်တွင် ခေတ္တအမောဖြေကာထိုင်နေမိသည်။ တောင်ပေါ်ဖြစ်သော်လည်း တောရိပ်၊ တောင်ရိပ်တို့အပြင် လေအေးတို့ တသုန်သုန်တိုက်ခတ်နေသဖြင့်မောသော်လည်းမပန်းချေ။ တောင်ပေါ်မြက်ခင်းတောများ၊ တောင်ပေါ်အမြဲစိမ်းတော၊ တောင်ပေါ်ထင်းရှူးတောများကို လှမ်းမြင်ရသည်။ တောင်ပေါ်မှ သဘာဝရှုခင်းများကို နစ်မျောအောင် မြင်တွေ့ခံစားရသည်။ နတ်မတောင်အမျိုးသားဥယျာဉ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့က အာဆီယံအမွေအနှစ် ဒေသအဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့သဘာဝအမွေအနှစ်ဥယျာဉ်အဖြစ် ဦးစားပေးအဆင့်(၁)တွင် အဆိုပြုသတ်မှတ်ထားပြီဖြစ်သည်။

အတန်ကြာကြည့်ရှုလေ့လာပြီးနောက် တောင်ပေါ်မှ ပြန်ဆင်းခဲ့သည်။ "ချင်းကျေးရွာတွေဘက် သွားဦးမလား" ဟု ကိုဟိုင်စွမ်းကမေးသော်လည်း အချိန်မရ၍မသွားတော့။ နတ်မတောင်အမျိုးသားဥယျာဉ်ဧရိယာအတွင်း ထပ်ရှီရွာ၊ ဥယျာဉ်နီးရွာ၊ လှစ်လောင်ပန်းရွာ၊ အုတ်ဖိုရွာနှင့် မကျောက်ရွာတို့တည်ရှိနေသည်။ ဒေသခံချင်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများသို့ သွားရောက်လေ့လာလိုသော ဆန္ဒပြင်းပြနေသော်လည်း လှမ်းမျှော်ကြည့်ခဲ့ရုံကလွဲပြီး မရောက်ဖြစ်တော့။ တစ်ချိန်ချိန်တွင် နောက်တစ်ခေါက်ရောက်ခဲ့ပါက ချင်းကျေးရွာတွေဆီ အရောက်သွားရင်း ဒေသခံချင်းတို့၏ လူမှုဘဝနေထိုင်မှုများကို အနီးကပ်လေ့လာမည်ဟု စိတ်ထဲစွဲမှတ်ထားသည်။

တောင်ခြေစခန်းသို့ပြန်ရောက်ပြီး မော်တော်ယာဉ်ဖြင့် ကန်ပက်လက်မြို့သို့ပြန်ခဲ့သည်။ သဘာဝအလှတရားများဖြင့်ဖုံးလွှမ်းနေသော နတ်မတောင်က စိမ်းညို့သောဣန္ဒြေဖြင့် တဖြည်းဖြည်းဝေး၍ကျန်ခဲ့ပြီ။



# မြန်မာစကား-မြန်မာစာ အပြန်အလှန်ဆက်သွယ်မှု(၅)



မောင်ခင်မင်(ဓနုဖြူ)

"တစ်ခုမေးပါရစေဆရာကြီး"

"ဘာပါလိမ့်"

"မြန်မာစကားမှာ အသံတစ်သံထက်ပိုတဲ့ စကားလုံးတွေလည်းရှိနေတော့ မြန်မာစကားကို ဧကဝဏ္ဏဘာသာစကားလို့ အပြည့်အဝမခေါ်နိုင်ဘူးလို့ မှတ်သားရဖူးပါတယ်။ အဲဒါ မှန်ပါသလားဆရာကြီး"

"သားပြောတာမှန်ပါတယ်။ မြန်မာစကားထဲမှာ ဝဏ္ဏတစ်ခု၊ အသံတစ်သံထက်ပိုတဲ့ စကားလုံးတွေရှိနေတာ သားတို့သမီးတို့အသိပဲကွယ်။ ကဲ. . . ဘယ်စကားလုံးမျိုးတွေလဲဆိုတာ ပြောကြည့်ကြရအောင်"

"ဟုတ်ကဲ့ပါ. . . 'လှေကား'၊ 'ကောင်းကင်'၊ 'နာရီ'၊ 'အာလူး'၊ 'ကတ္တီပါ'ဆိုတဲ့စကားလုံးမျိုးတွေပါ"

"သမီးလည်းပြောကြည့်ပါ့မယ်။ 'ကစား၊ သနား၊ လိမ်မာ၊ ဆုံးမ' ဆိုတဲ့စကားလုံးမျိုးတွေလည်း ပါပါတယ်"

"ဟုတ်ပါတယ်။ အဲဒီစကားလုံးမျိုးတွေကအသံတစ်သံထက်ပိုတယ်။ အဲဒီစကားလုံးတွေကို ထပ်ခွဲလို့လည်းမရဘူးလေ 'ကောင်းကင်'ကို 'ကောင်း' 'တစ်လုံး' 'ကင်'တစ်လုံးထပ်ခွဲရင် အဓိပ္ပာယ်ပျက်သွားရောမဟုတ်လား။ ကျန်တဲ့စကားလုံးတွေလည်း အဲဒီလိုပဲခွဲလို့ မရတာဆိုတော့ ဧကဝဏ္ဏစကားလုံးတွေမဟုတ်ဘူးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ပညာရှင်တွေက ဘာပြောသလဲဆိုရင်။ အဲဒီလိုဧကဝဏ္ဏ မဟုတ်တဲ့စကားလုံးတွေဟာ မြန်မာစကားစစ်စစ်တွေမဟုတ်နိုင်ဘူး. . . တဲ့။ တခြားဘာသာစကားတစ်ခုခုကဝင်လာတဲ့ စကားလုံးတွေဖြစ်မယ်. . . တဲ့"

"သြော်၊ ဟုတ်ကဲ့ပါ"

"ပြီးတော့၊ အိမ်၊ ကျောင်း၊ သွား၊ လာ စတဲ့ ဧကဝဏ္ဏစကားလုံးအရေအတွက်နဲ့ ယှဉ်ကြည့်ရင် အဲဒီလိုဝဏ္ဏတစ်ခုထက်ပိုတဲ့ စကားလုံးအရေအတွက်ဟာ တော်တော်နည်းပါတယ်။ ဒီတော့ဧကဝဏ္ဏစကားလုံးတွေအများစုရှိတာကိုမူတည်ပြီး ဧကဝဏ္ဏဘာသာစကားလို့ သတ်မှတ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ. . . တစ်ခုတော့ရှိတယ်။ ဧကဝဏ္ဏဘာသာစကားစစ်စစ်ဆိုပြီး သာဓကပြတဲ့အခါ တရုတ်စကားတို့၊ ဗီယက်နမ်စကားတို့ကို ပြလေ့ရှိကြတယ်။ မြန်မာစကားလည်း မူလတုန်းကတော့ ဧကဝဏ္ဏ စစ်စစ်ဖြစ်မှာပေါ့။ နောက်မှတခြားစကားလုံးတွေ ရောလာတာလို့ ယူဆနိုင်တာပေါ့ကွယ်"

"နားလည်ပါပြီ ဆရာကြီး"

"မြန်မာစကားလုံးအများစုဟာ ဧကဝဏ္ဏတွေဖြစ်နေတော့ ကာရန်ယူဖို့သိပ်လွယ်တာပေါ့ကွယ်။ ဆိုပါတော့။ 'ခွန်း' ဆိုတဲ့စကားလုံးနဲ့ ကာရန်တူတဲ့စကားလုံးတွေ စဉ်းစားလိုက်ရုံနဲ့ 'ကွန်း၊ ခွန်း၊ သွန်း၊ လွန်း၊ ထွန်း' ဆိုပြီး တသီတတန်းကြီးပေါ်လာတာလေ"

"ဟုတ်တယ်နော် ဆရာကြီး"

"ဒီတော့ မြန်မာစကားနိုင်နင်းကျွမ်းကျင်တဲ့ ကဗျာဆရာကြီးတွေဟာ အသံတစ်သံချင်းတောင်မကဘူး၊ အသံတွေအများကြီးတွဲထားတဲ့ နဘေထပ်ကာရန်မျိုးကိုတောင် ကွယ်ကွယ်ဝဝယူပြီး ကဗျာဖွဲ့နိုင်ကြတယ်။ ကုန်းဘောင်ခေတ်ကစာဆို ဦးကြော့ရဲ့ကဗျာတွေဆိုရင် နဘေထပ်ကာရန်တွေနဲ့ ဖွဲ့ထားတာလေ။ သမီးမရဘူးလား။ ရရင်တစ်ပိုဒ်လောက် ရွတ်ပြစမ်းပါ"

"ဟုတ်ကဲ့ဆရာကြီး။ လေးချိုးတစ်ပုဒ်ရဲ့အစကို သမီးရွတ်ပြပါ့မယ်။ 'ပင်မင်းမူ ခင်းသန့်သန့်ငယ်နှင့် အင်ကြင်းဖြူ ဝင်းဖန့်ဖန့်မှာလ၊ သင်းပျံ့ပျံ့ကြူခဲ့ပြီ. . . "

"ကောင်းတယ်ကွယ်။ အဲဒီမှာကြည့်စမ်း ဧကဝဏ္ဏ စကားလုံးတွေအတွဲကိုက နဘေထပ်ထားတာ၊ 'ပင်မင်းမူ-အင်ကြင်းဖြူ'၊ 'ခင်းသန့်သန့်-ဝင်းဖန့်ဖန့်-သင်းပျံ့ပျံ့'ဆိုပြီးတော့လေ"

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာတွေမှာလည်း နဘေထပ်ကာရန်တွေပါပါတယ်ဆရာကြီး"

"ဒါဆို. . သားကလည်း တစ်ပိုဒ်လောက်ရွတ်ပြပါ"

"ဟုတ်ကဲ့။ မိဖုရားစောလုံဘွဲ့လေးချိုးကြီးမှာ 'သေလမ်းဝင် မှောင့်ရှာတဲ့ တစ်မိရယ်ကြောင့်၊ ရွှေနန်းရှင်မောင့်မှာဖြင့် မချိပြီဘူး စောင့်ပါခလှည့်ရယ်လို့ တရရှာလေသကွယ်. . . တဲ့"

"ဟုတ်ပ့ါ။ ဆရာကြီးမှိုင်းကလည်း ဘာသာစကားသိပ်နိုင်နင်းတာဆိုတော့ ကာရန်တွေ နဘေထပ်ပြီးဝေဝေဆာဆာယူထားတာပေါ့ကွယ်၊ ရာဇဝင်မှာ နရသီဟပတေ့မင်းက မိဖုရားစောလုံကို ကွပ်မျက်ပြီးမှ ညကျတော့သတိရပြီး 'စောလုံစောင့်ပါခလှည့်' လို့ တမ်းတတယ်မဟုတ်လား။ အဲဒီ 'စောင့်ပါခလှည့်' ကို 'မှောင့်ရှာတစ်မိ'၊ 'မောင့်မှာမချိ'ဆိုပြီး ဆရာကြီးက လှလှပပ နဘေထပ်ထားတာလေ"

"ဟုတ်ကဲ့ပါ"

"ပြောရဦးမယ်။ သားတို့သမီးတို့တော့ မမီလိုက်ဘူး။ ဆရာတို့ငယ်ငယ်က ဂီတစာဆို ရုပ်ရှင်ဒါရိုက်တာမင်းသားကြီးဦးမြတ်လေးဆိုရင် နဘေထပ်ကာရန်တွေ အင်မတန်နိုင်နင်းတယ်ကွဲ့။ သူ့သီချင်းတွေမှာ အဲဒီခေတ်က လက်ဝဲဆန်တဲ့ အသုံးအနှုန်းလို့ပြောကြတဲ့

> **ဧကဝဏ္ဏဘာသာ စကားစစ်စစ်ဆိုပြီး သာဓကပြတဲ့အခါ တရုတ်စကားတို့၊ ဗီယက်နမ်စကားတို့ ပြလေ့ရှိကြတယ်။ မြန်မာစကားလည်း မူလတုန်းကတော့ ဧကဝဏ္ဏစစ်စစ် ဖြစ်မှာပေါ့။ နောက်မှ တခြားစကားလုံးတွေရောလာတာလို့ ယူဆနိုင်တာပေါ့ကွယ်"**

ခေတ်သစ်ဝေါဟာရတွေကိုတောင် သီချင်းတွေထဲမှာ နဘေထပ်ပြီး အများကြီးရေးခဲ့တာလေ"

"ပြောပြပါ ဆရာကြီး"

"အဲ. . . 'အချစ်ကြီးတဲ့ ဘဝင်ဆွေးထုနဲ့ ဝေးရန်မြင်လာဖွယ်၊ ပစ္စည်းမဲ့ယဉ်ကျေးမှုရဲ့ တေးသံရှင်ပါကွယ်'ဆိုတာမျိုး၊ ပြီးတော့ 'ခွန်းဆက်ရန်ငြိုး အမိရယ်အမိရယ်၊ အစွန်းထွက်တန်ဖိုး မရှိတယ် မရှိတယ်' ဆိုတာမျိုးတွေပေါ့ကွယ်"

"ကောင်းလိုက်တာနော်"

"သြော်. . . ရှိသေးတယ်။ မိန်းကလေးတစ်ယောက်ကို ရည်ညွှန်းပြီးဖွဲ့ထားတာ၊ 'ဘုံနန်းဖျားမေချောကလျာရယ်၊ ယုံတမ်းစကားတွေပြောကာရယ်၊ ခုံတန်းလျားရှည်သဘောပါကွယ်'တဲ့"

"ဟင်. . . ခုံတန်းလျားရှည်က ဘာပါလဲ ဆရာကြီး"

"သြော်. . . ခုံတန်းလျားရှည်ကို ဟိုလူဝင်ထိုင်၊ ဒီလူဝင်ထိုင်ဆိုတာမျိုးကို ပြောတာပေါ့ကွယ်"

"သြော်. . . ဟုတ်လားဆရာကြီး"

"မြန်မာစကားမှာ တစ်သံချင်း အဓိပ္ပာယ်ရှိတဲ့ ဧကဝဏ္ဏစကားလုံးတွေ ကြွယ်ဝတာမို့ ကဗျာတွေ၊ သီချင်းတွေရေးတော့လည်း ကာရန်ကို ခဲရာခဲဆစ်ရှာနေစရာမလိုဘဲ ဝေဝေဆာဆာရေးနိုင်ဖွဲ့နိုင်တာပေါ့ကွယ်။ မြန်မာစကားရဲ့ ဧကဝဏ္ဏစကားလုံးပေါများတဲ့သဘာဝက မြန်မာစာပေမှာ ကာရန်ကြွယ်ကြွယ်ဝဝသုံးနိုင်တဲ့ အကြောင်းတစ်ရပ်ပေါ့ကွယ်"

"သဘောပေါက်ပါပြီ ဆရာကြီး"

"မြန်မာစကားနဲ့ မြန်မာစာ အပြန်အလှန်ဆက်သွယ်ပုံတွေ နောက်ထပ်မပြောခင် သားတို့ သမီးတို့မှတ်စရာ အဆိုအမိန့်တစ်ခုကို ပြောချင်သေးတယ်"

"ပြောပြပါ ဆရာကြီး"

စာမျက်နှာ ၁၈ သို့

# ဂီလာနလူနာများကို နိစ္စဓူဝပြုစုနေသော ရဟန်းမြတ်

မြန်ဂုဏ်ဆောင်

'ချစ်သားရဟန်းတို့ . . .

သီတင်းသုံးဖော် ဂီလာနရဟန်းတော်များအား ပြုစုစောင့်ရှောက်ပေးခြင်းသည် ငါဘုရားကိုပြုစုသည် မည်၏'
(မြတ်ဗုဒ္ဓ)

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေနယ်မြေ ဂီလာနုပဋ္ဌာကကျောက်တံခါးကျောင်း မူလဆီးဘန်နီတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ သက်တော် (၈၆)၊ ဝါတော် (၅၄) သည် သက်တော် (၃၂)နှစ်တွင် သာသနာ့ထီးတော်ရိပ်အောက်တွင် (၂၂၇)သွယ်သော သိက္ခာပုဒ်တို့ကို စောင့်ထိန်း၍ ရဟန်းပြုခဲ့သည်။

ဆရာတော်သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သုံးအိမ်စုကျေးရွာဇာတိ ကရင်တိုင်းရင်းသား ခမည်းတော် တီးတာဝါး (ကွယ်လွန်)၊ မယ်တော်နော်စိန်ရွှေ (ကွယ်လွန်)တို့၏ သားသမီးခြောက်ဦးအနက် ဒုတိယသားဖြစ်သည်။ အစ်ကို ဦးပုလေး (ကွယ်လွန်)၏ ညီဖြစ်ပြီး ငယ်အမည် ဦးပုငယ်ဖြစ်သည်။

ကရင်လူမျိုးဖြစ်ပြီး အမည်မှည့်ခေါ်ရာတွင် အမျိုးသားများကို ပုလေး၊ ပုငယ်၊ အမျိုးသမီးများကို မကြီး၊ မငယ်၊ မပုဟူ၍ခေါ်ကြရာ မြန်မာလို နီးကပ် နီးစပ်သည့်သဘောဖြင့် ပုပုဖိုးလောဟူ၍ 'နီးနီးလေး'အနက်ကိုဆောင်ပြီး မှည့်ခေါ်ကြသည်။

ဆရာတော်ငယ်စဉ် ကိုပုငယ်ဘဝက ပဉ္စမတန်းအထိ လောကီပညာသင်ယူနေစဉ် ဖခင်ကရင်လူမျိုး ဦးတီးတာဝါး ကွယ်လွန်ခဲ့ရာ ကျောင်းမှထွက်ပြီး မိခင် နော်စိန်ရွှေနှင့်အတူ လယ်လုပ်ရသည်။ ၁၃၃၂ ခုနှစ်တွင် သာသနာ့ဘောင်သို့ ပဲခူးတိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကျွန်းချောင်းကျေးရွာ ဆရာတော် ဦးဓမ္မနန္ဒ၏ကျောင်း၌ ရဟန်းပြုသည်။ ရဟန်းဒါယကာမှာ ဦးလေးနှင့် ညီအစ်ကိုမောင်နှမတစ်စု၏ ကရင် ဆွေမျိုးစုံ စုပေါင်းရဟန်းခံဖြစ်သည်။

ဆရာတော်သည် အသက် (၃၂)နှစ်အရွယ်မှ ရဟန်းပြု၍ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကိုသင်ယူပြီး မန္တလေးမြို့ ညောင်ကန်တိုက်၊ ထီးလင်းတိုက်၊ မင်းဒင်တိုက်တို့တွင် ဝါဆိုခဲ့ကာ လောကုတ္တရာကျမ်းကို ထိုးဖောက်ခဲ့သည်။

မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတစ်ခုတည်းရှိစဉ် လွန်ခဲ့သော (၁၅)နှစ်က ဆရာတော် သံဃာ့ဆေးရုံ အဆောင်တွင် အူကျရောဂါ၊ အစာအိမ်သွေးကြောပေါက်ရောဂါဖြင့် ဆေးဝါးကုသခံနေစဉ် ရဟန်းဂီလာနများ၏ ဆွမ်း၊ ကွမ်းပြဿနာ၊ ဆေးရုံအမျိုးသား၊ အမျိုးသမီးဆောင်မှ လူနာများ၏ အာဟာရပြဿနာများကို နေ့စဉ်ကြုံတွေ့ရာမှ ဆရာတော်ကိုယ်တိုင်က ဆွမ်းအာဟာရအတွက် ဒါနပြုလိုစိတ်ဖြစ်ပေါ်လာသည်။

၁၉၈၂ ခုနှစ် မတ်လ ၁၉ ရက်နေ့ (၁၃၄၇ ခု တပို့တွဲလပြည့် ကျော် ၆ ရက်) မန္တလေး သံဃာ့ဆေးရုံတွင် ဆေးရုံတက် စဉ်ကပင် ဆွမ်းဒါယကာ ဒါယိကာမများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများပို့လာသော ဆွမ်း၊ ခဲဖွယ်တို့ကို မိမိလိုသမျှ စားသုံးရန်ချန်လှပ်ပြီး ဆေးရုံတွင်းရှိ ဂီလာနသံဃာတော်များ၊ အတွင်းလူနာများသို့ အာဟာရဒါနဝေငှခဲ့သည်။ ဆေးဝါးများကိုလည်း မျှဝေပေးခဲ့သည်။ ဆရာတော် ဦးသုနန္ဒမှာ ရောဂါဝေဒနာသက်သာသော်လည်း၊ ဆေးရုံမှပင်ဆင်းခိုင်းသော်လည်း မဆင်းဘဲ တွယ်ကပ်သီတင်းသုံးတော်မူခဲ့သည်။

ဆရာတော်၏ စိတ်သန္တာန်ဝယ် ဂီလာနပဋ္ဌာက (အနီးမှ မကျန်းမာသောသူကို စောင့်ရှောက်ခြင်း)၊ ဂီလာနုပဋ္ဌာက (အဝေးမှမကျန်းမာသော သူကိုစောင့်ရှောက်ခြင်း)လုပ်ငန်းစဉ်ကို စိတ်ဝင်စားခဲ့သည်။

ထို့ကြောင့် မန္တလေး ဂီလာနသံဃာ့ဆေးရုံဆောင်ကိုလည်း ဆီးဘန်နီ တိုက်အုပ်ဆရာတော်၏ အကူအညီဖြင့် လှူဒါန်းခဲ့သည်။

ဆီးဘန်နီမူလတိုက်အုပ်ဆရာတော်ကြီးက 'ဂီလာနရဟန်းချင်းပြုစုတာ စာအုပ်စာပေထဲမှာသာ တွေ့ဖူးတာ။ ပြင်ပမှာမတွေ့ခဲ့ဘူး။ အခုမှ အရှင်ဘုရားပြုစုမှုကို ကိုယ်တွေ့မြင်ရပြီ။ ဆေးရုံမှလူနာတွေကို ၁၂ နှစ်ကြာအောင် ဆက်လုပ်ပါ။ မြို့ထဲဆွမ်းမခံပါနဲ့။ တောထဲသွားပြီး ဆွမ်းခံပါ။ တောထဲမှာ သစ်ပင်ကြီးတွေ့ရင်ရပ်ပါ' ဟူ၍ မိန့်ကြားခဲ့မှုကို ဦးသုနန္ဒ နားဝယ် စွဲတသသဖြစ်နေရသည်။ ဆရာတော်ကို ဆီးဘန်နီတိုက်အုပ်ဆရာတော်က သူ၏ ခြေတော်ရင်း၌ မှီခိုသီတင်းသုံးစေခဲ့သည်။ ဆရာတော်က ဂီလာနရဟန်း၊ လူနာများကို ဆွမ်းခံကျွေးရ၊ အာဟာရဒါနပြုရသည်ကို ပျော်မွေ့နေစဉ် မန္တလေးမြို့ ၆ဇွန်နို့ဆီပိုင်ရှင် ဒေါ်မူနှင့်တွေ့၍ ဒေါ်မူက အာဟာရအတွက် များစွာကူညီထောက်ပံ့ခဲ့သည်။ ထိုအချိန်မှစတင်၍ မန္တလေး ပြည်သူ့ဆေးရုံကြီးတွင် နံနက်တိုင်း အာဟာရယာဂု ဆန်ပြုတ် အလှူရှင်များ နိစ္စဓူဝပေါ်လာသည်မှာ ယနေ့တိုင်ဖြစ်သည်။ ဆရာတော်သုနန္ဒ၏ လမ်းသစ်ဖောက်မှုကြောင့် ဆရာတော်ကို သံဃာအများက 'ဂီလာနုပဋ္ဌာက ဘဒ္ဒန္တသုနန္ဒရ'ဟူ၍ မှည့်ခေါ်လာကြသည်။

မူလဆီးဘန်နီကျောင်းတိုက်မှာ အင်္ဂလိပ်အုပ်စိုးစဉ်က မန္တလေးမြို့ မန္တလေးတောင်ခြေအနီး ပုသိမ်ကြီးမြို့နယ်တွင် ရှိသည်။ အင်္ဂလိပ်ကကျောင်းတိုက်နေရာကိုသိမ်းပိုက်ပြီး ယခု မဟာအောင်မြေမြို့နယ်၌ ကျောင်းတိုက် ၂၈ တိုက်ကို တိုက်အုပ် ဦးနန္ဒိယ၏အုပ်ချုပ်မှုဖြင့် သံဃာ ၃၀၀ ကျော်ကို နှစ်စဉ်ဝါဆိုစေပြီး ပရိယတ္တိစာပေများ ပို့ချလျက်ရှိသည်။

ဆရာတော် ဦးသုနန္ဒသည် ရောဂါသက်သာ၍ ဆေးရုံမှဆင်းပြီး သီတင်းသုံးရာ မဟာအောင်မြေမြို့နယ်သို့ ပြန်ရောက်သော်လည်း သံဃာ့ဆေးရုံမှ ဂီလာနသံဃာတော်များ၊ ပြည်သူ့ဆေးရုံမှလူနာများ၏ မြင်ကွင်းကို မေ့မရဘဲ မန္တလေးမြို့ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်များသို့ နိစ္စဓူဝ ဆွမ်းခံထွက်ပြီး ရသမျှဆွမ်းကို သံဃာ့ဆေးရုံ၊ ပြည်သူ့ဆေးရုံများသို့ သွားရောက်လှူဒါန်းခဲ့သည်။



ဆွမ်းခံကြွစဉ် ဘယ်ဘက်ခြေထောက်သံဆူးရာ ဆွမ်းခံမပျက်အောင် သံဆူးသောဒဏ်ရာဖြင့် ခြေဖဝါးပေါ်၌ သစ်သားပြားထပ်ပိုး၍ လမ်းလျှောက်လျှင် အနာသက်သာအောင် ပတ်တီးစည်းပြီး ဆွမ်းခံကြွတော်မူခဲ့သည်။

ဆွမ်းခံကြွပြီး လိုင်းကားတိုးစီး၍ ကျောင်းတိုက်ရောက်လျှင် ဆွမ်းစားသည်။ တစ်ခါတစ်ရံ ဆွမ်းအလှူခံများလျှင် မိမိစားသုံးဖို့ ဆွမ်းပင်မကျန်သောအခါ သပိတ်ထဲမှ ဆွမ်းအကပ်လက်ကျန်မျှဖြင့် ဘုန်းပေးတော်မူပြီး ရေ အဝသောက်နေရသော ရက်ကလည်းရှိသည်။

ဂီလာနပြုစုမှု နိစ္စဓူဝလုပ်ငန်းစဉ်တွင် ကရင်အမျိုးသမီး နော်အေးကြူ (၄၀)နှစ်က 'သံဃာတော် ဆွေမျိုးဘက်၊ မကျန်းမမာ ရဟန်းရှင်လူ လူနာစောင့်အများကောင်းမှု' သိန်း ၇၀ တန် လိုက်ထရပ် မော်တော်ယာဉ်ကိုမောင်းနှင်ပြီး ဆွမ်းအလှူရှင် ဦးပဥ္စင်း နှစ်ပါးဖြစ်သော ဦးစန္ဒော (၇၅)နှစ်နှင့် ဦးဝိလာသ (၁၀)နှစ် နှစ်ပါးနှင့် ဦးထိန်လင်း (၅၀)နှစ်တို့က ဝိုင်းကူကြသည်။

ဆွမ်းဟင်းများ၊ မုန့်များကို ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်၍ ဝေငှလှူဒါန်းသည်။ မြတ်ဗုဒ္ဓဘုရားရှင် လက်ထက်က ဂီလာနရဟန်းများကို တိုက်ကျွေးခဲ့သော ယာဂုဆွမ်းဆန်ပြုတ်ကို အဖိုးနည်း ဝန်ပါထိရောက်သော အာဟာရအဖြစ် ဆရာတော်က ခံမင်တန်ဖိုးထားခဲ့သည်။

ဆရာတော်က ပရိတ်ရေ၊ ပဋ္ဌာန်းရေအတွက် မြသပိတ်တော်တွင် ရေသန့်ထည့်၍ ပရိတ်၊ ပဋ္ဌာန်းတော်များကို ဘုရားစင်တွင် အဓိဋ္ဌာန်ဝင်ပြီး နေ့စဉ်ရေရွတ်သည်။ အဓိဋ္ဌာန်ပြုသည်။ ပရိတ်ရေများကို စဉ့်အိုးတွင်းရှိ ရေများဖြင့်ရော၍ ဆေးရုံလူနာဆောင်များသို့ သွားရောက်ပြီး ရဟန်း၊ လူနာနှင့် လိုအပ်သူများကို ဝေငှပေးသည်။ ပရိတ်အဓိဋ္ဌာန်ရွတ်ဖတ်မှုကို အရုဏ်တက်နံနက်ပိုင်းတစ်ကြိမ်၊ ညပိုင်း ဘုရားဝတ်ပြုချိန်တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ဆောင်ရွက်သည်။ ရွတ်ဆိုရာတွင် ပရိတ်ကြီး(၁၁)သုတ်နှင့် ပဋ္ဌာန်းဒေသနာမြတ်သာဖြစ်သည်။

အစာအာဟာရနှင့် ပရိတ်ရည်၊ ပဋ္ဌာန်းရည်များကို မန္တလေးမြို့ ပြည်သူ့ဆေးရုံ၊ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ တိုင်းရင်းဆေးရုံ၊ အလုပ်သမားဆေးရုံ၊ ခုတင် (၅၅၀) ကလေးဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံ၊ အရိုးဆေးရုံ၊ ကုတင် (၃၀၀)ဆေးရုံ၊ ပုသိမ်ကြီး တီဘီဆေးရုံ၊ ဦးလှထွန်း (ကင်ဆာ)ဖောင်ဒေးရှင်းဆေးရုံသို့ အလှည့်ကျသွားရောက်လှူဒါန်းလျက်ရှိသည်။

ဆရာတော်၏မွေးရက်မှာ ၁၂၉၁ ခု တပေါင်းလဆန်း ၉ ရက်ဖြစ်၍ မွေးနေ့ရောက်တိုင်း လွန်ခဲ့သော ခြောက်နှစ်မှစတင်ပြီး အင်္ဂလိပ်ဆေးမျိုးစုံ ငွေကျပ် ကိုးသိန်းဖိုးကို ဆေးရုံရှိ ဂီလာနသံဃာတော်များအား သွားရောက်လှူဒါန်းခဲ့သည်။

ဆရာတော် ဦးသုနန္ဒသည် လွန်ခဲ့သော (၁၅)နှစ်အတွင်း သံဃာအလှူများကိုထမ်းရွက်ခဲ့ရာ မန္တလေး ပြည်သူ့ဆေးရုံတွင် ရေခဲသေတ္တာ၊ ချွဲစုပ်စက်၊ နားကြပ်၊ သံဃာဆောင်သုံး ရေတိုင်ကီ၊ ရေပိုက်၊ တွန်းလှည်း၊ သွေးခံပုလင်း၊ သွေးပေါင်ချိန်စက်မှစ၍ ဆေးထိုးအပ်များအထိ ငွေကျပ်သိန်း ၅၀ ဖိုးခန့် လှူဒါန်းခဲ့သည်။

ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံတွင်လည်း ထာဝရဆေးပဒေသာပင်စိုက်ထူခြင်း၊ ချွဲစုပ်စက်၊ ဆေးပစ္စည်းများလှူဒါန်းခဲ့သည်။

ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံတွင် သွေးခံပုလင်း၊ ဆေးပစ္စည်းမျိုးစုံ၊ ချွဲစုပ်စက်တို့လှူဒါန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြည်သူ့ဆေးရုံတွင် ချွဲစုပ်စက်၊ ဆေးခန်းအဆောက်အအုံငွေကျပ် ၅၃ သိန်းဖိုး လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပဲခူးတိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စု ဗောဓိကွင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ(ဆေးပေးခန်း)ကို ၂၀၁၄ ခုနှစ် မေလ ၁၀ ရက်နေ့က ငွေကျပ် ၅၃ သိန်း အကုန်ကျခံဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျေးလက်ဆေးခန်းဆောက်လုပ်ရာတွင် ဦးကုမာရ (ကျွန်းကုန်းတော)သက်တော် (၈၂)၊ ဝါတော် (၆၂)မှ အနီးကပ်ကြီးကြပ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မိုးမိတ်ကုန်းမြေ ဆရာတော် ဦးဝိစိတ္တ သက်တော်ထင်ရှားရှိစဉ် ၁၃၄၀ ခုနှစ်က ပဲ၊ ဆီ၊ ဆန်၊ ဆား၊ အာဟာရများ လှူဒါန်းခဲ့သည်။

၁၉၉၇ ခုနှစ်မှစတင်၍ မန္တလေးမြို့ ပြည်သူ့ဆေးရုံတွင် သူနာပြုဆရာမကြီး ဒေါ်မြမြဝင်း (အထက်တန်းသူနာပြု)၏အကူအညီဖြင့် ရာသက်ပန်ဆေးပဒေသာပင်ကိုစိုက်ထူပြီး ဆေးဖိုးမတတ်နိုင်၍ လူနာတင်တွန်းလှည်းဖြင့် ခွဲစိတ်ခန်းမှပြန်လာရသူများကိုစောင့်ကြည့်ပြီး ငွေကြေးထောက်ပံ့မှုကို လစဉ် ငွေကျပ်ငါးသိန်း အပ်နှံဆောင်ရွက်လျက်ရှိသည်။ ဆေးဝါးကုသခံယူနေသော ဂီလာနနှင့် လူနာများ ဆေးရုံတွင်နေရာအခက်အခဲဖြစ်လျှင် မိမိကျောင်းတိုက် (မဟာအောင်မြေ)သို့ခေါ်ယူပြီး ဂီလာနနှင့်လူနာများကို ကုသပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဖဒိုကျေးရွာမှလူနာများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှလူနာများ၊ မကွေးတိုင်းဒေသကြီး စလင်းမြို့မှလူနာများ ရောဂါကုသနေစဉ် နေရာအခက်အခဲကြောင့် ဆရာတော်၏ ကျောင်းဆောင်တွင် ကုသခဲ့ရသည်။

မန္တလေးမြို့ရှိ ဆေးရုံအသီးသီးတွင် ရောဂါကုသခံနေရသော ရဟန်း ဂီလာန၊ လူနာများအနေဖြင့် နေရာအခက်အခဲကြုံတွေ့ပါက ဆေးရုံတက်စဉ်ဖြစ်စေ၊ ဆေးရုံမှဆင်းလျှင်ဖြစ်စေ ဆရာတော်ကျောင်းတိုက်ဖြင့် ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်းသိရသည်။

မန္တလေးမြို့ မဟာအောင်မြေ၊ မူလဆီးဘန်နီတိုက်၊ ကျောက်တံတားကျောင်း ဂီလာနနုပဋ္ဌာက ဘဒ္ဒန္တသုနန္ဒရနှင့် ဆက်သွယ်လိုပါက ဖုန်း ၀၂-၆၁၇၁၉၊ ၀၉-၂၅၃၃၄၂၆၄၄၊ ၀၉-၄၄၄၀၃၇၅၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းကောင်းမျှဝေလိုက်ပါရစေ. . . . .။ ။

---

*စာမျက်နှာ ၁၇ မှ*

"အလင်္ကာကျမ်းထဲမှာဆိုထားတဲ့ အဆိုအမိန့်တစ်ခုပါ။ ပုဂ္ဂိုလ်တစ်ယောက်ဟာ. . တဲ့၊ ကျမ်းလေးကျမ်းကို နားလည်တတ်မြောက်ရင် အဲဒီပုဂ္ဂိုလ်ဟာ စာပေကျမ်းဂန်ရေးသားနိုင်စွမ်းရှိတဲ့ ဂုဏ်နဲ့ပြည့်စုံတာကြောင့် ကျမ်းတစ်စောင်တစ်ဖွဲ့မျှမရေးစေကာမူ ကျမ်းပြုစာဆိုအဖြစ် အသိအမှတ်ပြုထိုက်တယ်. . တဲ့ကွဲ့"

"ဘာကျမ်းတွေပါလဲ ဆရာကြီး"

"အဲဒါ ဆရာပြောချင်တဲ့အဓိကအချက်ပဲ။ အဲဒီကျမ်းလေးကျမ်းဆိုတာက သဒ္ဒါကျမ်းရယ်၊ နိဃဏ္ဍုကျမ်းလို့ခေါ်တဲ့ အဘိဓာန် ကျမ်းရယ်၊ ဆန်းကျမ်းရယ်၊ အလင်္ကာကျမ်းရယ်၊ အဲဒီလေးကျမ်းပဲ"

"ဟုတ်ကဲ့ပါ"

"အဲဒီကျမ်းတွေကိုကြည့်ရင် ဘာသာစကားရောစာပေပါ သူ့ကဏ္ဍနဲ့သူ အရေးကြီးတယ်ဆိုတဲ့အချက်ဟာ ပေါ်လွင်နေတယ်ကွဲ့၊ ကြည့်လေ သဒ္ဒါကျမ်းဆိုတာက ဘာသာစကားဖွဲ့စည်းပုံကိုပြတဲ့ ကျမ်းမဟုတ်လား။ အဘိဓာန်ကျမ်းဆိုတာလည်း စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်တွေကို ဖွင့်ဆိုတဲ့ကျမ်းပဲလေ"

"ဟုတ်ကဲ့ပါ"

"အဲ. . . ဆန်းကျမ်းကတော့ ပါဠိဂါထာဖွဲ့နည်းကျမ်းဆိုတော့ စာပေအရေးအဖွဲ့ဆိုင်ရာကျမ်းပေါ့။ အလင်္ကာကျမ်းကလည်း ကဗျာတွေ စာပေတွေမှာ တန်ဆာဆင်ရတဲ့ အလင်္ကာနည်းတွေကိုပြတဲ့ကျမ်းပဲလေ။ ဒီတော့ ဒီနှစ်ကျမ်းက စာပေဆိုင်ရာကျမ်းတွေ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီတော့ စာပေရေးဖွဲ့နိုင်စွမ်းရှိဖို့အတွက် တတ်မြောက်ရသည့်ကျမ်းလေးကျမ်းဆိုတာက ဘာသာစကားဆိုင်ရာကျမ်းနှစ်ကျမ်း၊ စာပေဆိုင်ရာ နှစ်ကျမ်းပဲဆိုတာ ထင်ရှားမနေဘူးလား"

"ထင်ရှားနေပါတယ် ဆရာကြီး"

"အဲဒီအဆိုအမိန့်အရ သားတို့ သမီးတို့ဘယ်လိုကောက်ချက်ချမလဲကွယ်"

"ဟုတ်ကဲ့ပါ။ ပညာရှင်တစ်ယောက်ဖြစ်လာဖို့အတွက် ဘာသာစကားရော၊ စာပေရော နှစ်ဖက်စလုံးမျှမျှတတ လေ့လာသင့်တယ်လို့ ကောက်ချက်ချနိုင်မယ်ထင်ပါတယ် ဆရာကြီး"

"ဒီအဆိုအမိန့်ဟာ သုဗောစာလင်္ကာရဆိုတဲ့ ပါဠိအလင်္ကာကျမ်းက အဆိုအမိန့်ဖြစ်ပေမယ့် ပါဠိဘာသာကိုသာ ရည်ညွှန်းတာမဟုတ်ပါဘူး။ ဘာသာစကားအားလုံးနဲ့ အကျုံးဝင်တဲ့ အဆိုအမိန့်ပါ။ မြန်မာစကားအပါအဝင် ဘာသာစကားတိုင်းမှာ ဘာသာစကားရော စာပေရော အရေးကြီးကြောင်း ဒီအဆိုအမိန့်အရ သိနိုင်တာမို့ ဆရာလည်းသမီးတို့ သားတို့ယူဆသလိုပဲ ယူဆပါတယ်။ ကဲ. . . နားကြရအောင်"

"ဟုတ်ကဲ့ပါဆရာကြီး"

## မြန်မာ့ရိုးရာအားကစား

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ပါဝင်ယှဉ်ပြိုင် နှစ်စဉ်ခြိမ့်ခြိမ့်သဲကျင်းပခဲ့သည့် ကရင်ပြည်နယ်ရဲ့နှစ်(၆၀)ပြည့်နှစ်အထိမ်းအမှတ်ပွဲတော်

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် နိုဝင်ဘာ ၇**

ရှေးနှစ်ပေါင်းများစွာကတည်းက ရိုးရာယဉ်ကျေးမှုတစ်ရပ်အဖြစ် နှစ်စဉ်ကျင်းပခဲ့သည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်ကြီးကို မကြာမီစတင်ကျင်းပတော့မည်ဖြစ်သည်။ ကရင်ပြည်နယ်နေ့ကို ၁၉၅၅ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်(၆၀) တိုင်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့်စည်းလုံးညီညွတ်မှုတို့ကိုဖော်ဆောင်သည့်အနေဖြင့် ရိုးရာဒုံးယိမ်းအကပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲကို ထည့်သွင်းကာ ခြိမ့်ခြိမ့်သဲသဲစည်ဆက်မပြတ် ကျင်းပပေးခဲ့သည်။

“ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို ကျွန်တော်ငယ်ငယ်လေးကတည်းက ကျင်းပခဲ့တာပါ။ ဒီနှစ်နဲ့ဆိုရင် နှစ်(၆၀) ပြည့် မြောက်ခဲ့ပါပြီ။ နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ်သတ်မှတ်ကာ ငါးရက်တိုင်တိုင်ကျင်းပခဲ့ပါတယ်။ ဒီနှစ်မှာတော့အခြားနှစ်တွေကလိုမတူ တစ်မူထူးခြားတာကတော့ ပြည်တွင်း ရိုးရာလက်ဝှေ့ အောင်လံတင်မဟုတ်တော့ဘဲ မြန်မာ-ထိုင်းရိုးရာလက်ဝှေ့ပြိုင်ပွဲကိုပါ ထည့်သွင်းထားပါတယ်”ဟု ကရင်ပြည်နယ်နေ့ ပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ကျင်းပရေး ကော်မတီ မှုခုံဒိုင်ချုပ် ဦးကျော်သိန်းတူက ပြောသည်။


ရှော့စန်း(ထိုင်း)


စောလှကြည်ထူး

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပွဲတော်ကြီးကို ဘားအံမြို့ အမှတ် (၄) ရပ်ကွက်ရှိ သီရိကွင်းပြင်ကြီး၌ နှစ်စဉ် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ယခုနှစ်တွင်လည်း အဆိုပါကွင်းကြီး၌ ပင်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ ယခု နှစ်တွင် မြန်မာနိုင်ငံ၏ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည် ဖြစ်ခြင်းကြောင့် ပွဲတော်ရက်နှင့် တိုက်နေ၍ နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်သို့ နောက်ဆုတ်ကာ ကျင်းပမည် ဖြစ်သည်။ ပြည်နယ်နေ့ တွင် နှစ်စဉ်နှစ်တိုင်း မြန်မာ့ရိုးရာ အောင်လံလုပွဲ၊ လက်ဝှေ့ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့သော်လည်းယခုနှစ်တွင် မြန်မာ-ထိုင်း ရိုးရာ လက်ဝှေ့တွဲ ဆိုင်းရှစ်ဆိုင်းနှင့်အထူးစိန်ခေါ်ပွဲများကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။


စီလာထောင်း(ထိုင်း)

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ တွဲဆိုင်းများမှာ နိုဝင်ဘာ ၁၀ ရက် ပထမဦးဆုံးနေ့တွင် ငါးချီ တွဲဆိုင်းများအဖြစ် ရန်နိုင်အောင် (ငြိမ်းချမ်း ရေး)နှင့် ဖိုးသားကြီး (တိုက်ဂါး)၊ မိုးဟိန်း (ဘီလပ်မြေစက်ရုံ)နှင့် မြလင်းအောင် (နဂါးနီ)၊ စောရာဇာ (ငြိမ်းချမ်းရေး) နှင့် ဖွဲမာန်အောင် (ဇာနည်မောင်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး လေးချီတွဲဆိုင်းအဖြစ် ကျော်စွာဝင်း (ယူနိုက်တက်) နှင့် ယူထက်ပိုင် (၂၀၁၄ မြားထက်ကျော်) တို့အပြင် အဆင့်တူ၊ ဝါတူ၊ အရွယ်တူနှင့် သမ္မာတူနယ် ရွှက်ပုန်းလက်ဝှေ့ သမားများ၏ ငါးသိန်း ရိုးရာအောင်လံလုပွဲများ လည်း ပါဝင်ထည့်သွင်း ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်သည်။ နိုဝင်ဘာ ၁၁ ရက် ဒုတိယနေ့ငါးချီ အထူးစိန်ခေါ်ပွဲများတွင် မြန်မာ- ထိုင်းအထူး စိန်ခေါ် ပွဲများ ပါဝင်လာပြီး ငါးချီ အထူး စိန်ခေါ်ပွဲများ အဖြစ် ကြယ်လင်းအောင် (မြန်မာ) နှင့် ဆဲလ်မော် ရိုကို (ထိုင်း)၊ ရဲသွေးနီ (မြန်မာ) နှင့် စီလာထောင်း (ထိုင်း)၊ စောလာဒို့ (၂၀၁၄ မြားထက်ကျော်) နှင့် ထက်အောင်ဦး (တောင်ကလေး) တွဲဆိုင်းများနှင့် သုံးချီပွဲအဖြစ် ရွှေဖြူ (၂၀၁၄ မြားထက်ကျော်) နှင့် စူပါ ရေချမ်း (မျိုးဆက်သစ်)တို့က အထူး ပွဲစဉ်များအဖြစ် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ယင်းနေ့ တွင် ငါးသိန်းရိုးရာအောင်လံလုပွဲ အကြိုဗိုလ်လုပွဲ များပါဝင်မည်ဖြစ်ပြီး ခုနစ်သိန်းရိုးရာအောင်လံလုပွဲ ကို စတင်ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။ အလားတူ နိုဝင်ဘာ ၁၂ ရက် တတိယနေ့တွင် ငါးချီစိန်ခေါ်ပွဲများအဖြစ် သွေးသစ်ဝင်းလှိုင် (မြန်မာ)နှင့် ဖားမီချိုင်း (ထိုင်း)၊ စောလှကြည်ထူး (မြန်မာ)နှင့် ရှော့စန်း(ထိုင်း)၊ စောဘဦး (တောင်ကလေး)နှင့် စောအယ်လေး (နဂါးနီ)၊ ချမ်းလေး (နဂါးနီ)နှင့် စန္ဒကာ(တိုက်ဂါး)တို့အပြင် သုံးချီပွဲအဖြစ် ကျော်အဲပညာ (တောင်ကလေး) နှင့် အောင်ကျော်မိုး(ငြိမ်းချမ်းရေး)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယင်းနေ့တွင် ခုနစ်သိန်းရိုးရာအောင်လံ အကြိုဗိုလ်လုပွဲ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ငါးသိန်းရိုးရာအောင်လံ လုပွဲကိုနားမည်ဖြစ်သည်။ ဆက်လက်ပြီး နိုဝင်ဘာ ၁၃ ရက် တတိယနေ့တွင် ငါးချီအထူးစိန်ခေါ်ပွဲအဖြစ် ဖျံ့သွေး(မြန်မာ) နှင့် ဝင်ဆိုစီမူချိုင်း (ထိုင်း)၊ ဖိုးလပြည့် (မြန်မာ)နှင့် ဖားမော်ခွန်း (ထိုင်း)၊ စောထူးဇော် (ဒွိရိုးရာ)နှင့် ကြယ်စင်ထူး (ဘီလပ်မြေစက်ရုံ)၊ လွမ်ချိုင်း (ငြိမ်းချမ်းရေး)နှင့် မင်းနိုင်ထွန်း (တောင်ကလေး) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ ယင်းနေ့တွင် ငါးသိန်းရိုးရာ အောင်လံလုပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ခုနစ်သိန်းရိုးရာ အောင်လံလုပွဲကို အနားပေးမည်ဖြစ်သည်။ နောက်ဆုံးနေ့ နိုဝင်ဘာ ၁၄ ရက်တွင် စိုးလင်းဦး (မြန်မာ) နှင့် လတ်ပူလီလိတ် (ထိုင်း)၊ မိုက်ရိုင်း (မြန်မာ) နှင့် ပိုင်စီထောင်း (ထိုင်း)၊ ဂျစ်တူး (တိုက်ဂါး) နှင့် ဖူးသစ်ကျော်နိုင် (ဘီလပ် မြေစက်ရုံ)၊ စောထူးကညော (ဇာနည်မောင်)နှင့် ထွန်းလုံရှိန် (ငြိမ်းချမ်းရေး) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်ကာ ခုနစ်သိန်း ရိုးရာအောင်လံဗိုလ်လုပွဲများကိုလည်း ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။


စိုးလင်းဦး


ဝင်ဆိုစီမူချိုင်း(ထိုင်း)


လက်ပူလီလိတ်(ထိုင်း)


ဖျံ့သွေး


ရဲသွေးနီ

မြန်မာ-ထိုင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများ အပါအဝင် ပွဲစဉ်များကို ဝါသနာရှင် ပြည်သူများအတွက် အထူးတန်း ငွေကျပ် ၅၀၀၀နှင့် ရိုးရိုးတန်း ၃၀၀၀ နှုန်း သတ်မှတ်ပေးထားပြီး ပွဲစဉ်များကို နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် စတင်ယှဉ်ပြိုင် ထိုးသတ်ကြမည် ဖြစ်သည်။

အဆိုပါ နှစ် (၆၀) ပြည့် ကရင်ပြည်နယ်နေ့တွင် ကရင်ယဉ်ကျေးမှုရိုးရာ ဒုံးယိမ်းအသင်း ၂၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး အခြားအငြိမ့်ပွဲများ၊ စတိတ်ရှိုးပွဲများနှင့် ဖိုးချစ်ဇာတ်သဘင်ပွဲများလည်း ပါဝင်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့တွင် ကရင်ယဉ်ကျေးမှုရိုးရာ ဒုံးယိမ်းအသင်း ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အခြားအငြိမ့်ပွဲများ၊ စတိတ်ရှိုးပွဲများနှင့် ဖိုးချစ်ဇာတ် သဘင်ပွဲများလည်းပါဝင်ကပြဖျော်ဖြေမည်ဖြစ်..**

# မျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် မြောင်းမြရိုးရာလက်ဝှေ့ကလပ်ထူထောင်ခြင်း အထိမ်းအမှတ်မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပွဲစဉ် (၁၀) ကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့မဘောလုံးကွင်း၌ နိုဝင်ဘာ ၅ ရက်က သုံးချီ၊ လေးချီ၊ ငါးချီနှင့် စိန်ခေါ်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲ ရှစ်ပွဲနှင့် အထူးသုံးချီ စိန်ခေါ်ပွဲ သုံးပွဲယှဉ်ပြိုင်ထိုးခဲ့ကြရာ ပရိသတ်အကြိုက် ပွဲကောင်းများဖြစ်ခဲ့သည်။ လေးချီပွဲတွင် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်) နှင့် ကိုကိုအောင် (ထွန်းသွင်) တို့ပွဲမှာ အလူးအလဲဖြင့် ပူးတွဲသရေဖြစ်ခဲ့သည်။

နောက်တစ်ပွဲဖြစ်သည့် ထယ်ကြီး (S.T.L) နှင့် နဂါးလေး၊ နဂါးမာန် (ဘိုကလေး) တို့ ဖြစ်သည်။ နဂါးလေး၏ဘယ်ညာလက်သီး တွဲလုံးများကြောင့် ထယ်ကြီး တတိယအချီ တစ်မိနစ် ၁၆ စက္ကန့်၌ အနားတောင်းခဲ့ပြီး ပြန်လည်ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ သရေပွဲဖြင့်ပြီးဆုံးခဲ့သည်။ ငါးချီစိန်ခေါ်ပွဲများတွင် တိမ်တိုက် (ထွန်းသွင်) နှင့် စောဖြိုးဝေ (အဖြူရောင်သွေးသစ်) တို့ဖြစ်သည်။ ပွဲစသည်နှင့် တစ်ဦးနှင့်တစ်ဦး တရစပ်လက်သီးတွဲလုံးများ သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြရာ ဒုတိယအချီ ၁ မိနစ် ၅၂ စက္ကန့်တွင် တိမ်တိုက်တွင် ဒဏ်ရာများရရှိပြီး စောဖြိုးဝေ အနိုင်ရရှိခဲ့ကာ ရဲမြတ်အောင် (အဖြူရောင်သွေးသစ်)နှင့် လှစ်လှစ်လေး (အောင်မြန်မာ)၊ ရှမ်းကို (ခ) လေးညို့ရှင်နှင့် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်) တို့ သရေပွဲများ ဖြစ်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒေသခံပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**





# တွင်းတောင်သို့

မောင်သာ (ရှေးဟောင်းသုတေသန)

**တွင်းတောင်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ စပီရူလိုင်းနားထွက်ရှိသော သဘာဝကန်ရေအိုင်ကြီးတစ်ခုဟု ကျွန်တော်တို့ သိထားခဲ့ကြသည်။**

**တွင်းတောင်သည် မုံရွာခရိုင် ဘုတလင်မြို့မှ အနောက်ဘက် သုံးမိုင်နှစ်ဖာလုံအကွာတွင် တည်ရှိသည်။ မုံရွာမှလာလျှင် ဘုတလင်မြို့သို့မဝင်မီ အနောက်ဘက်လမ်းခွဲမှ ခုနစ်မိုင်ခန့် ကားမောင်းလာပါက တွင်းတော်ရွာသို့ ဦးစွာရောက်ရှိသည်။ တွင်းတော်ရွာမှ ကားဖြင့် တောင်တက်လမ်းအတိုင်း ၁၀ မိနစ်ဝန်းကျင်ခန့်သွားလိုက်ပါက တွင်းတောင်သို့ ရောက်ရှိသည်။**

မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ရောက်ရှိနေကြသော ကျွန်တော်တို့သည် ဘုတလင်မြို့နယ် ညောင်ကန်ရွာမှ တွင်းတောင်သို့ ခြေကျင်သွားကြမည်ဟုဆိုသဖြင့် အားလုံး စိတ်လှုပ်ရှားနေကြသည်။

ကျွန်တော်တို့ စုပေါင်းတည်းခိုနေကြသည့် ညောင်ကန် တွဲဖက်အထက်တန်းကျောင်းမှတစ်ဆင့် ရွာသာရွာနှင့် အုတ်အိုင်ရွာများကို ဖြတ်သန်းကာ တွင်းတောင်သို့သွားကြမည့် ခရီးအကွာအဝေးသည် ၁၀ မိုင်နီးပါးရှိသည်ဟု သိရှိရသည်။ ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ကျောင်းသားကျောင်းသူများ၏ ညောင်ကန် မြန်မာ့ကြေးခေတ်ကွင်းဆင်းလေ့လာရေးခရီးတွင် တွင်းတောင်သို့သွားမည့် အစီအစဉ်လည်း ပါဝင်ခဲ့သည်။

ကျွန်တော်တို့ လေ့လာရေးကွင်းဆင်းခရီးတွင် ကျောင်းသားကျောင်းသူ ၄၇ ဦးလိုက်ပါလာခဲ့ရာ အုပ်စုငါးစုဖွဲ့ထားသည်။ ကျွန်တော့်အုပ်စုတွင် ကြီးကြပ်သူဆရာမတစ်ဦးနှင့် မိန်းကလေးကျောင်းသူ ကိုးဦး ပါဝင်သည်။ တွင်းတောင်သို့သွားရန် တည်းခိုသည့်ကျောင်းမှ ကျွန်တော်တို့ နံနက်စောစောထွက်ခဲ့ကြသည်။ မိမိအုပ်စုနှင့် မိမိသွားကြရာ ကျွန်တော့်အဖွဲ့တွင် မိန်းကလေးများသာ ပါဝင်သဖြင့် ခရီးတွင်ပါမည်လောဟု ကျွန်တော်စိတ်ပူမိခဲ့သော်လည်းအားလုံးက ဇွဲကောင်းကောင်းနှင့် တွင်းတောင်အရောက် လျှောက်နိုင်ခဲ့ကြသည်။

ညောင်ကန်နှင့် ရွာသာရွာတို့သည် တစ်ဆက်တည်းရှိနေကြသဖြင့် ညောင်ကန်မှထွက်ပြီး မကြာမီ ရွာသာသို့ ရောက်ရှိခဲ့သည်။ ရွာသာရွာမှ အနောက်တောင်ဘက်သို့ ဆက်လက်လျှောက်လာခဲ့ကြရာ အုတ်အိုင်ရွာသို့ ရောက်ရှိခဲ့ကြသည်။ အုတ်အိုင်ကျေးရွာသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက မြန်မာပညာရှင်များနှင့် ပြင်သစ်ပညာရှင်များပူးပေါင်းလျက် မြန်မာ့ကြေးခေတ်၊ သံခေတ် တူးဖော်သုတေသနလုပ်ငန်းများကို အခြေစိုက်စခန်းချ၍ ဆောင်ရွက်ခဲ့သည့် ကျေးရွာဖြစ်သည်။ အုတ်အိုင်ရွာအနီးရှိ မိုးကြိုးချောင်းအနီးတစ်ဝိုက်မှ အညိုတက်နေသော ကြေးတုံးငယ်များကို တွေ့ခဲ့ရသဖြင့် ကြေးကို အရည်ကျို၍ တစ်စုံတစ်ခုသော ပစ္စည်းကိရိယာကို ပုံသွန်းရာမှ ဖိတ်စင်ကျခဲ့သော ကြေးစများဖြစ်နိုင်ကြောင်း သဲလွန်စယူကာ မြန်မာ့ကြေးခေတ် တစ်စိတ်တစ်ပိုင်းကို စူးစမ်းနိုင်ခဲ့ကြသည်။

မိုးကြိုးချောင်းနေရာသို့ ရောက်ရှိသောအခါတွင် လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများသည် မိမိတို့ အဖွဲ့အလိုက် မိုးကြိုးချောင်းအတွင်း ကျောက်လက်နက်များကို ရှာဖွေကြသည်။ ကျောက်အပိုင်းအစများစွာကို တွေ့ရှိရသော်လည်း ကျောက်လက်နက် ဟုတ်မဟုတ်ကို အလွယ်တကူ မဆုံးဖြတ်နိုင်ကြပါချေ။ ကျောက်လက်နက်ပုံစံဖြစ်နေသည့် ကျောက်အပိုင်းအစများကို အများအပြားတွေ့ရှိကြရသည်။

မိုးကြိုးချောင်းတွင် တစ်နာရီနီးပါး အချိန်ယူခဲ့ကြပြီးနောက် လယ်ကွင်းများကို ဖြတ်သန်းကာ တွင်းတောင်ရွာဆီသို့ လျှောက်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် နွေဉတုဖြစ်သဖြင့် ခြောက်သွေ့နေသော လယ်ကွင်းများနှင့် ရွက်ခြောက်ပင်များကို တွေ့ရှိကြရပြီး ဖုန်ထူသောမြေလမ်းများကို လျှောက်ခဲ့ကြရသည်။ အဖွဲ့တစ်ဖွဲ့စီအားပေးထားသည့် လမ်းညွှန်မြေပုံများကို ကြည့်ကာ လမ်း၌ တွေ့ရသူများကို မေးမြန်း၍ လမ်းလျှောက်ခဲ့ကြရာ တွင်းတော်ရွာသို့ မွန်းတည့်လုနီးချိန်တွင် ရောက်ရှိခဲ့ကြသည်။ ကျွန်တော်တို့သည် တွင်းတော်ရွာထဲသို့မဝင်ဘဲ ရွာအပြင် ကတ္တရာလမ်းမကြီးဆီသို့ သွားခဲ့ကြသည်။ ထိုလမ်းသည် ဘုတလင်မှ တွင်းတောင်သို့ သွားသည့် ကားလမ်းဖြစ်သည်။ လမ်းပေါ်တွင် ကားတစ်စီးမှ သွားလာနေသည်ကို မတွေ့ရဘဲ တစ်ခါတစ်ရံ မော်တော်ဆိုင်ကယ်တစ်စီးတလေ ဖြတ်သွားသည်ကိုသာ တွေ့ရသည်။

ကတ္တရာလမ်းအတိုင်းကျွန်တော်တို့လျှောက်လာခဲ့ရာ မိန်းကလေးများအားလုံး မောပန်းနေကြသဖြင့် အရိပ်မကောင်းသော်လည်း အရွက်ကြဲကြဲရှိနေသည့် အပင်ကြီးတစ်ပင်အောက်တွင် ခေတ္တနားကြရသေးသည်။ ပါလာသမ္ဘာရေများလည်း ကုန်ခဲ့ပြီဖြစ်သည်။ ဝယ်ယူရန်ဆိုင်လည်း မရှိသဖြင့် အားတင်းကာ ဆက်လျှောက်ကြရသည်။ လမ်းလျှောက်လာကြစဉ် လမ်းကတဖြည်းဖြည်းမတ်လာသည်။ အရွယ်ငယ်သော ကျောင်းသူလေးများကိုတွဲခေါ်ကာ ကျွန်တော်တို့တောင်ပတ်လမ်းပေါ်သို့ တက်ကြရပြန်သည်။ တက်ရင်းတက်ရင်း အမြင့်ဆုံးနေရာသို့ ရောက်လာကြချိန်တွင် ဒယ်အိုးကြီးတစ်ခုသဏ္ဌာန်ဖြစ်နေသည့် တွင်းကျယ်ကြီးတစ်ခုကို မြင်ကြရသည်။ ထိုတွင်းကြီးသည် တွင်းတောင်ဖြစ်ပေသည်။ ထိပ်ပေါ်မှ တွင်းကြီးကိုကြည့်နေစဉ် စိမ်းရွှေရွှေ အနံ့တစ်မျိုးကို ရှူရှိုက်ရသည်။ ဟန်လင်း ရေပူစမ်းတွင် စိမ်ခဲ့စဉ်က ရရှိခဲ့သော အနံ့နှင့်တူသည့် ကန့်အနံ့ဖြစ်ကြောင်း ကျွန်တော် သတိထားမိခဲ့သည်။

တွင်းတောင်သည် မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး ဧက ၂၀၀ မျှကျယ်ကာ အချင်းတစ်မိုင်၊ အနက် ၁၄၆ ပေရှိသည်။ တွင်းတောင်ထဲတွင် အစိမ်းရင့်ရောင်ရေများကိုမြင်ကြရသည်။ ထိုရေမှ စိမ်းပြာရေညှိ (ခေါ်) စပီရူလိုင်းနားများ ထုတ်လုပ်လျက်ရှိသည်။ တွင်းတောင်ထဲမှ ရေများသည် ချင်းတွင်းမြစ်ရေတက်ချိန်တွင် နိမ့်ကျသွား၍ ချင်းတွင်းမြစ်ရေကျချိန် နွေအခါ၌ တက်လာသည်ဟုဆိုကြသည်။ တွင်းတောင်ကို ရေခါးအင်းဟုလည်း ခေါ်ကြသည်။

တွင်းအောက်ခြေသို့ဆင်းသည့်လမ်းသည် အကွေ့အကောက်များရှိပြီး မတ်စောက်နေသည်။ ကျွန်တော်တို့ ၁၀ ဦး လမ်းအတိုင်း ဖြည်းဖြည်းဆင်းလာခဲ့ကြရာ မြေပြန့်အရောက်တွင် အမှတ်(၃)ဆေးဝါးစက်ရုံ (စစ်ကိုင်း) တွင်းတောင်စခန်းသို့ ရောက်ရှိခဲ့ကြသည်။ ကျွန်တော်တို့အားလုံး စက်ရုံဝင်းအတွင်း ဝင်ရောက်ခဲ့ကြချိန်တွင် အချို့အဖွဲ့များ မရောက်ရှိကြသေးသဖြင့် နားနေဆောင်တွင် စောင့်ဆိုင်းနေကြကာ ထိုင်သူကထိုင်၊ လှဲသူကလှဲဖြင့် အနားယူကြသည်။ စကားများများ ပြောတတ်သည့် သမီးငယ်များပင် စကားမပြောနိုင်ကြတော့ပါချေ။ အားလုံးသည် နေပူပူတွင် လျှောက်ခဲ့ကြရသဖြင့် ပင်ပန်းနေကြပြီဖြစ်ပါသည်။

မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ကထိက ဒေါက်တာမင်းသိန်း ဦးဆောင်သည့် အဖွဲ့သည် မီးတောင်ဟောင်းတစ်ခုဖြစ်သည့် တွင်းတောင်တွင် ထွက်ရှိနေသည့် စပီရူလိုင်းနား စိမ်းပြာရေညှိများကို ၁၉၈၃ ခုနှစ်တွင် သုတေသနပြုခဲ့ပြီး စပီရူလိုင်းနားသုတေသန ရလဒ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြခဲ့သည်။ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ထိုစဉ်က အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ မြန်မာနိုင်ငံ ဆေးဝါးစက်ရုံတွင် စပီရူလိုင်းနားဌာနခွဲတစ်ခုကို ဖွင့်လှစ်ခဲ့သည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် စပီရူလိုင်းနားဆေးပြားများကို ပရိုဗီမင် ( Provimin ) အမည်ဖြင့် ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် စပီရူလိုင်းနား ထုတ်လုပ်သည့် အမှတ်(၃) ဆေးဝါးစက်ရုံကို တည်ဆောက်ခဲ့သည်။ ယင်းစက်ရုံမှ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စပီရူလိုင်းနားများ ထုတ်လုပ်နိုင်ခဲ့ပြီး အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ကာ နိုင်ငံခြားဝင်ငွေများကို ရှာဖွေပေးနိုင်ခဲ့သည်။

ကမ္ဘာပေါ်တွင် သဘာဝ စပီရူလိုင်းနားသည် မက္ကဆီကိုနိုင်ငံ၊ တက်စ်ကိုကို ရေကန် ( Lake Te×coco )၊ ချဒ်နိုင်ငံမှ ချဒ်ရေကန်( Lake Chad )နှင့်ဘိုဒူရေကန်( Lake Bodou )၊ ကင်ညာနိုင်ငံမှ နာကူရူးရေကန်( Lake Nakuru )နှင့် အယ်လမင်တီရှားရေကန်( Lake Elementeitia )၊ အီသီယိုးပီးယားနိုင်ငံမှ အရာဂွတ်ဒီရာဒီရေကန် ( Lake Arangudiadi )နှင့် ကီလိုတီးစ်ရေကန် ( Lake Kilotes )၊ တရုတ်နိုင်ငံ ချန်ကိုင်းရေကန် (Chenghai Lake)၊ မြန်မာနိုင်ငံ တွင်းတောင်(ဘုတလင်)၊ တွင်းမနှင့် တောင်ပျောက် (ကနီ)တို့တွင်သာ ထွက်ရှိသည်။

ရေသန့်သည် ရေသန့်စင်မှုအဆင့် ခုနစ် (PH 7)၊ ပင်လယ်ရေသည် ၇ ဒသမ ၈ မှ ၈ ဒသမ ၃ အတွင်းရှိသည်။ တွင်းတောင်တွင်ရှိသည့်ရေသည် သန့်စင်မှုအဆင့် ၈ ဒသမ ၅ အထက်တွင်ရှိသဖြင့် ထိုရေတွင် တွင်းပိုးဟုခေါ်သည့် အကောင်ငယ်များမှလွဲ၍ အခြားမည်သည့် သက်ရှိသတ္တဝါမျှ မရှင်သန်နိုင်ပါချေ။ အပင်များအနေဖြင့်လည်း ထိုရေတွင် စပီရူလိုင်းနားထုတ်နိုင်သည့် ရေညှိစိမ်းများသာ ကောင်းစွာရှင်သန်ပွားများနိုင်ကြပေသည်။

ကျွန်တော်တို့သည် စက်ရုံဝင်းအတွင်းရှိ တောလမ်းလေးအတွင်း အေးမြသောသစ်ရိပ်များအောက်မှ လျှောက်လာခဲ့ကြသည်။ ကွန်ကရစ်လမ်း၏ ဘေးတွင် ရှည်မျောမျော အုတ်ရေကန်များကို တွေ့ရသည်။ ယင်းအုတ်ကန်များအတွင်း ဒလက်တပ်ထားသည့် ပန်ကာများကလည်ပတ်လျက်ရှိသည်။ ပန်ကာများကို လှည့်ပေးခြင်းဖြင့် စိမ်းပြာရေညှိများ မွေးမြူခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။ ထိုသို့ရေညှိများကို ကန်များအတွင်း မွေးမြူထုတ်လုပ်ခြင်းဖြင့် ရေညှိများသည် မကုန်နိုင်ကြောင်း သိရှိရသည်။ သို့သော်လည်း ယခုနောက်ပိုင်းတွင် တွင်းတောင်အတွင်းသို့ ပြင်ပမှ ရေများဝင်လာသဖြင့် ရေညှိအထွက်နှုန်း လျော့ကျခဲ့ကြောင်း သိရှိရသည်။ ထို့အတူ တွင်းတောင်တွင်ရှင်သန်ပေါက်ပွား သောတွင်းပိုးများလည်း လျော့နည်းလာသည်ဟု ဆိုသည်။

တွင်းပိုးအမများသည် တွင်းတောင်ကမ်းစပ်ရှိကျောက်တုံးများပေါ်တွင် ဥများဥလေ့ရှိကြကြောင်း၊ ဥများ ပေါက်ချိန်တွင် လောက်လန်းကဲ့သို့သော တွင်းပိုးကောင်များပေါက်လာကြောင်း၊ ညပိုင်းတွင် ကမ်းစပ်၌ မီးခွက်ထွန်းထားကာ တွင်းပိုးများကို ဖမ်းယူနိုင်ကြောင်း၊ မီးရောင်ကိုတွေ့လျှင် တွင်းပိုးကောင်များသည် မီးရောင်ရှိရာနေရာသို့ ကူးခတ်လာလေ့ရှိသဖြင့် ဆန်ခါဖြင့်ခပ်ကာ ဖမ်းယူရကြောင်း၊ သို့သော်လည်း အကောင်ကြီးများကို မျိုးမသုဉ်းစေရန် ပြန်လွှတ်ပေးရကြောင်း သိရှိရသည်။

ဒေသခံများအား တွင်းတောင်တွင် ငါးဖမ်းခွင့်ပြုထားသဖြင့် တွင်းပိုးများ မျိုးမသုဉ်းစေရန် စောင့်ရှောက်ရမည့် အသိအမြင်များ သိရှိကြရန် အထူးလိုအပ်လှပေသည်။ တွင်းပိုးများသည် တစ်ပြည်လျှင် ငွေကျပ် ၁၂၀၀၀ အထိ ဈေးကောင်းရပြီး အကောင်ကြီးများ ဖမ်းမိလျှင် ပြန်မလွှတ်ကြတော့သဖြင့် တွင်းပိုးများ အလွန်ရှားပါးနေပြီဖြစ်သည်။ ကနီမြို့နယ်ရှိ တွင်းမနှင့် တောင်ပျောက်တို့တွင် တွင်းပိုးများထွက်ရှိနေသေးကြောင်း သိရှိရပေသည်။

ယခုအခါတွင် စပီရူလိုင်းနား အထွက်နှုန်းသည် ကျဆင်းလျက်ရှိရာ ၁၉၈၈ ခုနှစ် စတင်ထုတ်လုပ်ချိန်မှစ၍ ၂၀၀၈ - ၂၀၀၉ ခုနှစ်ထိ တစ်နှစ်လျှင် စပီရူလိုင်းနား မက်ထရစ်တန် ၁၅၀ ထုတ်လုပ်နိုင်ခဲ့သော်လည်း ၂၀၀၉ - ၂၀၁၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၁၄၀ ၊ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် မက်ထရစ်တန် ၁၃၈ တန်၊ ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် မက်ထရစ်တန် ၇၈ တန်၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မက်ထရစ်တန် ၂၄ တန်သာ ထုတ်လုပ်နိုင်ခဲ့သည်။

ရှေးဟောင်းသုတေသန ကျောင်းသားများ၏ တွင်းတောင် ခရီးစဉ်အတွင်း ဘုတလင်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်တစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦးတို့က ကျွန်တော်တို့နှင့် တောက်လျှောက်လိုက်ပါကာ လေ့လာရေးအဖွဲ့ကို စောင့်ရှောက်မှုများပေးခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက တွင်းတောင်သို့ သွားသည့်ခရီးတွင် လမ်းဆက်မလျှောက်နိုင်သော ကျောင်းသူအချို့အား ဆိုင်ကယ်များဖြင့် တည်းခိုသည့်ကျောင်းသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ကျွန်တော်တို့သည် စက်ရုံဝင်းအတွင်း ထမင်းစားနားနေကြပြီး စက်ရုံဝင်းအတွင်း ဖွင့်လှစ်ထားသည့် အရောင်းဆိုင်မှ စပီရူလိုင်းနားဖြင့် ပြုလုပ်ထားသော အချိုရည်၊ ခေါက်ဆွဲ၊ သနပ်ခါး၊ ခေါင်းလျှော်ရည်စသည့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူခဲ့ကြသည်။ တွင်းတောင်မှ ဘုတလင်သို့ အပြန်တွင် လာရောက်ကြိုနေသည့် ကားများဖြင့် ပြန်ခဲ့ကြသည်။ စက်ရုံမှ တွင်းထိပ်သို့ ပြန်တက်ကြစဉ် စိမ်းညို့နေသည့် တွင်းတောင်ကြီးကို ကားပေါ်မှ ကြည့်ခဲ့ကြပြီး တွင်းတောင်ကြီး သက်တမ်းရှည်ပါစေကြောင်း ဆုတောင်းမိခဲ့ကြပါသည်။ ။

**တွင်းတောင်သည် မီးတောင်ဟောင်းတစ်ခုဖြစ်ပြီး ဧက ၂၀၀ မျှကျယ်ကာ အချင်းတစ်မိုင်၊ အနက် ၁၄၆ ပေရှိသည်။ တွင်းတောင်ထဲတွင် အစိမ်းရင့်ရောင်ရေများကို မြင်ကြရသည်။ ထိုရေမှ စိမ်းပြာရေညှိ (ခေါ်) စပီရူလိုင်းနားများ ထုတ်လုပ်လျက်ရှိ**



# ဆယ်နှစ်ကြာလျှင်

ချစ်နိုင်(စိတ်ပညာ)

**အခွင့်အလမ်းများ**

**ယနေ့ကမ္ဘာမှာ အံ့သြစရာ၊ အားကျစရာ၊ အကျိုးအမြတ်ဖြစ်ထွန်းတာတွေဟာ မယုံနိုင်လောက်အောင် လျင်မြန်စွာတိုးတက်ဖြစ်ထွန်းလာနေပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်လူမှုတိုးတက်မှုအခြေအနေတွေကလည်း အပြန်အလှန်ရိုက်ခတ်ပြီး အိုင်တီနည်းပညာနဲ့အတူ နိုင်ငံတကာတစ်နံတစ်လျားကို နယ်စည်းမခြား ကူးစက်ပျံ့နှံ့နေပါတယ်။ အခွင့်အလမ်းတွေဟာ ရှေးယခင်ကာလထက် အဆများစွာ ပွင့်လန်းလာတယ်။ တစ်ဖက်က အန္တရာယ်များ၊ ပြဿနာများ၊ ခြိမ်းခြောက်မှုများလည်း ဒွန်တွဲလျက်ရှိနေကြောင်း သတိထားစရာကောင်းပါတယ်။**

မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ အချိန်မှစလို့ တိုင်းပြည်ကို ဦးဆောင်အုပ်ချုပ်ခဲ့ကြတဲ့ နိုင်ငံ့ခေါင်းဆောင်များနဲ့ အစိုးရအဆက်ဆက်ကို ကျွန်တော်တို့က အလွန်တရာ ကျေးဇူးတင်ရမယ့်အချက်တွေ အများကြီးရှိပါတယ်။ ကျေးဇူးတရားကိုသိတတ်ခြင်းနဲ့ တင်ရှိတဲ့ ကျေးဇူးကို ထုတ်ဖော်ခြင်းဟာ ကောင်းမြတ်တဲ့အပြုအမူလို့ခံယူပါတယ်။ ကျေးဇူးမသိတတ်ခြင်းနဲ့ ကျေးဇူးကန်းတဲ့ အပြောအဆိုအရေးအသားတို့ကို ပြုလုပ်ခြင်းမျိုးကတော့ ရှောင်ကြဉ်အပ်တဲ့အရာများလို့မှတ်ယူပါတယ်။ လွတ်လပ်ရေးရအောင် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ပေးခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၁၅-၁၉၄၇ မှစ၍ ခေတ်အဆက်ဆက် အစိုးရခေါင်းဆောင်များရဲ့ ကျေးဇူးတရား တစ်ခု နှစ်ခုလောက် ဖော်ပြချင်ပါတယ်။ (အမှတ်စဉ်ထိုးပြီး ရေးရရင်တော့ အများကြီးပေါ့။ သို့သော်ဒီနေရာမှာဒါတွေကိုရေတွက်ပြဖို့ အဓိကမဟုတ်ပါ။)

**ကျေးဇူးတင်စရာများ**

၁။ နှစ်ပေါင်း ၇၀ လောက်အတွင်းမှာ အများအယွင်း အတိမ်းအစောင်းမရှိအောင် နိုင်ငံခြားရေးမူဝါဒကို အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေ အဆင်ပြေအောင် မိမိတို့နိုင်ငံတော်အတွက် အမျိုးသားအကျိုးစီးပွား အဓိကထားပြီး ထိန်းကျောင်းခဲ့ကြခြင်း။

ခေါင်းဆောင်တွေလည်း အမြော်အမြင်ကြီးမားကြတယ်၊ တော်တယ်။ ဦးသန့်၊ ဦးသီဟန်၊ ဦးလေးမောင်အစရှိတဲ့ သူ့ခေတ်သူ့အခါက ခေါင်းဆောင်များ ယုံကြည်အားကိုးခံရတဲ့ပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင်များရဲ့ စွမ်းဆောင်ရည်တွေကိုလည်း ချီးကျူးတယ်။ အသိအမှတ်ပြုရပေမယ်။

၂။ နိုင်ငံတော်ကို သူတစ်ပါးသြဇာခံဘဝ၊ လက်အောက်ခံ၊ အခြွယ်လှယ်ခံဘဝ မကျရောက်စေရအောင် ၆၇ နှစ်ကျော်မျှ စဉ်ဆက်မပြတ်ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိခဲ့ကြခြင်း။

ကိုယ့်ရေ၊ ကိုယ့်မြေ တစ်လက်မမျှ သူတစ်ပါးသိမ်းပိုက်အလံစိုက်မခံရအောင် သွေး သက်ပေါင်းများစွာ အထူးသဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များရဲ့အမျိုးချစ်တဲ့စိတ်ထားနဲ့ လက်ဆင့်ကမ်း ကြိုးပမ်းကာကွယ်ခဲ့ကြတဲ့ သမိုင်းရာဇဝင်ကတော့ မော်ကွန်းထိုးလောက်ခဲ့တယ် မဟုတ်လား။ မြန်မာရဲ့ လက်ရုံးရည် နှလုံးရည်။ တို့ပြည် တို့မြေလို့ နိုင်ငံတော်သီချင်းကို နေ့စဉ်ဆိုနိုင်အောင် နှစ်ပေါင်းများစွာ ဘယ်သူတွေရဲ့သွေး အသက်များစွာ ပေးဆပ်ကာကွယ်ခဲ့ရပါသလဲ။ ဗိုလ်ချုပ်ကြီးထွန်းရီ၊ ဗိုလ်ချုပ်သန်းတင်၊ ဗိုလ်ချုပ်တင့်ဆွေ၊ လွတ်လပ်ရေးရခါစ၊ ပြည်တွင်းသောင်းကျန်းဆူပူမှုတွေ အရပ်ရှစ်မျက်နှာ ထူပြောနေတဲ့ ရန်ကုန်အစိုးရကွက်ကွက်ကလေးကျန်ရာမှ နယ်နိမိတ်နယ်စပ်အထိ အဖြူရောင်ဖြစ်သွားအောင် တိုက်ပွဲဝင်ခဲ့ကြတဲ့ တော်လှန်ရေးတပ်သားရဲဘော်အဆင့်မှ တပ်မတော်ခေါင်းဆောင်များ ဖြစ်ခဲ့ကြတဲ့သူတွေရဲ့ သတ္တိသွေးနဲ့ရေးတဲ့ နယ်နိမိတ်မျဉ်းပေ့ါ။

**ခေါင်းဆောင်များ**

မြန်မာပြည် မြန်မာလူမျိုးရယ်လို့ ကမ္ဘာပေါ်မှာ ဂုဏ်မညှိုးရအောင် စွမ်းဆောင်ခဲ့သူများကတော့ ခေတ်အဆက်ဆက်ပြည်သူများနဲ့ ခေါင်းဆောင်များပါပဲ။

မြောက်ဘက်မှာ အဇာမြူလက်နက်ပိုင်ဆိုင်ပြီး လူဦးရေ သန်းပေါင်း ၁၃၀၀ ကျော်ရှိတဲ့ တိုင်းပြည်။

အနောက်ဘက်မှာလည်း အဇာမြူလက်နက်ပိုင်ဆိုင်ပြီး လူဦးရေသန်းပေါင်း ၁၂၀၀ ကျော်ရှိတဲ့ တိုင်းပြည်။

စီးပွားရေးအင်အားလည်း လွန်ခဲ့တဲ့ အနှစ် ၃၀၊ အနှစ်၂၀ လောက်မှစပြီး နှစ်စဉ်မပျက် ဖွံ့ဖြိုးတိုးတက်နေကြတဲ့ တိုင်းပြည်ကြီးတွေ၊ ကြည်း၊ ရေ၊ လေတပ်မတော်အင်အားတွေလည်း စစ်အင်အားကြီးမားစွာ တည်ဆောက်နေတာ သိမြင်နေရတာ။

ကိုယ့်နိုင်ငံရဲ့ကာကွယ်ရေး အသုံးစရိတ်ကို လူအင်အားသန်း ၅၀ မျှရှိတဲ့ နယ်နိမိတ်ချင်းထိစပ်နေရတဲ့အခြေအနေမှာ မီးကျိုးမောင်းပျက်မျှနဲ့ လုံခြုံအောင် ကာကွယ်နိုင်ပါ့မလား။ အင်အားတည်ဆောက်ရပေမယ်။

စစ်ဖြစ်နေရင် ငြိမ်းချမ်းရေးအတွက် ကြိုတင်ပြင်ဆင်ကြရတယ်။ ငြိမ်းချမ်းရေးကာလဆိုရင် စစ်ရေးအတွက် အဘက်ဘက်က ပြင်ဆင်နေရတယ်။ နိုင်ငံတကာ စစ်သမိုင်းရဲ့သင်ခန်းစာတွေပဲလေ။ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေးအကြောင်းပြချက် အမျိုးမျိုးနဲ့ လက်နက်ကိုင်ဆူပူမှုတွေရှိခဲ့လေတော့ တပ်မတော်ကလည်း အမြဲတစေ စစ်ရေးသတိရှိနေရပြီး ပြည်သူကို လုံခြုံစေရအောင် ကာကွယ်ပေးနေရမှာပဲ။

**စိုက်ပျိုးရေး**

မြန်မာပြည်ရဲ့ လယ်ယာစီးပွားရေး အခြေအနေကတော့ အိမ်နီးချင်းနိုင်ငံများနဲ့ မယှဉ်သာပါ။ ပြုပြင်ပြောင်းလဲကြရဦးမှာ။

သစ်သီးဝလံ၊ ပန်းမန်သစ်ခွ၊ ရာသီမရွေးရရှိအောင် နည်းစနစ်များနဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ကြပြီး လေယာဉ်ကြီးတွေနဲ့ နိုင်ငံတကာကို တင်ပို့ရောင်းချနေကြတာ။ ကိုယ့်နိုင်ငံက လယ်သမားရွံ့ထဲဗွက်ထဲမှာ နွားနဲ့အတူ တစ်နှစ်လုံးရုန်းတာတောင်မှ သူများနိုင်ငံက ပန်းခင်း တစ်ခင်းရဲ့တစ်လဝင်ငွေလောက်မရှိပါ။

ဆန်တွေ၊ ပဲတွေ၊ ပြောင်းတွေ၊ သီးနှံတွေလည်း ထွက်ပါရဲ့။ ထိုင်းတို့၊ ဗီယက်နမ်တို့ရဲ့ဝင်ငွေမျိုးမရ၊ အရည်အသွေးအရလည်းမယှဉ်နိုင်၊ အရေအတွက်အရလည်း မသာလွန်နိုင်။ ကမ္ဘာမှာ ပဲအမျိုးမျိုးအထွက်ဆုံးစံချိန်များတော့ တင်နိုင်ခဲ့ပါရဲ့။

တကယ်တော့ မြန်မာဟာ ဆုံချက်နေရာကောင်းမှာ ဖင်ချထိုင်ထားတာ။ ရှေးရှေးသောမြန်မာ့ခေါင်းဆောင်ကြီးများလည်း သိကြတယ်။ အဝေးကြီးလည်း သူ့တို့ကြိုတင်မြင်ထားပြီးသား။ ဒါ့ကြောင့်လည်း နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်ရင် ဆံခြည်မျှင်လေးလောက်တောင် မတိမ်းမစောင်းအောင် ဆောင်ရွက်ခဲ့ကြတယ်။ အလွန်တရာကျေးဇူးတင်ဖို့ကောင်းတယ် နော်။ သေသေချာချာမြင်ကွင်းကျယ်မြော်မြင်ကြည့်။ (နောင်ကာလထိအောင် အစဉ်သတိထားရမှာနော်)

**လက်ရှိအချိန်**

ပကတိအခြေအနေကြည့်ရင် အားရစရာမရှိသေးတာများ ဝန်ခံရမှာပါ။ အများကြီး ကြိုးစားကြရဦးမှာပဲ။

**ပညာရေး** ။ နိုင်ငံတကာနဲ့မယှဉ်နိုင်သေးပါ။

**ကျန်းမာရေး**။ ကလေးသေဆုံးနှုန်း၊ မိခင်သေနှုန်း၊ သက်တမ်း၊ မစွမ်းမသန်ဦးရေ၊ ဆေးဝါးကုသစောင့်ရှောက်မှု။

**စီးပွားရေး**။ တစ်ဦးချင်းဝင်ငွေ၊ မိသားစုလူနေမှုအဆင့်အတန်း နေအိမ်ပိုင်မှု၊ ဆင်းရဲနွမ်းပါးပြီး အရာရာချို့တဲ့နေခဲ့ကြတဲ့ အခြေအနေရဲ့ အကြောင်းရင်းတရားတွေက ဘာတွေလဲ။ နှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခများ၊ စစ်ဘေးစစ်ဒဏ်ကြောင့် မလုံခြုံမှုများ၊ ဆင်းရဲနိမ့်ကျမှုများ၊ အဆိုးရွားဆုံးအထိနာချက်က လူငယ်လူရွယ်များ ကျောင်းမနေနိုင်ခြင်း၊ စာမတတ်ခြင်း၊ အသိပညာ ခေါင်းပါးနိမ့်ကျခြင်း၊ အရေအတွက်ရော အရည်အသွေးပါပညာရေးမှာ ပိုမိုကြိုးစားကြရဦးမှာ။

လူ့အခွင့်အရေးစံ၊ လူမှုစီးပွားရေးစံ၊ နိုင်ငံတကာတိုင်းတာနေကြတဲ့စံတွေနဲ့ တိုင်းတာနှိုင်းယှဉ်ကြည့်ရင် ဆင်းရဲလှချည်လား၊ မွဲချာလှချေတကား၊ လူစဉ်မမီအောင် နိမ့်ကျလှချည်လားလို့ ပြောမယ်ဆို ပြောစရာပါပဲ။ အဲသလို အထင်သေး အမြင်သေးငုံ့ကြည့်ပြီး ပြောတဲ့သူတွေကို ခေါ်ခဲ့ပါ။ သင်္ကြန်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်ဆီမီးထွန်းပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ဒေသအလျောက် ဘုရားပွဲများ၊ ပြည်သူအများရဲ့ပျော်ပွဲရွှင်ပွဲများလေ။

**မြန်မာ့ဓလေ့**

ပြည်သူတွေဟာကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ဒေသရဲ့ မြတ်နိုးစရာကောင်းတဲ့ ရိုးရာဓလေ့ထုံးစံတွေနဲ့ ဘဝရဲ့ လှပတဲ့အရသာ ပျော်ပိုက်ကြည်နူးနေကြတာကို သူတို့တွေ့ကြရပါလိမ့်မယ်။ ရှိတာလေးကိုပဲ ကျွေးချင်မွေးချင်၊ ပေးချင်ကြပါရဲ့။ နိုင်ငံခြားသား၊ အထူးသဖြင့် အနောက်နိုင်ငံသားတွေ အံ့အားသင့်ချီးကျူးကြရတာကတော့ မြန်မာတိုင်းရင်းသားအားလုံးရဲ့ ရိုးသားဖြူစင်မှုစိတ်ထားနဲ့ ဖော်ရွေမှု၊ ကျွေးမွေးပေးကမ်း၊ ကူညီလိုမှု၊ စေတနာသဒ္ဓါတရား၊ နိုင်ငံတကာခရီးသွားတွေလည်း အံ့သြကြတယ်။ မြန်မာလောက် ရိုးရှင်းဖော်ရွေတာမျိုး ကမ္ဘာပေါ်မှာ အခြားဘယ်နေရာ ဘယ်လူမျိုးမှမရှိပါဘူးတဲ့။

**□ မြန်မာလူ့အဖွဲ့အစည်းဟာ ပြီးပြည့်စုံတယ်လို့ မဆိုလိုပါ။ အပြစ်အနာအဆာ မရှိဘူးလို့လည်း ကာကွယ်နေခြင်း မဟုတ်ပါ။ ပကတိအားဖြင့် အားနည်းချက်၊ အားသာချက်တွေ အများကြီးရှိနေကြတယ်ဆိုတာ သိမြင်လက်ခံစေလိုပါတယ်။ ထင်ရာမြင်ရာ တစ်ပိုင်းတစ်စ ရှုမြင်ရုံမျှနဲ့ မလုံလောက်ပါ။**

မြန်မာလိုဖြူစင်စွာကူညီတာ၊ ပေးကမ်းလှူဒါန်းတာ ဘယ်လူမျိုးမှ မယှဉ်နိုင်ပါ။ လာဖူးသူတိုင်း သိမြင်ကြတယ်လေ။ နိုင်ငံတကာ သုတေသနအဖွဲ့တစ်ခုက နိုင်ငံပေါင်းများစွာကို ကွင်းဆင်းလေ့လာပြီး စေတနာ သဒ္ဓါတရားအထက်သန်ဆုံးလူမျိုးကို မေးခွန်းများ၊ ဖြစ်ရပ်များ၊ အချက်အလက်များနဲ့ အချိန်ယူလေ့လာပြီး ထုတ်ပြန်ခဲ့ပါတယ်။ အလှူအတန်းနဲ့ လူလူချင်းကူညီရိုင်းပင်းခြင်းတွင် မြန်မာနဲ့အမေရိကန်တို့ဟာ ပထမအဆင့် အမှတ်တူပူးတွဲ ဗိုလ်စွဲပါသတဲ့။ အဆင့်ဆင့်သော လူမျိုးများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက် အာဆီယံနိုင်ငံတွေက ပိုမိုမြင့်နေတာလည်း တွေ့ကြရပါသတဲ့။ အင်္ဂလိပ်၊ မြန်မာ၊ သတင်းစာနဲ့ဂျာနယ်တွေမှာ ပါပြီးသားပါ။ ဖတ်လိုက်မိတဲ့သူတွေလည်း သိပြီးသားဖြစ်မှာပါ။

**မမြင်ရတဲ့ တန်ဖိုးများ**

လူမျိုးတွေရဲ့ချမ်းသာပြည့်စုံမှုမှာ ရုပ်ဝတ္ထုပစ္စည်းဆိုတာက မြင်သာတယ်။ သိသာတယ်။ တိုင်းတာလို့လည်းရတယ်။ တိုက်တွေတာတွေ၊ ကားတွေ၊ ပရိဘောဂ၊ ဒါနဲ့မပြီးသေးဘူး။ ကိုင်တွယ်လို့မရတဲ့ ဘိုးဘွားဘီဘင်တွေရဲ့ အမျိုးသားအမွေဆိုတာ ရှိသေးတယ်။ လက်ဆုပ်လက်ကိုင်မမြင်ရဘူး။ ကိုင်တွယ်ပြလို့တော့ မရပါဘူး။ သို့ပေမယ့် အမှန်တကယ်ရှိပါတယ်။ ခိုင်မာတယ်၊ ခိုင်မြဲတယ်။ နှစ်ပေါင်းများစွာ အစဉ်အဆက်စွဲမြဲပါတယ်။ ကြက်မှာအရိုး လူမှာအမျိုးဆိုတာ ဗီဇသဘော(Genetic Factor) ဖြစ်သလိုပဲ ယဉ်ကျေးမှုဓလေ့ထုံးစံတွေရဲ့ တန်ဖိုးထားမှု၊ သဘောထား၊ ခံယူချက်၊ ယုံကြည်ချက်၊ သတ်မှတ်ချက်စတဲ့ အရာတွေဟာ လူ့အဖွဲ့အစည်းရဲ့ မမြင်နိုင်တဲ့ စွမ်းအားတွေပါပဲ။ ဘိုးဘွားအမွေ။

မြန်မာလူ့အဖွဲ့အစည်းဟာ ပြီးပြည့်စုံတယ်လို့ မဆိုလိုပါ။ အပြစ်အနာအဆာမရှိဘူးလို့လည်း ကာကွယ်နေခြင်းမဟုတ်ပါ။ ပကတိအားဖြင့် အားနည်းချက် အားသာချက်တွေ အများကြီးရှိနေကြတယ်ဆိုတာ သိမြင်လက်ခံစေလိုပါတယ်။ ထင်ရာမြင်ရာ တစ်ပိုင်းတစ်စ ရှုမြင်ရုံမျှနဲ့ မလုံလောက်ပါ။

**အဖြေရှာရမှာ**

"ဟော့- ဒါတွေဟာ ယခင်အစိုးရအဆက်ဆက်ရဲ့ အဆိုးအပြစ်ချို့ယွင်းချက်တွေပဲ မဟုတ်လား" စသဖြင့် အလွယ်တကူ လက်ညှိုးထိုးနေရုံနဲ့လည်း မပြီးပါဘူး။

ဘယ်နိုင်ငံက ဘယ်အစိုးရမှ ခြောက်ပြစ်ကင်းသဲလဲစင်မရှိနိုင်ပါဘူး။ အစိုးရလုပ်ကြတဲ့လူတွေလည်း လူတွေပဲလေ။ လူဆိုတာ အကောင်းရော အဆိုးပါ ရှိတတ်ကြတာတွေချည်းပေါ့။ ယခင်က အစိုးရများကို အဲသလိုလက်ညှိုးထိုးအပြစ်ဖို့နေရုံမျှနဲ့ တိုးတက်မှုတစ်စုံတစ်ရာ မရနိုင်ပါဘူး။ အဲဒါအဖြေမဟုတ်ဘူး။

အတိတ်က သင်ခန်းစာကို အနာဂတ်မှာ အလားတူထပ်မမှားအောင် တစ်ဖန်ပြန်ပြီး အားနည်းချက်မရှိစေရအောင် သတိဆောင်မှဖြစ်ရမှာပေ့ါ။ ဘယ်သူ ဘယ်ဝါကို ကာကွယ်လိုလို့ ပြောဆိုခြင်းလည်းမဟုတ်ပါဘူး။ အပြစ်တင်အပြစ်ဖို့တဲ့စကားတွေကို များများပြောတတ်တဲ့ လူစားတွေမှာ နည်းလမ်းကောင်းနဲ့ အနာဂတ်အိပ်မက်ကောင်းကောင်းတွေ မရှိတတ်ဘူး။ ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ကျေးဇူးသိတတ်သူတွေကတော့ သားကောင်းသမီးကောင်းတွေဖြစ်ကြောင်း လက်တွေ့ သိမြင်ကြရတယ်။ ယဉ်ကျေးလိမ္မာတဲ့ အမွေခံ။

တကယ်ဆို ၂၀၁၅ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဟာ အစိုးရတာဝန်ယူပြီး ဦးစီးဆောင်ရွက်ပေးခဲ့တာပဲ၊ ရွေးကောက်ပွဲကော်မရှင်ကလည်း တရားမျှတစေရမယ်။ လွတ်လပ်စေရမယ်။ မှန်ကန်စေရမယ်။ ပွင့်လင်းမြင်သာစေရမယ်လို့ အတိအလင်း ကြေညာပြီး မဲဆန္ဒရှင်ပေါင်း ၃၂ သန်းလောက်ကို မဲရုံပေါင်း လေးသောင်းကျော်မှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပပေးခဲ့တယ်။ အတိုင်းအဆ အကြီးကြီး။

**ရွေးကောက်ပွဲ**

ပါတီပေါင်း ကိုးဆယ်ကျော်ပါတီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြတယ်။ စံချိန်တင်အောင် များပြားခဲ့ပါရဲ့။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ တင်သွင်းခဲ့ကြတယ်။

တစ်နိုင်ငံလုံး မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၀၀၀ ကျော်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြတာ။ လွှတ်တော်ကိုယ်စားလှယ်နေရာက ၁၁၇၁ သာဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်မှာ မြန်မာနိုင်ငံအနေနဲ့ အထူးခြားဆုံးနဲ့ အရေးအကြီးဆုံး ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပါ။

အနာဂတ်ကိုပုံဖော်ထုဆစ်တဲ့ ပြည်သူတို့ရဲ့ ကြီးမားတဲ့စွမ်းဆောင်မှုတစ်ခုပါပဲ။ ကမ္ဘာ့မိသားစုများရဲ့ လေးစားယုံကြည်မှုနဲ့ မြန်မာပြည်သူတို့အပေါ် နွေးထွေးတဲ့ ပြန်လည်ပေါင်းစည်းရေးကို ဖြစ်စေမယ့် အထွေထွေရွေးကောက်ပွဲ။ ဒီရွေးကောက်ပွဲကဖွင့်လှစ်ပေးလိုက်တဲ့ နိုင်ငံတကာလေးစားယုံကြည်မှု၊ စိတ်ချခိုင်မာမှုကြောင့် နိုင်ငံတကာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများဟာလည်း ရေတံခါးကြီးဖွင့်ချလိုက်သလို တစ်ဟုန်ထိုးစီးဆင်းဝင်ရောက်လာကြမှာဖြစ်ပါတယ်။ အစိုးရအသစ်လက်ထက်မှာ။

၂၀၁၀-၂၀၁၅ အစိုးရအဖွဲ့ရဲ့ ဒီရွေးကောက်ပွဲကို ဒီမိုကရေစီစနစ်နဲ့အညီ သန့်ရှင်းလွတ်လပ်အောင် အစွမ်းကုန် ကြိုးစားလုပ်ဆောင်ခဲ့တယ်ဆိုတာ မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒီစွမ်းဆောင်မှုရဲ့ ကြီးမားခိုင်မာမှု၊ တန်ဖိုးရှိမှု၊ အရှိန်အဟုန်ပြင်းထန်မှု ရလဒ်ကောင်းတွေကို နောင်ဆယ်နှစ်ကြာတဲ့အခါ သမင်လည်ပြန် ပြန်ကြည့်တော့မှ "ဩော်. . . တော်တော်ချီးကျူးစရာ၊ ကျေးဇူးတင်စရာဖြစ်ရပ်ပါလား" လို့ ပိုမိုထင်ထင်ရှားရှား အများမြင်လာကြပါလိမ့်မယ်။ နီးလွန်းလို့ မမြင်သေးဘူးလို့ဘဲ တင်ပြပါရစေ။ ဘယ်သူဘာပြောပြော အချိန်က သက်သေပြမှာပါ။ ရွေးကောက်ပွဲအောင်မြင်အောင် ပါဝင်ကြိုးပမ်းထမ်းဆောင်ခဲ့ကြတဲ့ "စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များအားလုံးရဲ့ စွမ်းဆောင်ခဲ့မှု" ကို အသိအမှတ်ပြုပါတယ်။ ။

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

- ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့(Master of Banking and Finance-MBF)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) ဘဏ်လုပ်ငန်း(သို့)ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်အတွေ့အကြုံ(လုပ်သက်) အနည်းဆုံး(၂)နှစ် ရှိသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူမဖြစ်စေရ။
(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်းအချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်၊စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အခန်း(၂၀၆)တွင် ၈-၁၀-၂၀၁၅ ရက်(ကြာသပတေးနေ့)မှ စတင်ရယူပြီး ၆-၁၁-၂၀၁၅ရက်(သောကြာနေ့)နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်(စနေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၌ ကျင်းပမည်။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ ထောက်ခံချက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ လက်ခံမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းနံပါတ် ၀၁-၅၁၃၄၅၇(MBF - ရုံးခန်း)၊ ၀၁-၅၁၃၅၇၆ (ဝါဏိဇ္ဇဗေဒဌာနရုံးခန်း)တို့တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
## စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
## ကြေညာချက် (၁၀/၂၀၁၅)
## နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်
## (၂၀၁၅ခုနှစ် အောက်တိုဘာလ ၈ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များ ရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၆ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့် အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြ လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ငွေများပေးသွင်း၍ မှတ်ပုံတင်ပြီးအဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပူးတွဲ ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၄ရက်မှ နိုဝင်ဘာ ၁၃ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရပါမည်။

၅။ အဆိုပြုလျှောက်ထားသော ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ကြမ်းခင်းဈေးမှာ လုပ်ကွက်တစ်ကွက်လျှင် ကျပ် ၁၀၀၀၀၀၀ဝ/-(ကျပ်တစ်ဆယ်သိန်းတိတိ) ဖြစ်ပါသည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာ နယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့၊ မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများနှင့် ဖားကန့်မြို့၊ မိုးညှင်းမြို့၊ ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## အေးခဲပုစွန်များ လေလံတင်ရောင်းချရေးဘုတ်အဖွဲ့
## ရန်ကုန်တိုင်းဒေသကြီး
## လေလံကြော်ငြာ

၁။ အများသိစေရန်ကြေညာအပ်ပါသည်။ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုံ၊ ဆိပ်ကမ်းသာလမ်းရှိ ထွန်းနေလင်းအအေးခန်းစက်ရုံတွင် သိုလှောင်ထားသော ပြုပြင်မွမ်းမံပြီး (Ready to Export) ပုစွန်ကျား(Block)တုံးများအားMaster Cartoon (M.C) အလိုက် မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင်ရောင်းချမည့်နေ့ရက် - ၁၉. ၁၁. ၂၀၁၅ (ကြာသပတေးနေ့)
လေလံတင်ရောင်းချမည့်အချိန် - (၀၉း၀၀) နာရီ
လေလံတင်ရောင်ချမည့်နေရာ - ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ

၃။ လေလံဆွဲဝယ်လိုသူများသည် လေလံစည်းကမ်းချက်များပါ သတ်မှတ်ပုံစံများတွင်ဖြည့်စွက်၍ လေလံတင်ရောင်းချရေးအဖွဲ့သို့ (၁၈. ၁၁. ၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတိုင်း လာရောက်လျှောက်ထားရမည်။အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ (လေလံတင်ဘုတ်အဖွဲ့) ၀၉၈၆၀၀၁၇၂/၆၄၂၂၁၀၊ အတွင်းရေးမှူး (လေလံတင်ဘုတ်အဖွဲ့) ၀၉၂၀၃၅၁၄၁/၀၉၆၈၀၂၃၈၆၊ ခရိုင်ဦးစီးမှူး (ငါးလုပ် ငန်းဦးစီး)၀၉၄၃၀၂၉၀၄၈၊ ဖုန်းနံပါတ်များသို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးဘုတ်အဖွဲ့

---

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁) လုံး၊ ပဲခူးတိုင်းဒေသကြီး(ပြည်)မှ သိုလှောင်ရုံ (၁) လုံး၊ မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၄) လုံး၊ ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၃)လုံးနှင့် ဝန်ထမ်းနေအိမ် (၁) လုံး၊ စုစုပေါင်း သိုလှောင်ရုံ (၉)လုံးနှင့် ဝန်ထမ်းနေအိမ် (၁)လုံးတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် (မြေမပါ) ထုခွဲရောင်းချမည်ဖြစ်ပါသည်-

Lot(1) (က) ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ (၁)လုံး
(၁) (၈၀'×၄၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(မြို့မ-၂)အမှုထမ်းရပ်ကွက် ကျိုက်ခေါက် ဘုရားလမ်း၊ သန်လျင်မြို့

Lot(2) (ခ) ပဲခူးတိုင်းဒေသကြီး(ပြည်)မှ သိုလှောင်ရုံ(၁)လုံး
(၁) (၈၀'×၄၀'×၁၂')(သွပ်၊ အုတ်၊ ကွန်)ရွှေဥဒေါင်းရပ်ကွက်၊ မိုးညှင်းမြို့

Lot(3) (ဂ) မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၄)လုံး
(၁) (၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ထုထရံ)အမျိုးအစားတူ၊ အရွယ်အစားတူ (ဒေါက်စေ့-၁)၊ (ဒေါက်စေ့-၂) သိုလှောင်ရုံ (၂)လုံး၊ အမှတ် ၁၁ ရပ်၊ ပခုက္ကူမြို့
(၂) (၁၂၀'×၄၀'×၁၀')(သွပ်၊ ထရံ၊ အုတ်)အမျိုးအစားတူ၊ အရွယ်အစားတူ (က-၅)၊ (က-၆)၊ သိုလှောင်ရုံ (၂)လုံး၊ အမှတ် ၁၁ ရပ်၊ ပခုက္ကူမြို့

Lot(4) (ဃ) ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၃)လုံးနှင့်ဝန်ထမ်းနေအိမ်(၁)လုံး
(၁) (၂၅၁'×၉၇'×၂၀')(သွပ်၊ သွပ်၊ ကွန်) (မြဲ-၃၁) ထုံးဘိုရပ်၊ ပုသိမ်မြို့
(၂) (၁၇၂'×၉၇'×၂၀')(သွပ်၊ သွပ်၊ ကွန်) (မြဲ-၃၂) ထုံးဘိုရပ်၊ ပုသိမ်မြို့
(၃) (၈၀'×၄၀'×၁၃')(သွပ်၊ သွပ်၊ ကွန်) (မြဲ-၃၇) ထုံးဘိုရပ်၊ ပုသိမ်မြို့
(၄) (၄၅'×၂၉'×၁၀')(သွပ်၊ ပျဉ်၊ ကွန်) (ဝန်ထမ်းနေအိမ်) ထုံးဘိုရပ်၊ ပုသိမ်မြို့

| | | |
|---|---|---|
| (င) | **တင်ဒါရောင်းချရမည့်ရက်** | - ၉-၁၁-၂၀၁၅ရက်မှ ၁၇-၁၁-၂၀၁၅ရက်အထိ |
| | **အချိန်** | - ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ |
| (စ) | **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်/အချိန်** | - ၁၉-၁၁-၂၀၁၅ရက် နံနက် ၁၁နာရီ၊ ရုံးအမှတ် (၅၂) |
| (ဆ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၉-၁၁-၂၀၁၅ရက် မွန်းလွဲ ၁၃း၀၀နာရီ |
| (ဇ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊အမှတ် (၂၂၈/၂၄၀) ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့် ရန်ကုန်မြို့၊တိုင်းဒေသကြီးဦးစီးမှူး၊ ပဲခူးမြို့၊ မကွေးမြို့၊ ပုသိမ်မြို့။ |
| (ဈ) | **Deposit ပေးသွင်းရမည့်နေရာ** | - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။ |
| (ည) | **စာရင်းပေးသွင်းရမည့်နေရာ** | - ရုံးအမှတ် (၅၂)၊ နေပြည်တော် |
| (ဋ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၊ နေပြည်တော် |

၂။ အဆိုပါ သိုလှောင်ရုံ (၉)လုံးနှင့် ဝန်ထမ်းနေအိမ် (၁)လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၁၈၂၄၊ ၀၆၃-၂၃၁၉၆၊ ၀၄၂-၂၄၅၂၀၊ ၀၅၂-၂၂၂၁၁၀၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် ၁၁-၁၈၊ ဦးပိုင်အမှတ် ၄၊ ၆၂×၆၃ လမ်းကြား၊ အေးမေတ္တာ×အေးသုခကြားရှိ ဦးကျော်စွာအမည်ဖြင့် ချထားပေးသော မြေကွက်အားဦးမျိုးအောင်ဦး ၉/ခအဇ(နိုင်)၀၁၆၀၆၁မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမည်မှန်

ဝိုင်းမော်မြို့၊ စာဖြေဌာန အထက(၂) ခုံအမှတ် ကဝ-၁၀၅၅ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မောင်ယော်ထန်၏ အမည်မှန်မှာ မောင်မျိုးဝေထွန်း ၁/ဝမန(နိုင်)၀၉၅၄၅၂ ဖြစ်ပါသည်။

## အမည်မှန်

စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းစာမေးပွဲ အား ၁၉၈၃ခုနှစ်တွင် ခုံအမှတ် က-၂၄ဖြင့် အောင်မြင်ခဲ့သော ဦးနန်ခေါ့ဒီး၏သား မောင်အင်ယောဟန်၏ အမည်မှန်မှာ ဦးနန်ခေါ့ယောဟန် ၁/မခဘ(နိုင်) ၀၀၁၃၄၁ ဖြစ်ပါသည်။

## အမည်မှန်

ဦးနန်းလုံ၏သမီး ကွတ်ခိုင်မြို့ ရပ်ကွက်(၁)၊ ဗျူဟာလမ်း၊ အိမ်အမှတ် က/၂၁၆နေ မဂျာထန်၏ အမည်အမှန်မှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အရ မဂျာဖန် ၁၃/ကခန(နိုင်) ၀၇၈၇၃၆ ဖြစ်ပါကြောင်း။

**မဂျာဖန်**

## အမည်ပြောင်း

ဦးနေလွင် ၈/စလန(နိုင်)၀၈၆၂၄၀၏သမီး နေပြည်တော်၊ဒက္ခိဏသီရိမြို့၊ OiAC ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းမှ မခင်လပြည့်ဝင်းအား မခင်မြတ်နိုးဦးဟု ပြောင်းလဲခေါ်ပါရန်။

**မခင်မြတ်နိုးဦး**

## အမည်ပြောင်း

ဦးသန်းမောင်၏သား မောင်စောမြင့်ကျော် ၁၂/မဂဒ(နိုင်)၁၀၇၁၇၁ (အစား) မောင်ဇော်မင်းဝေဟု ပြောင်းလဲခေါ်ပါရန်။

---

## သမဝါယမဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

ရုံးအမှတ် (၁၆)၊ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်တွင် အသုံးပြုခြင်းမရှိတော့သည့် ပရိဘောဂအဟောင်း/အပျက်များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအဟောင်း/အပျက်များ Aircon အဟောင်း/အပျက်များ၊ လက်နှိပ်စက်/စာကူးစက် အဟောင်း/အပျက်များကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| **လေလံပုံစံရောင်းချမည့်ရက်** | -၁၆-၁၁-၂၀၁၅ ရက်မှ ၂၀-၁၁-၂၀၁၅ ရက်အထိ နံနက်၉း၃၀နာရီမှညနေ၁၆း၃၀နာရီအတွင်း |
| **လေလံပုံစံရောင်းချမည့်နေရာ** | - ရုံးအမှတ် (၁၆)၊သမဝါယမဝန်ကြီးဌာန၊သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊နေပြည်တော် |
| **လေလံဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်နေရာ** | - ၂၃-၁၁-၂၀၁၅ ရက်၊ရုံးအမှတ်(၁၆)၊သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၃၆၊ ၄၁၀၂၂၃ |

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.Aအသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၁-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် (၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး
## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၆-၁၁-၂၀၁၅ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၄-၁၂-၂၀၁၅ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ C/၆၅၈၁ Toyota Alphard M/B(4 × 2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်လတ် ၁၂/တမန(နိုင်)၀၉၇၁၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

SP Bakery

Yangon
Mandalay

NOW HIRING
ဝန်ထမ်းအလိုရှိသည်

Production Manager (2)
Finance Manager (2)
HR/Admin Manager (2)
Quality Control Manager (2)
Retail Store Manager (2)
Executive Secretary (2)
Assistant Retail Store Manager (2)
Sales Specialist (10) Part-time/Full-time အရောင်းဝန်ထမ်း(၁၀) ဦး
Security (5) လုံခြုံရေး(၅) ဦး
Cleaner (5) သန့်ရှင်းရေး(၅) ဦး

No. 56, Sayar San Road,
Bahan Township, Yangon, Myanmar
No. 45, 73rd Street, Between
34th & 35th St, Mandalay, Myanmar

ဆက်သွယ်ရန်
Phone: +95-9-26538 8881 (YGN) +95-2-34652, 72999 (MDY)
Email: HR@spbakerymyanmar.com



LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)

လွင်မြင့်အောင်
အမှတ်တံဆိပ်

မြင်းခွာရွက် လက်ဖက်ခြောက်



အကျိုးအာနိသင်
- အသားအရေတင်းရင်းလှပစေခြင်း၊
- အရေးအကြောင်းများလျော့ပါးစေခြင်း၊
- အနာကျက်မြန်စေခြင်း၊
- သွေးလည်ပတ်မှုအားကောင်းစေခြင်း၊
- သွေးကြောများကြံ့ခိုင်မှုကို ကူညီထိန်းသိမ်း ပေးခြင်း၊
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း၊
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊
- လန်းဆန်းခွန်အားဖြစ်စေခြင်း၊
- ဆီးရွှင်ခြင်း၊

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**မန္တလေးခရိုင်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉၄**

ဒေါ်သိန်းသိန်း နှင့်
(၎င်း၏ကိုယ်စားလှယ်စာရသူ
မသဇင်အောင်)

၁။ ဒေါ်စန်းရီ
၂။ ဦးစောလှဝင်း
၃။ ဦးစောလှသင်း
၄။ ဒေါ်စောတင်တင်ခိုင်
၅။ ဒေါ်ကြည်စိန်
၆။ ဒေါ်ခင်ပု
၇။ ဦးမြင့်အောင်
၈။ ဦးမြင့်မောင်
၉။ ဦးတင့်အောင်
၁၀။ မစန်းပွား
၁၁။ ကိုမျိုးနိုင်
၁၂။ မကေခိုင်မြင့်
၁၃။ ကိုအောင်သက်ပိုင်
၁၄။ ဒေါက်တာကျော်စောထွန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၂၉၂၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါက်တာကျော်စောထွန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သိန်းသိန်းက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ချိုချို)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

၁။ ဦးမြင့်ကို နှင့်
၂။ မအေးမိစံ
အမှတ်(၄/၂၁၈)၊အောင်မင်္ဂလာကျောင်းလမ်း၊
ဈေးအနောက်ဘက်ခြမ်း၊(၄)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်

၁။ ကိုကျော်သူရနိုင်
၂။ ဦးခင်မောင်မြင့်
အမှတ်-၁/၃၉၊သဇင်လမ်း၊
ထန်းပင်ကုန်း၊စော်ဘွားကြီးကုန်း၊
အင်းစိန်မြို့နယ်

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ထန်းပင်ကုန်း၊စော်ဘွားကြီးကုန်း၊ သဇင်လမ်း၊ အမှတ်(၁/၃၉) နေ (၁)တရားပြိုင် ကိုကျော်သူရနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများဖြစ်သော ဦးမြင့်ကို၊မအေးမိစံတို့က ထိခိုက်နစ်နာမှုအပေါ် တာဝန်မဲ့စွာလျစ်လျူရှုခြင်းအတွက် လျော်ကြေးနှင့်နစ်နာကြေးငွေ ကျပ်သိန်း(၃၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုတို့၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်သန့်သင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**မရမ်းကုန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၆**

ဦးညို နှင့်

၁။ ဦးမြင့်အောင်
၂။ ဒေါ်အေး
၃။ ဦးကုလား
၄။ ဒေါ်မြင့်မြင့်

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူမြို့နယ်၊ (၇)ရပ်ကွက်၊ ကျည်တောက်ပေါက်ကျေးရွာ၊ ရှောက်ပင်ရိုးအုပ်စုနေ (၃-၄) တရားပြိုင် ဦးကုလား၊ ဒေါ်မြင့်မြင့်၊ (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကျည်တောက်ပေါက်ကျေးရွာ၊ ယခုရပ်ကွက် (၇) ရှိ အချင်းဖြစ်ဝိုင်းမြေနှင့် အဆောက်အအုံများပေါ်မှ အခမဲ့အခွင့်ဖြင့်ထားသူများအား နှင်ထုတ်ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**စမ်းချောင်းမြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၂၀**

ဦးချစ်ထွန်း နှင့်
(၎င်း၏အထွေထွေကိုယ်စားလှယ်
စာရသူ ဒေါ်နီလာဝင်း)
အမှတ် ၄၅၊ သုံးလွှာ(ခြေရင်း)၊
မင်းလမ်း၊ စမ်း/တောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်

ဦးသိန်းနိုင်
(ယခုလိပ်စာမသိ)
အမှတ် ၁၆၃/၂-၅လွှာ၊
မြင်သာ ၁၀ လမ်း၊ ၁၄/၁စီမံကိန်း
ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၆၃/၂-၅လွှာ၊ မြင်သာ ၁၀လမ်း၊ ၁၄/၁ စီမံကိန်းရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းနိုင် (ယခုလိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချစ်ထွန်းက (၁) (၂)တရားပြိုင်တို့ ပူးတွဲပိုင်ဆိုင်ခဲ့သော အချင်းဖြစ် တိုက်ခန်းအတွက် (၂)တရားပြိုင်မှ ရရန်ရှိသည့် ရောင်းဖိုးငွေ ၂၅ သိန်းကို (၁)တရားပြိုင်၏ ၂၂-၆-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာပါအတိုင်း လက်ခံရန် (၁) တရားပြိုင်တစ်ဦးတည်းမှ ခတ်ထားသောသော့ကိုဖွင့်ပေးပြီး တရားလိုမှနုတ်ကတိ ပဋိညာဉ်နှင့် ငွေပေးဝယ်ယူထားသော အခန်းကိုလက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်) (၂) တရားပြိုင်အား ပေးရန်ရှိသည့် ရောင်းဖိုးငွေ ၂၅သိန်းကို ရုံးတော်မှထိန်းသိမ်းပေးရန် (၁) တရားပြိုင်ခတ်ထားသော သော့ကိုဖွင့်ပြီး အခန်းလက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ကိစ္စအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေရန်ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၄ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၁နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကေသီဝင်း)**
**မြို့နယ်တရားသူကြီး**
**စမ်းချောင်းမြို့နယ်တရားရုံး**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်တိုင်းဒေသကြီး၊အနောက်ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၀ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၂**

ဦးစန်းမောင် နှင့် ဒေါ်တင်တင်ဝင်း

**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ တိုက်အမှတ်(၅၂)၊ (၅လွှာ/ဘီ)

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစန်းမောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**အမွေထိန်းလက်မှတ်စာရရှိပြီးသော ကွယ်လွန်သူ ဦးသူရ၏ မြေနှင့်အိမ်အား**
**စီမံခန့်ခွဲခွင့်အတွက် နောက်ဆက်တွဲအမိန့်ထုတ်ပေးပါရန်**
**အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ-၃၀၇(၂)အရလျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၅၉**

ဒေါ်ခင်မြင့် လျှောက်ထားသူ

ကွယ်လွန်သူ ဦးသူရကျန်ရစ်သောပစ္စည်းများနှင့် ပတ်သက်သောအမှုတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူက ကွယ်လွန်သူ ဦးသူရ၏ကျန်ရစ်နေသော ပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာကို ၂၀-၁-၂၀၁၅ရက်တွင် ထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူမှ ကွယ်လွန်သူဦးသူရ၏ အမွေထိန်းလက်မှတ်စာရ ရှိသည့် ပစ္စည်း (မြေ၊ အိမ်)နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအစရှိသည်တို့အား ပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)အရ လျှောက်ထားလာရာ လျှောက်ထားချက်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်) နံနက် ၁၀း၀၀နာရီတွင် ကြားနာစစ်ဆေးရန်ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သည့်အမည်ပါ ကွယ်လွန်သူဦးသူရ၏ ပစ္စည်းရေးကိစ္စနှင့်ပတ်သက်၍ မည်သူမဆို အထက်ဖော်ပြပါရုံးချိန်းနေ့၌ ဤရုံးသို့လာရောက် လျှောက်ထားတင်ပြနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၄ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊**
**မြေကွက်အမှတ် ၇၄၃ ၁/၂၊ အကျယ်အဝန်း (ပေ ၂၀×ပေ ၆၀)ရှိ နှစ် (၆၀)ဂရန်**
**မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဉ်း၍**

## အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ပစ္စည်းစာရင်းတို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးကျော်နိုင်အောင်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ် (၉၅၁၄/၂၀၁၅)ဖြင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးခိုင် ၁၂/ဥကတ(နိုင်) ၀၅၈၉၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ငွေပေးချေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး**
**အထက်တန်းရှေ့နေ**
**အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၉၂၀၆၃၊ ၀၉-၄၂၀၀၅၈၅၅၃**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းရင် (ဝါးခယ်မ)
### အသက်(၉၀)

ရန်ကုန်မြို့၊ ကန်တော်လေး ၁၀၁လမ်း၊ အမှတ် ၄၁ (သုံးလွှာ)နေ (ဦးဖူးညို-ဒေါ်ဟသ်ာ)တို့၏သမီး၊ (ဦးဘိုးရှိန်-ဒေါ်ဘိန်)တို့၏သမီးချွေးမ၊ (ဦးအုန်းမြိုင်)၏ဇနီး၊ ဦးထွန်းလှ-ဒေါက်တာခင်စန်းဝင်း၊ ဦးမောင်မောင်ခင်(ဒု-ညွှန်ချုပ်၊ ငြိမ်း၊ FERD၊ အကြံပေး၊YCDC)-ဒေါ်ခင်စန်းလင်း(ဆသရ၊ငြိမ်း)၊ ဦးဦးခိုင်-ဒေါ်ရင်ရင်မြိုင်၊ ဒေါ်စိုးစိုးပိုင်(SHE SHINE GEMS- JEWELLERY)၊ ဒေါ်စိုးစိုးမြိုင်(ခေတ္တ-ဂျပန်)၊ ဦးလွင်ဦး(ခေတ္တ-စင်ကာပူ)-ဒေါ်ရွှေရွှေမိုး၊ ဦးတက်ဝေ၊ ဒေါ်ဝေဝေလွင်(ဆသရ၊ ငြိမ်း)တို့၏မိခင်ကြီး၊ ကိုကျော်ဇင်သန့် (Master FG, Marsk Shipping Line)-မဝေဝေဦး၊ ကိုမျိုးမြင့်ဇော်-မဝိုင်းဝေဝေဝင်း၊ ကိုဘုန်းပိုင်ဦး-ဒေါက်တာစုစုလှိုင်၊ ကိုဇေယျာဖြိုး(Uniteam)-မစောနှင်းအိအိနိုင်၊ ကိုဇေယျာစိုး-မစန္ဒာဝင်း၊ မစန္ဒာလင်း၊ မောင်နေအောင်လင်း၊ မခင်ဝင့်ဝါတို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁၁-၂၀၁၅ရက် (စနေနေ့)နံနက် ၇း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံဒါယိကာမကြီး
## ဒေါ်အမာ(မကွေး) အသက်(၉၀)

မကွေးမြို့၊ ဆားစည်ရပ်နေ (ဦးဝ-ဒေါ်ဖြူဖြူ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကစ္စာသယလမ်း၊ ကျောက်မြောင်း၊ အမှတ် ၇၅နေ (ဒေါ်ခင်ဝိ)၏ညီမ၊ (ဒေါ်တင်တင်ယုံ)၏အစ်မ၊ (ဦးလှမိုး)-ဒေါ်ခင်ခင်တို့၏အစ်မ၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၄၁နေ ဦးကြည်စိန်-ဒေါ်ခင်လှလှတို့၏အစ်မသည် ၇-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်နု
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စံပြဖဆပလရပ်ကွက်၊ တိုက်ဟောင်း ၁၂၊ အခန်း ၈နေ (ဦးသိဝန်)၏ဇနီး၊ (ဦးအေးလူ)၊ ဒေါ်နုနုမာ၊ဦး အောင်မျိုးဦး(ခ)ရင်နီ-ဒေါ်ဥမ္မာ၊ ဦးမြတ်စိုး(ခ)ဖိုးလူ - ဒေါ်နီလာ(ခါတော်မှီ)တို့၏မိခင်၊ မောင်နီမော်ထွန်း၊ မဆုမွန်ခင်၊ မောင်ဖိုလ်ဖိုလ်ထွေး၊ မခိုင်ရင်ငြိမ်းတို့၏အဘွားသည် ၆-၁၁-၂၀၁၅ ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေး (မန္တလေး)
### အသက်(၆၂)နှစ်

မန္တလေးမြို့နေ (ဦးမောင်ကြီး-ဒေါ်လှရီ)တို့၏သမီး၊ (ဦးစန်းဝင်း)၏ဇနီး၊ မစန္ဒာဘို၊ မဥမ္မာဘို၊ ကိုလွင်မောင်ဘို-မမြနုဝေ၊ ကိုဖြိုးဝေအောင်-မကေသွယ်ဘို၊ ကိုစဝ်ခမ်းဆိုင်-မသီတာဘိုတို့၏မိခင်သည် ၆-၁၁-၂၀၁၅ရက် ည ၈း၄၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၅၄၊ အောင်မင်းခေါင် ၁လမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်းမာ အသက်(၆၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သုမန ၁လမ်း၊ အမှတ် ၃၄၄နေ(ဦးဝင်းရွှေ-ဒေါ်ဝင်းကြည်)တို့၏သမီး၊ ဦးသိန်းဟန်-ဒေါ်အုံးကြွယ်တို့၏သမီးချွေးမ၊ ဦးခင်မောင်ကြွယ်(မာန်အောင် အများပိုင်ကုမ္ပဏီ)၏ဇနီး၊ မောင်စိုးမိုးထွန်း-မထားထားလှိုင်၊ မနန္ဒာဦးဝေ (Myanmar Survey Research)တို့၏မိခင်၊ ဦးသိန်းဇော်(Htoo Thet Wai Co.,Ltd)-ဒေါ်စံမြခိုင်တို့၏အစ်မ၊ ဗိုလ်ကြီးဇင်လင်းထူး-မနှင်းသီရိဝေတို့၏ကြီးကြီးသည် ၆-၁၁-၂၀၁၅ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ခုတင်- ၅၀၀)၌ ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုးမြင့် (မြင်းမူမြို့)
### တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း
### အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ ကမ်းနားလမ်း၊ ဘုရင့်နောင်ရပ်ကွက်နေ (ဦးသောင်းတင်)-ဒေါ်သန်းသန်းတို့၏သား၊ (ဒေါ်ခင်မာလာညီ)၏ခင်ပွန်း၊ မစိုးနန္ဒာထွန်း၏ဖခင်၊ ဒေါ်ညိုညိုဝင်း၊ ဦးမျိုးမြင့်၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ရီရီဝင်း၊ ဒေါ်ပပသန်းတို့၏အစ်ကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြင်းမူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုးမြင့်သည် ၆-၁၁-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြင်းမူ မြောက်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## Pa Mang Khan Khup (Sukte beh)
**B.A (Myanmar), B.A (Bible), Grace Heaven Children Home**
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အနော်ရထာအိမ်ရာ၊တိုက် ၇၅/၈၀နေ Pu Kam Khen Cin (ထက်-ပြ၊ ငြိမ်း)-Pi Vung Go Cingတို့၏သား၊ ဝါးခယ်မမြို့နယ်၊ ကွင်းချောင်းဝကျေးရွာနေ (ဦးဂျောနေ)-ဒေါ်နန့်စန်းထီဖောင်တို့၏သားသမက်၊ Pa Dongh Cin Kham- Nu Huai Suan Dim(ထွေ/အုပ်၊ ဟားခါး)၊ Pa Hang Khan Zam-Nu Pau Man Niang(USA), Tg Dal Cin Pauတို့၏ညီ၊ S/n Man Lian Ciin(GMI၊ ရန်ကုန်)၊ (Tg Kam Za Thawn), Pa Tual Cin Khai (ဦးစီးအရာရှိ၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်)-Nu Suan Khan Cing, Nu Dim Man Niang - Pa Hau Khan Khai(USA) Nu Cing Zam Dim(Relish Travel Agency)-Rev Nang Khan Khual, Lia Dim Sian Huai (မြို့တော်စည်ပင်၊ ရန်ကုန်)၊ Lia Kham Nuam Lun(ILBC၊မန္တလေး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊စစ်တောင်းရိပ်မွန်အိမ်ရာ၊ တိုက် ၄၀၊ အခန်း ၂၀၂နေ ဒေါ်နန့်ပစ်ပစ်(ခ) Nu Dim Khawm Kim ၏ချစ်လှစွာသောခင်ပွန်း၊ Tg Cin Khan Tung(Grade-2၊ အမက-၉၊ ဒဂုံဆိပ်ကမ်းမြို့နယ်)၏ဖခင်သည် ၆-၁၁-၂၀၁၅ရက် (သောကြာနေ့) ည ၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ယုဇနဥယျာဉ်မြို့တော်၊ ပိတောက်ကွေ့မှတ်တိုင်၊ ဆူးလေဇေမာနွေလဘုရားကျောင်းရှေ့နှင့် အထက်ပါနေအိမ်တို့မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးချစ် (တောင်တွင်းကြီး)
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ မင်းမိုး II စတိုးနေ (ဦးညီညီသွယ်-ဒေါ်စောလှ)တို့၏သမီး၊ (ဦးဘတင်)၏ဇနီး၊ ဒေါ်မြင့်မြင့်-ဦးမောင်မောင်စိုး(မင်းမိုး II စတိုး)၊ ဒေါ်သင်းသင်းလတ်၊ ဒေါ်တင့်တင့်ထွေး-ဦးကျော်ဆွေ(စုလတ်စတိုး၊တောင်တွင်းကြီး)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၆-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လှ (မော်လမြိုင်)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၁လမ်း၊ အမှတ် ၄နေ (ဦးဖိုးရွှေ-ဒေါ်ငွေဘော်)တို့၏သမီး၊ ဦးသိန်းအောင်-(ဒေါ်လှရီ)၊ ဒေါ်ခင်သန်းဝင်း-(ဦးစိုးဝင်း)၊ ဒေါ်ခင်စန်းရီတို့၏အစ်မ၊ (ဦးရဲထွဋ်)-ဒေါ်ရီရီတင်၊ ဦးသန့်ဇင်-ဒေါ်ခင်ခင်စောတို့၏ကြီးကြီး၊ မလှဥမ္မာစိုး၊ မအေးသီတာစိုး၊ မောင်ဝင်းထွန်းစိုး၊ မောင်ကျော်စွာ၊ မောင်ချမ်းမြေ့အောင်၊ မောင်ကောင်းကိုကိုတို့၏ ဘွားဘွားကြီးသည် ၆-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၂း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၅ရက် နံနက် ၇နာရီမှ နံနက် ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရွှေစိန်(ကျောက်တော်/ပလတ်ဝ) အသက်(၈၄)နှစ်
### ကျောင်းဆရာမ(ငြိမ်း)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးထွန်းစံဦး-ဒေါ်မသာဇံ)တို့၏သမီး၊ (ဦးတင်ရွှေ)၏ဇနီး၊ ဖြူးမြို့နေ ဦးစံရွှေမြ-ဒေါ်တင်တင်ဦး၊ အင်းစိန်မြို့နယ်နေ ဦးအောင်သာအေး-ဒေါ်တင်တင်စု၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ ဦးသန်းဖေ-ဒေါ်တင်တင်မြင့်(ကျန်းမာရေးဆရာမ)၊ အင်းစိန်မြို့နယ်နေ ဦးသန်းစိုး-ဒေါ်တင်တင်အေး၊ဦးအောင်မြသိန်း-ဒေါ်သီတာစိုး(ရွှေသဇင်ဂုန်နီကြိုးနှင့်ဂုန်နီအိတ်ရောင်းဝယ်ရေး)၊ လှိုင်သာယာနေ ဦးဘဆွေ-ဒေါ်ခင်ဝိုင်းမော်၊ ဦးနိုင်လင်းသိန်း(ဒုဦးစီးမှူး၊ ထွေ/အုပ်၊ မိုးညို)-ဒေါ်ခင်လေးနွယ်(ထွေ/အုပ်)၊ ဒေါ်ခင်စမ်းမာတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘောင်ရှင်သည် ၆-၁၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၄း၅၅နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၆လမ်း၊ အမှတ် ၁၁၀ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၆လမ်း၊ အမှတ် ၁၁၀နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းသောင် (မြင်းခေါင်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် ၂၇၀/ဃ၊ (၅)ရပ်ကွက်နေ (ဦးဘိုးနွဲ့-ဒေါ်ဂျမ်းကြီး)တို့၏သား၊ (ဦးဘရှင်-ဒေါ်ဆိုင်)တို့၏သားသမက်၊ (ဒေါ်တင်ဌေး)၏ခင်ပွန်း၊(ဦးလှမြင့်အေး၊ကျောင်းအုပ်ဆရာကြီး၊ငြိမ်း၊ မ/ဒဂုံ၊ အထက-၃)-ဒေါ်ခင်ဝင်း(အလပြ၊ငြိမ်း)၊ ဦးဝင်းနိုင်-(ဒေါ်မြင့်မြင့်အေး၊ အလပြ၊ငြိမ်း)၊ ဦးဆန်းလွင်(မဟာမြိုင်ဆေးရုံ) - ဒေါ်ခင်မာအေး(ကထိက၊ ငြိမ်း၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဒေါ်ခင်မာလေး၊ (ဦးစန်းမြင့်ထွန်း)-ဒေါ်အေးအေးဆွေ(အလပြ၊ငြိမ်း)၊ ဒေါ်သဉ္ဇာထွန်းတို့၏ဖခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၇-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးရှိန်မင်း
### ဦးစီးအရာရှိ(ငြိမ်း)၊အောင်ဆန်း(၈)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇီးကုန်းမြို့နယ်အသင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် ၆၅၃နေ (ဦးစောအနဲ-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးမခေါ်လ)-ဒေါ်ဖော်ရမ်မာခွန်တို့၏သားသမက်၊ ဒေါ် M ကော့နန်၏ခင်ပွန်း၊ ဦးနေလမင်း-ဒေါ်သိမ့်သိမ့်အိ၊ ဦးတင်ထွန်းဇော်-ဒေါ်ရတနာမင်း၊ ဦးဇော်လမင်း-ဒေါ်သန္တာစိန်၊ ဒေါ်ဒီဂီရှိန်မင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ခင်မာမာ
### တောင်ညွန့်(၃)ကျောင်းသူဟောင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ဇင်ယော် ၃လမ်း၊ အမှတ် ၂၆နေ (ဦးသန်းလှ၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ဇနီး၊ ကိုဇေယျာထွန်း-မဥမ္မာသန်း(ဝတီ လှာမြင့် ဆောက်လုပ်ရေး)၊ ကိုမွန်ဇာသန်း-မထက်ထက်မျိုး၊ ကိုအေးမင်းသန်း-မမေသဥ္ဇာဦး၊ ကိုနေအောင် - မမြတ်သန္တာစိုးတို့၏ မိခင်၊ မောင်ခန့်ကိုကို၊ မောင်ခန့်ညီညီ၊ မအိမွန်ဇင်၊ ပုံ့ပုံ့၊ ခြူးခြူးတို့၏အဘွားသည် ၇-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၀၀း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ပစ္စည်းလေးပါး ဒါယိကာမကြီး
## ဒေါ်လှဲ့လှဲ့မြင့်
### (ကျောင်းအုပ်ကြီး)
### (အလက-၅၊ ထခွဲ-လှိုင်သာယာ)
### အထက(၅)ဗိုလ်တထောင်
### အထက(၁)ဗဟန်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏနေ (ဦးအေးမြင့်)-ဒေါ်တင့်တို့၏သမီး၊ရမည်းသင်းမြို့နေ(ဦးအချောင်-ဒေါ်ကျင်ပွား)တို့၏ချွေးမ၊ ဦးစိုးမင်း၏ချစ်လှစွာသောဇနီး၊ (ဦးအုန်းလွင်) - ဒေါ်ဆွေဆွေဦးတို့၏ညီမ၊ ဦးဘုန်းမြင့် - ဒေါ်မြင့်မြင့်စန်း၊ ဦးစန်းလွင်-ဒေါ်မြင့်မြင့်သန်း၊ ဦးစောမောဒို-ဒေါ်ခင်တိုးတိုးမြင့်၊ ဒေါ်လွင်မာမြင့်၊ ဦးတက်နေထွန်း-ဒေါ်ဥမ္မာမြင့်၊ ဦးဟိန်းသွင်မြင့်တို့၏အစ်မ၊ မောင်ဇော်ဇော်ဦး၊ မမြတ်မြတ်သော်၊ မောင်ထွန်းအောင်ကျော်-မမြတ်မွန်မွန်၊ မမြင့်မြတ်ဖွေး၊မကေဇာဦး၊မသုသုစံတို့၏အဒေါ်၊ မောင်လင်းအိမ်သစ်၏ အဘွားသည် ၇-၁၁-၂၀၁၅ရက် နံနက် ၀၀း၂၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မကျော့စိန်
### အသက်(၈၆)နှစ်

စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ ရွာကြီးလမ်းနေ ဦးဦးကျော်ဇံ (မြရုပ်ရှင်ရုံ)၊ မန်နေဂျာ(ငြိမ်း)-ဒေါ်မြခိုင်ဦး]တို့၏သမီး၊ [ဦးကျော်ထွန်းဦး (ခရိုင်စုမှူး၊ငြိမ်း၊ တိ/မွေးကု)]၏ဇနီး၊ ဒေါ်ခင်စန်းဝေ (အလပြ၊ အထက-၄၊ စစ်တွေ)၊ ဦးကျော်ကျော်လှိုင်(ကျောင်းဆရာ၊ ငြိမ်း)-ဒေါ်မသန်းနု၊ ဒေါ်ကြာဇံလှ(အလက-၁၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်)၊ ဦးဇော်ဇော်နိုင်(ထောင်မှူး၊ မာလာဖူးကျောက်ထုတ်စခန်း၊ ဘားအံမြို့)၊ ဦးစောရွှေမောင်(ကုန်သည်)-ဒေါ်နုဖြူချော(အမက၊ ကျောင်းအုပ်၊ ချိုလှိုင်ပင်ကျေးရွာ၊ စစ်တွေ)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘောင်ရှင်၊ မြစ်သုံးယောက်တို့၏အဖီးရှင်သည် ၅-၁၁-၂၀၁၅ရက်ညနေ ၅း၀၅နာရီတွင်ဘားအံအထွေထွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ဘားအံမြို့ ထန်းကိုးပင်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ရက်တွင် မာလာဖူးကျောက်ထုတ်စခန်း ဦးဇော်ဇော်နိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးသွင်
### ဌာနခွဲမှူး(ငြိမ်း)၊ စက်မှု(၁)
### အသက်(၈၆)နှစ်

(ဦးစစ်တီး-ဒေါ်တင်ဦး)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာလမ်းသွယ်၊ ၂၈လမ်း၊ အမှတ် ၂၈၀နေ [ဦးထွေးမြင့် (ဝါရင့်နိုင်ငံရေးသမားကြီး)]၏ ဇနီး၊ ဒေါ်ဘေဘီ၏ညီမ၊ (ဦးဆန်းမြင့်ဦး)၊ ဦးစန်းမြင့်အေး၊ ဦးအောင်ဒင်-ဒေါ်မိမိထွေးမြင့်တို့၏မိခင်၊မောင်ပိုင်ဖြိုးအောင် (O/S) MV. "AKTEA" GOLDEN EAGLE SHIPPING CO.,၏ အဘွားသည် ၆-၁၁-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်ယုံ
### အသက်(၇၉)နှစ်

လက်ပံတန်းမြို့၊ (၁)လမ်းနေ [ဦးအခင် - ဒေါ်စိန်သန်း (ကျားစတိုး)]တို့၏ချွေးမ၊ လက်ပံတန်းမြို့၊ ရေကြည်တိုက်ကျောင်းနေ (ဦးထွန်းသ-ဒေါ်မေရှင်)တို့၏သမီး၊ (ဦးတင်ရွှေ)၏ဇနီး၊ ဟင်္သာတမြို့နေ ဦးခင်မောင်သန်း-ဒေါက်တာလှလှမူ (မြသဇင်ဆေးခန်း)၊ ဦးစန်းအောင်(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်)-ဒေါ်သန်းသန်းအေး(စာယူနွယ် ပညာရေးဝန်ဆောင်မှု၊ စမ်းချောင်း)၊ ဦးမြင့်သိန်း - ဒေါ်ဆိုင်းညွန့်(ခ)ဒေါ်စံပယ်ထွန်း(ရာစုသစ်စတိုး၊ တ/ဥက္ကလာပ)၊ (ဦးမြင့်ဇော်)-ဒေါ်ခင်မြင့်ဦး၊ ဦးလှထွေး-ဒေါ်သီတာရွှေ၊ (ဦးမြတ်လင်းရွှေ) - ဒေါ်တင်တင်မြို့ (Linn Htet Engineering Group)၊ ဦးဇော်မင်းထွန်း(သတင်းတပ်ဖွဲ့၊ ကျိုင်းတုံ)-ဒေါ်စန္ဒာဝင်းတို့၏မိခင်၊ (ဟန်မင်းသန့်)၊ ဟန်လင်းဆန်း၊ လင်းကိုကိုအောင်၊ ဒုတိယဗိုလ်မှူးကြီး သော်တာထွေး-မမေသင်းနိုင်(MA English)၊ကိုကျော်လင်းနိုင်(MFMA)-ဒေါက်တာမိုးနန္ဒာအောင်(Save the Children)၊ ကိုမိုးဆက်ယံ(MSF-Holland)-မခင်သန္တာမြင့်၊ ကိုပြည်သိန်းကျော် (စာယူနွယ်ပညာရေး)-မမြခိုင်ခိုင်ထွေး၊ ကိုအောင်ပြည့်ဖြိုးကျော်-မမိုးမိုးဇော်၊ ပိုင်ဇော်၊ သဲဆုဇော်၊ ပိုင်ပိုင်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၁၅၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျောင် (ဟင်္သာတမြို့)
### K မိသားစု ရောင်းဝယ်ရေးနှင့် ကျောက်တိုင် သာကူစေ့
### အသက်(၉၇)နှစ်

(ဦးလင်ဂျုတ်ကန်-ဒေါ်စိန်)တို့၏သား၊ (ဒေါ်ရှုခင်)၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းသိန်း-ဒေါ်ခင်ကြည်ကြည်၊ဟင်္သာတမြို့နေ ဦးဝင်းလတ်-ဒေါ်မြင့်မြင့်သန်း၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးသွင်-(ဦးတိန်ကော့ဘိန်)တို့၏ဖခင်ကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၆-၁၁-၂၀၁၅ရက်(သောကြာနေ့)ည ၉း၀၅နာရီတွင် ရန်ကုန်မြို့ အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ဟင်္သာတမြို့ ကြက်သွန်ရိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးကြည်(ကနီ) အသက်(၈၂)နှစ်
**B.A, Dip.Ed (Eng:)**
### ပညာရေးမှူး(ငြိမ်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နေ(ဦးအောင်စိန်-ဒေါ်မိုးညွန့်)တို့၏သား၊ (ဦးစံသိန်း-ဒေါ်မေ)တို့၏သားသမက်၊ မုံရွာမြို့၊ အောင်ချမ်းသာမြို့သစ်ရပ်၊ ယူကလစ် ၉လမ်းနေ ဒေါ်မြကြည်(အလပြ၊ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်မှူးတင်အောင်ထွန်း(ငြိမ်း)-ဒေါ်ပပကျော်(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးသက်ထွန်းအောင်-ဒေါ်ခင်လေးတင့်(အလပြ)၊ ဦးမြင့်ထွန်း-ဒေါ်မူမူဆွေ(အလပြ)၊ ဒေါ်ခင်လေးဆင့်(အလပြ)၊ ဦးမြတ်လင်းထွန်း(E/O-FG)-ဒေါ်ခင်ညိုသက်(အထက်တန်းသူနာပြု)၊ ဦးမြတ်မင်းထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၅း၃၀နာရီတွင် မုံရွာမြို့ ရွှေတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးဟန်ထွန်း (စာရေးဆရာ၊ ဦးဟန်ထွန်း-အခွန်)
### တင့်ဇော်ထွန်းအောင်
### ဒု-ညွှန်မှူး(ငြိမ်း)၊ ပြည်တွင်းအခွန်
### အသက်(၇၂)နှစ်

ရေနံချောင်းမြို့၊ညောင်လှရပ်နေ(ဦးကံမြင့်-ဒေါ်ခင်မေ)တို့၏သား၊ (ဦးလှရွှေ-ဒေါ်လှရင်)တို့၏သားသမက်၊ ဦးမြင့်မောင်ထွန်း-ဒေါ်တင်မေဦးတို့၏အစ်ကိုကြီး၊ ဒေါ်စမ်းစမ်းအေး(ရတနာ့ဂုဏ်ပုံနှိပ်တိုက်)၏ခင်ပွန်း၊ ဦးလိုင်လင်း-ဒေါ်အေးစန္ဒီ၊ ဦးတင်ထွန်းနိုင်-ဒေါ်မြသာကြည်၊ ဦးအောင်သုဟန်- ဒေါ်ညိုမီအောင်၊ မလှိုင်ဝေလွင်တို့၏ဖခင်ကြီး၊ မထက်မြတ်ဝေ၊ မောင်ကောင်းခန့်ထွန်းတို့၏ဘိုးဘိုးကြီးသည် ၇-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၆း၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေများအား သိစေအပ်ပါသည်။ (အမှတ် ၅၁၊ မြေညီ၊ လမ်း ၁၄၀၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းထွန်း အသက်(၈၄)နှစ်
### (ဒေးဒရဲမြို့နယ်အသင်းဝင်)
### မြန်မာ့ရေနံအကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊သုမန ၄လမ်း၊အမှတ် ၆၉၀နေ (ဦးဘသင်-ဒေါ်မြင့်)တို့၏သား၊ (ဦးမောင်-ဒေါ်လှမေ)တို့၏သားသမက်၊ (ဦးထွန်းတင်)-ဒေါ်ခင်မကြီးတို့၏မောင်၊ (ဦးသန်းထွန်း-ဒေါ်အမာရီ)တို့၏ညီ၊ (ဦးသိန်းအောင်-ဒေါ်မြင့်မေ)၊ (ဦးတင်ရွှေ)-ဒေါ်ကြည်ကြည်မြင့်၊(ဦးလှထွန်း)-ဒေါ်ခင်ဆွေဦးတို့၏အစ်ကို၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးထွန်းဝင်း-ဒေါ်ခင်သန်းဦး၊ ဦးဇော်သန်း-ဒေါ်ခင်မျိုးဝင်း၊ ဦးမြင့်ဝင်း-ဒေါ်ခင်မေသိန်း၊ ဦးခင်မောင်ရင်-ဒေါ်သီတာဦးတို့၏ဖခင်၊ ဦးအောင်နိုင်ဦး၏ဘကြီး၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၆-၁၁-၂၀၁၅ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း
### (အထက်တန်းကျောင်းအုပ်ကြီး၊ငြိမ်း)
### ကန်တော့ခံဆရာကြီး
### အထက(၂)စစ်ကိုင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်နေ ဦးဘိုဟိန်း-(ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်ခင်နွဲ့ခိုင်၏ခင်ပွန်း၊ ဒေါ်ခိုင်သွယ်ဇင်ဦး၊ ဦးဝဠာဝင့်-ဒေါ်ဝိုင်းမို့ဖြူ၊ ဦးဝေဖြိုးဝင့်-ဒေါ်သန္တာအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဦးနေဝင်း၊ ဦးအောင်မင်း-ဒေါ်တင်တင်ဆွေ၊ (ဦးဇော်ဝင်း)၊ ဒေါ်တင်တင်မြင့်၊ ဦးသိန်းလွင်-ဒေါ်ဝင်းမာချို၊ ဦးအောင်ဆန်းဝင်း-ဒေါ်ချိုချိုသင်း၊ ဒေါ်နွယ်နွယ်လွင်တို့၏ အစ်ကိုကြီးသည် ၆-၁၁-၂၀၁၅ရက် (သောကြာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် အမှတ်၃၀၊ပထမထပ်၊မြလမ်း၊ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အမော်(ခ)လီမော်နှီး
### (သန်လျင်)
### အသက်(၇၇)နှစ်

ပြည်မြို့၊ လမ်းမတော်လမ်းနေ (ဦးအလောက်-ဒေါ်ဟန်)တို့၏ သမီး၊ သန်လျင်မြို့၊ဒါရိုကာရပ်ကွက်၊စာတိုက်လမ်း၊ အမှတ် ၁နေ [ဦးမင်းဝေ(ခ)ဦးကျင်ဖောင်]၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်မြင့်မြင့်ရီ၊ ဦးရဲလတ်ဝင်း-ဒေါ်ဝင်းမင်းမြတ်၊ မဇင်ဝင်းထက်၊ မယဉ်မင်းဟန် (UAE) တို့၏မိခင်၊ မောင်သုတဉာဏ်၊ မယွန်းမြတ်သွယ်၊ မောင်မင်းခန့်သူတို့၏အဘွားသည် ၇-၁၁-၂၀၁၅ရက် (စနေနေ့)နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး
## ဒေါ်ထွေးကြည်
### (ဓတု-၃၊ ငြိမ်း)
### အသက်(၇၄)နှစ်

(ဦးလွန်းမောင် - ဒေါ်ငြိမ်းမယ်)၊ (ဦးမောင်ရှိန် - ဒေါ်လှခင်)တို့၏သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးတင်ဝင်း)-ဒေါ်ခင်သန်းခိုင်၊ စဥ့်ငူရပ်ကွက်နေ ဦးသောင်းညွန့်(သ/မဦးစီး၊ငြိမ်း)-ဒေါ်ခင်ခင်လေးတို့၏အစ်မ၊ ရွှေပြည်သာမြို့နယ်နေ (ဦးညွန့်မောင်)-ဒေါ်ညွန့်ကြည်၊ စဥ့်ငူရပ်ကွက်နေ (ဦးခင်ရွှေ)-ဒေါ်မြ၊ ဖော့ကန်ရပ်ကွက်နေ ဦးခင်မောင်တိုး - ဒေါ်ဝင်းဝင်းသန်း၊ စဥ့်ငူရပ်ကွက်နေ ဦးအုန်းမြင့်-ဒေါ်ညိုညိုဝင်း၊ဦးသန်းဦး-ဒေါ်ချိုတို့၏အဒေါ်၊ ဦးရဲဝင်း-ဒေါ်ဝင်းလှိုင်၊ ဦးအောင်နိုင်သန်း - ဒေါ်ခင်မာအေး (Perfect Beauty Star)၊ ဦးလှဝင်း-ဒေါ်နှင်းမြ၊ ဦးထွန်းထွန်းဦး-ဒေါ်စန္ဒာအေး၊ ဦးလှမင်း(လျှပ်စစ်ပြုပြင်) - ဒေါ်မာမာဦးတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ စဥ့်ငူရပ်ကွက်နေ ဦးကြည်ညွန့်(ကပစ၊ငြိမ်း)၏ဇနီးသည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ် ၈၇၈၊ ကျော်ဇေယျာလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန် ဦးကြည်ညွန့်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြစ်သာမြစ်ရေလှောင်တမံ ဘက်စုံစီမံကိန်း လာမည့် ၂၀၁၇ တွင် ပြီးစီးမည်



တည်ဆောက်ဆဲ မြစ်သာရေလှောင်တမံ

**ဂန့်ဂေါ နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်း တည်ဆောက်လျက်ရှိသော မြစ်သာရေလှောင်တမံ စီမံကိန်းကို လာမည့် ၂၀၁၇ ခုနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်သာမြစ်ရေလှောင်တမံ စီမံကိန်းကို ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် တောင်မှမြောက်သို့ ထူးခြားစွာစီးဆင်းနေသည့် မြစ်သာမြစ်ကို ပိတ်၍ တည်ဆောက်ထားသောဆည်ဖြစ်သည်။ မြစ်သာရေလှောင်တမံကို ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (၃)ရုံး မကွေးတည်ဆောက်ရေး (၈)က တာဝန်ယူ၍ ၂၀၁၃ ခုနှစ်မှ စတင်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြစ်သာမြစ်ရေလှောင်တမံအမျိုးအစားမှာ ဇုန်အမျိုးအစားဖြစ်သည်။ တမံအမြင့်မှာ ၂၀၅ပေ၊ တမံအလျားပေ ၃၀၀၅၀၊ ပင်မတမံ ပေ၂၆၀၀၊ ကုန်းကျောတမံတစ်ခု ပေ၂၇၄၅၀၊ တမံအမြင့် RL ပေ ၁၀၃၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၇၇၆၀၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ ၅၇၈၈ ဧက၊ ရေလွှဲမြောင်း အလျားပေ ၁၂၅၀၀၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ✻

## နယူးကာဆယ်တို့ အဝေးကွင်းတွင် အနိုင်ရ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၁၂) အစောဆုံးပွဲစဉ်အဖြစ် ဘုန်းမောက်နှင့် နယူးကာဆယ်ပွဲသည် နိုဝင်ဘာ ၇ ရက် (စနေနေ့)ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်အသင်းအဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**




အိမ်ရှင် ဘုန်းမောက်အသင်းသည် ၄-၄-၁-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဧည့်သည် နယူးကာဆယ်မှာ ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ အိမ်ရှင် ဘုန်းမောက်အသင်းသည် ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိပြီး ဂိုးပေါက်ကန်သွင်းခွင့်လည်း အများဆုံး ရရှိခဲ့သည်။ ဧည့်သည် နယူးကာဆယ် အသင်းသည် ဂိုးပေါက်ကန်သွင်းခွင့် တစ်ကြိမ်သာ ရရှိခဲ့ပြီး ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ နယူးကာဆယ်၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် တိုက်စစ်မှူး ပီရက်ဇ်က သွင်းယူခဲ့သည်။

တန်းဆင်းဇုန်မှ ရုန်းကန်နေရသည့် အသင်းနှစ်သင်းတွေ့ဆုံမှုအပြီးတွင် အိမ်ရှင်ဘုန်းမောက်မှာ ရမှတ် ရှစ်မှတ်သာရရှိထားပြီး နယူးကာဆယ်မှာ ရမှတ် ၁၀ မှတ် ရရှိခဲ့ပြီဖြစ်သည်။

**သီဟ**

## ဗီယက်နမ်ဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ ချန်ပီယံဆုအတွက် မြန်မာနှင့် ဟိုချီမင်းစီးတီးအသင်းတို့ ယနေ့ကစားမည်

ဗီယက်နမ်အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲအုပ်စု နောက်ဆုံးနေ့ပွဲစဉ်များကို နိုဝင်ဘာ ၈ ရက်(ယနေ့) ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ- ၂၀ အမျိုးသမီးအသင်းနှင့် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအမျိုးသမီးကလပ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပနေခြင်းကြောင့် နှစ်ပွဲစီ အနိုင်ရထားသော မြန်မာအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့မှာ အဆုံးအဖြတ်ဖြင့် ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်ကလပ် FEU အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဟောင်ကောင်လက်ရွေးစင်အသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားပြီးဟိုချီမင်းစီးတီးကလပ်အသင်းသည် ဟောင်ကောင်လက်ရွေးစင်အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ FEU အသင်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဟိုချီမင်းစီးတီးအသင်းတို့သည် ခြောက်မှတ်စီရရှိထားသော်လည်း ဂိုးကွာခြားချက်တွင် ဟိုချီမင်းစီးတီးအသင်းက အသာရထားရာ မြန်မာအသင်းအနေဖြင့် ချန်ပီယံဆုအတွက် မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်သည် ယခုလအတွင်း နိုင်ငံတကာပြိုင်ပွဲဆက်တိုက်ကျင်းပလျက်ရှိပြီး ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆုကြေးများအဖြစ်

*စာမျက်နှာ ၁၂ ကော်လံ ၅* ■

မြန်မာ့အလင်း Gmail mmalin.npt @ gmail.com www.facebook.com/MYANMAALINNEWS

